

ဒုတိယအကြိမ်

# ဂျာနယ်ကျော် စီးဆင်းမှု

ဂျာနယ်ကျော်ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေး၊ မောင်သိန်းတန်၊
ဒေါက်တာခင်လေးမြင့်၊ မိုးဟိန်း(သင့်)၊ သိမ်းစိုး

အပျက်အစီးများ၏ကြားမှ နိုင်ငံတော်သစ်ကြီးတစ်ခုကို ပျိုးထောင်ခြင်းမှာ ကျွန်ုပ်တို့ လူမျိုး၏ ရာဇဝင်တွင် အဆန်းအသစ်မဟုတ်ချေ။ ယင်းသို့ အဆန်းအသစ် မဟုတ်သည် မှန်သော်လည်း ပြုစုပျိုးထောင်ရာ၌ကား တစ်ကြိမ်နှင့်တစ်ကြိမ် ကောင်းစွာမတူလှချေ။

ဂျာနယ်ကျော်ဦးချစ်မောင်

တောမှာကွယ်၊ ကျွဲတွေ၊ နွေး၊ ဝက်၊ ဘဲ၊ ကြက်၊ ကြောင်တွေ၊ သစ်ပင်တွေ ဆေးကု ပေးချင်လို့ အဘ ဒီ ဓာတ်ဆေးချက်တယ်။ ဆေးချက်ပြီး ဒီဆေးနဲ့ တိရစ္ဆာန်တွေ၊ သစ်ပင်တွေ အသက်ရှင်စေခဲ့တယ်။ အဲဒီ ဆေးချက်တာ အရက်ချက်ပါတယ်လို့ အဘကိုဖမ်းပြီး အစိုးရက ဒဏ်ရိုက်တယ်။ ရပ်ကရွာက လူတွေက အရက်မဟုတ်ကြောင်း ဝိုင်းသက်သေခံကြပါရက်နဲ့ ကွယ် အဘမှာ အစိုးရအပြစ်ဒဏ် သင့်ခဲ့ရတယ်။ အဘတို့အမျိုးက အရှက်ကြီးတဲ့အမျိုး....

ဂျာနယ်ကျော်မမလေး

ကားထဲမှာ ဆရာဦးဉာဏက ကျွန်တော့်စိတ်ကို အတတ်သိနေသလိုပဲ ...ဟော့ကောင် ကျောင်းမနေချင်ရင် ကျောင်းမနေနဲ့... အိမ်က ပြေးချင်တဲ့ စိတ်ပါရှိနေရင် ပြေး...စိတ် အထိခိုက်ခံပြီး ဒုက္ခရှာမနေနဲ့..ပြေးရင်းနဲ့ လောကဗဟုသုတတွေ ရမယ်လို့ ပြောတယ်..

မောင်သိန်းတန်

မိသားစုပြဿနာကြောင့်လို့ ထင်တာပဲ။ တစ်ဦးနဲ့ တစ်ဦး စပါးအကြွေးပေးစရာရှိတဲ့ ကိစ္စ ကနေ အခုလိုဖြစ်ရတာပဲ။ သိပ်တော့မသဲကွဲဘူး။ အတိအကျ မသိရဘူး။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးတော့ သူ့ရဲ့ညီဝမ်းကွဲကို ဆိတ်သတ်တဲ့ မိုန်းနဲ့ "ဇစ်" ဆိုပြီး ထိုးသတ်လိုက် တယ်လို့ သိရတယ်။ ဆိတ်ကို မင်းဘယ်လိုသတ်တယ် ဆိုတာ သိတယ်မဟုတ်လား...

ဒေါက်တာခင်လေးမြင့်

ကလောင်ကို စေစားတဲ့ လက်လေး၊
နေပူပူ မိုးရွာရွာ ကြမ္မာဘယ်သို့လာ၊
လာစမ်းပါ တာဝန်ကိုတော့ မတွန့်ဆုတ်၊

မိုးဟိန်း(သင့်)

"ချောင်းရိုး မြောင်းရိုးသာ တိမ်ကောတယ်၊ မျိုးရိုးမတိမ်ကော" ဟု ဆိုရိုးစကားရှိပေရာ လာလတ္တံ့သော အနာဂတ်၌ ဂျာနယ်ကျော်မျိုးဆက်တို့သည် ရှင်သန်ပေါ်ပေါက်နေဦးမည်သာ...

သိမ်းစိုး(သီဟရတနာ)

mml0034
3500.00 Ks

mgyoe.com

ဂျာနယ်ကျော်စီးဆင်းမှု၊
စာမျက်နှာ ၃၂၆ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဧပြီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၂ သီဟရတနာစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဂျာနယ်ကျော်စီးဆင်းမှု

ဂျာနယ်ကျော်ဦးချစ်မောင်၊ ဂျာနယ်ကျော်မမလေး၊
မောင်သိန်းတန်၊ ဒေါက်တာခင်လေးမြင့်၊
မိုးဟိန်း(သင့်)၊ သိမ်းစိုး(သီဟရတနာ)

ဒုတိယအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဂျာနယ်ကျော် ဦးချစ်မောင်

(က) နိုင်ငံတော်သစ်သို့ ၃

(ခ) ဘကြီးကျန်း ၂၃

(ဂ) ဩော် ဘယ်ရှေးကံ ၃၆

(ဃ) စာဆိုတော်နေ့ကြီး ၄၆

၂။ ဂျာနယ်ကျော်မမလေး

(က) အမေ ၅၁

(ခ) လမ်းနှစ်ခွ ၈၉

(ဂ) သာသောအခါ သာပါလိမ့် ၁၂၁

(ဃ) ဟီရိုရှီးမား ၁၅၃

(င) ၈ နာရီ၊ ၁၅ မိနစ် ၁၈၈

၃။ မောင်သိန်းတန်

(က) အိမ်ပြေး ၂၀၇

(ခ) မျက်နှာနှစ်ခု ၂၃၃


mgyoe.com

mgyoe.com

၄။ ဒေါက်တာခင်လေးမြင့်
(က) ပါရီမြို့တော်ကြီး ပျက်စီးလုပြီလော ၂၄၃
(ခ) ညှော်သည် ၂၄၈

၅။ မိုးဟိန်း(သင့်)
(က) ပို၍ပို၍သိလာရသော
အုတ်ဖိုသားတစ်ယောက်အကြောင်း ၂၇၄
(ခ) ဖြည့်ပြောစကား ၂၈၄
(ဂ) ပထမတစ်ဆစ်ချိုး ၂၈၉
(ဃ) စေတနာ မေတ္တာ ရုပ်ပုံလွှာ ၃၀၁

၆။ သိမ်းစိုး (သီဟရတနာ)
(က) ဘွားမေ ၃၁၁
(ခ) ကျွန်တော်တို့မျိုးရိုး ၃၁၈

❑

mgyoe.com

mgyoe.com



ဂျာနယ်ကျော် ဦးချစ်မောင်

mgyoe.com

mgyoe.com

# နိုင်ငံတော်သစ်သို့

## အခန်း (၁)

ယခုအခါတွင် ကျွန်ုပ်တို့သည် နိုင်ငံတော်သစ်ကြီးတစ်ခုကို မီးဟုန်းဟုန်းတောက်လောင်နေသည့် အပျက်အစီးများအကြား၌ ပြုစုပျိုးထောင်လျက်ရှိကြလေသည်။ ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ယခင်က အကောင်းပကတိတည်ရှိခဲ့သော ရွာများ၊ မြို့များ၊ လမ်းများ၊ အဆောက်အဦများ၊ သဘာဝအလျောက်ဖြစ်နေသော သယံဇာတဝတ္ထု၊ ဥတုရာသီအလျောက်ဖြစ်နေသော သစ်တောများသည် ကမ္ဘာပေါ်တွင် မဖြစ်ဖူးမြဲ ထူးကဲပြင်းထန်သောစစ်ကြီးတစ်ခု၏ဒဏ်ကို အသီးသီးခံယူကြရကာ အချို့မှာ လုံးဝ ကွယ်ပျောက်သွားကြရလေပြီ၊ အချို့လည်း ယခုတိုင် အလျှံကြီးမားသည့် မီးတောက်များအကြားဝယ် လျင်လျားစွာ လောင်ကျွမ်းဆဲဖြစ်နေကြလေပြီ။ အချို့လည်း စစ်ကြီး၏ ကျရောက်လတ္တံ့သောဒဏ်ကို အလှည့်ကျခံယူရန် အသင့်စောင့်ဆိုင်းလျက်ရှိနေကြလေသည်။ ဤကဲ့သို့သော အပျက်အစီးများ၏ ကြားမှပင် နိုင်ငံတော်သစ်ကြီးတစ်ခုသည် စစ်မီး၏အကျိုးကိုခံယူကာ ပေါ်ထွက်လာရန် အားယူလျက်ရှိလေသည်။ ထိုပေါ်ထွက်လာရန် အားယူလျက်ရှိသော နိုင်ငံတော်သစ်ကြီးကို ခိုင်ခံ့ထူထဲပုံပန်းကျနစွာ ပုံသွန်းပျိုးထောင်ပြုစုရန်မှာ ကျွန်ုပ်တို့၏ လောလောဆယ်လုပ်ငန်းကြီးပင် ဖြစ်လေသည်။

အပျက်အစီးများ၏ကြားမှ နိုင်ငံတော်သစ်ကြီးတစ်ခုကို ပျိုးထောင်

mgyoe.com

mgyoe.com


ခြင်းမှာ ကျွန်ုပ်တို့လူမျိုး၏ ရာဇဝင်တွင် အဆန်းအသစ်မဟုတ်ချေ။ ယင်းသို့ အဆန်းအသစ်မဟုတ်သည်မှန်သော်လည်း ပြုစုပျိုးထောင်ရာ၌ကား တစ်ကြိမ်နှင့်တစ်ကြိမ် ကောင်းစွာမတူလှချေ။ တူညီသောအချက်ပေါင်းများစွာ ပင်ရှိသော်လည်း မတူညီသည့်အချက်များလည်း များစွာပင်ရှိလေသည်။ ထိုသဘောရပ်များကို ကျွန်ုပ်တို့သည် ကောင်းမွန်ရှင်းလင်းပြတ်သားစွာ သိမြင်ဖို့ ယခုအချိန်တွင် အထူးအားဖြင့် လိုအပ်လှလေသည်။

အနော်ရထာမင်းစောခေါ် သီရိအနုရုဒ္ဓဒေဝ(၃၇၉–၄၂၁) သည် ပထမနိုင်ငံတော်ကြီးကို လက်မွန်မဆွ ပထမကနဦး ထူထောင်ခဲ့သည့် ပုဂ္ဂိုလ်ကြီးဖြစ်လေသည်။ ထိုပထမနိုင်ငံတော်ကြီးကို ထူထောင်ရသည့်လုပ်ငန်းမှာ မသေးငယ်သည့်အပြင် ခေတ်အခါနှင့်ရှိုင်းစာလျှင် ကျွန်ုပ်တို့နိုင်ငံတော်တွင် သာမဟုတ်။ အခြားပြည်နီးပါးချင်းများအနက်တွင်ပင် အလွန်ကြီးကျယ်သည်ဟု ဆိုရပေလိမ့်မည်။ အလွန်အမြင်ကျယ်သည့်အလျောက် အလွန်ပင် ထိရောက်ကာ ကျွန်ုပ်တို့နိုင်ငံတော်ကြီး၏ မပျက်မစီး မယိုယွင်းနိုင်သော အခြေခံပန္နက်အုတ်မြစ်ကြီးကို အခိုင်အခံ့ ချပေးခဲ့ပေသည်ဟူ၍လည်း ဆိုရပေလိမ့်မည်။ ယခုအချိန်တိုင်အောင် မြန်မာနိုင်ငံတော်(၁) ဟူ၍ ကမ္ဘာတစ်ဝန်းတွင် ဂုဏ်ယူနေရသော အနော်ရထာမင်းစော လက်မွန်မဆွ အခြေစိုက်

---

(၁) ၁၂၄၇–ခုနှစ်၊ သီပေါမင်းတရား အင်္ဂလိပ်တို့ဖမ်းယူ၍ မြန်မာ့နန်းရိုးပြတ်သည် အထိ နိုင်ငံတော်မှာ မြန်မာနိုင်ငံတော်ဟူ၍ ခေါ်တွင်လေသည်။ ထိုအချိန်မှသည် ၁၃၀၄–၅ ခုနှစ်အထိ အင်္ဂလိပ်တို့သိမ်းပိုက်ထားစဉ် မြန်မာပြည်ဟူ၍ တွင်လေသည်။ နိပွန်တို့ဝင်ရောက်လာပြီးနောက်။ ကျွန်ုပ်တို့၏ လွတ်လပ်ရေးကို အသိအမှတ်ပြုသဖြင့် လွတ်လပ်သည့်နိုင်ငံတစ်နိုင်ငံအနေဖြင့် ၁၃၀၅–ခု၊ ဝါခေါင်လ ( )ရက်။ ၁၉၄၃–ခု ဩဂုတ်လ ၁–ရက်နေ့မှစ၍ ကမ္ဘာကို ကြေညာရာတွင် "မြန်မာနိုင်ငံတော်"ဟူ၍ ဖြစ်လာလေသည်။ ၁၉၄၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် မဟာမြန်မာဟူသောစကားနှင့် မဟာမြန်မာအစည်းရုံးကြီးဟူ၍ ပေါ်ပေါက်လာသော်လည်း နိုင်ငံတော်မှာမူ "မြန်မာနိုင်ငံတော်"ဟူ၍ပင် တွင်ရလေသည်။ ၁၃၀၅–ခုနှစ် ဥပဒေအမှတ် ၁– မြန်မာနိုင်ငံတော်အုပ်ချုပ်ရေးစည်းမျဉ်း ပြုလုပ်သော ဥပဒေအပိုဒ်၁–တွင် "မြန်မာနိုင်ငံတော်သည် လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာနှင့် ပြည့်စုံသောနိုင်ငံတော်ဖြစ်ရမည်"ဟု အတိအလင်း ဆိုထားသည်။

mgyoe.com

ချထားပေးခဲ့သော နိုင်ငံတော်ကြီးသာဖြစ်လေသည်။ ယခုအချိန်အထိ "မြန်မာ" သို့မဟုတ် "ဗမာ" ဟူ၍ ဂုဏ်ယူနေရသောအရာမှာ အနော်ရထာမင်းစော လက်မွန်မဆွ အခြေစိုက်ချထားပေးခဲ့သော နိုင်ငံကြီးမှ တစ်စုံတစ်ခုသော ဝတ္ထုပစ္စည်းမျှသာဖြစ်လေသည်။ အနော်ရထာမင်းစော၏ နိုင်ငံတော်ကြီးမှာ ဆက်ခံစိုးစံသောမင်းစဉ် မင်းဆက်တို့၏ အရည်အချင်းနှင့်တကွ ကာလ– ပယောဂတို့ကိုလိုက်၍ နှစ်ပေါင်း ၂၅၀ ခန့်သာခံသော်လည်း အနော်ရထာ မင်းစော၏လက်ငုတ်လက်ရင်းလက်ရာဖြစ်သော လုပ်ငန်းပေါင်းများစွာတို့မှာ ရှည်လျားသော အနှစ် ၉၀၀–၁၀၀၀ အချိန်ကာလ၏ဒဏ်ကိုသာမဟုတ်၊ ယခုတိုက်ခိုက်လျက်ရှိသည့် အလွန်သဲမဲ ပြင်းထန်ကြီးမားသည့် ကမ္ဘာစစ်ကြီး၏ဒဏ်ကိုပါခံနိုင်ပြီးလျှင် ရှေ့အဖို့ နှစ်ပေါင်းများစွာ ဆက်လက်တည်တံ့နေဦး မည့်အသွင်နှင့် ခွန်အားကို ကောင်းစွာဆောင်ယူလျက်ပင်ရှိနေသေးလေသည်။

နိုင်ငံတော်ကို ဒုတိယအကြိမ် ပြုစုပျိုးထောင်အောင်မြင်ထမြောက် ခဲ့သောပုဂ္ဂိုလ်မှာ ဘုရင့်နောင်ကျော်ထင်နော်ရထာအမည်တွင်သည့် ဟံသာ ဝတီဆင်ဖြူများရှင် (၉၁၂–၉၄၃)ဖြစ်လေသည်။ တစ်နည်းအားဖြင့် စိစစ် ကြည့်ရှုလိုက်သောအခါ ဘုရင့်နောင်၏ နိုင်ငံတော်ထူထောင်မှုမှာ အနော် ရထာမင်းစောလက်ထက်ကထက် ပိုမိုကျယ်ဝန်းလာခဲ့ပြီဖြစ်၍ ဖရိုဖရဲပြိုကွဲ ပျက်ပြားနေသော သဘောတရားတို့မှာ အနော်ရထာမင်းစော၏ လက်ထက် ကထက် ပိုမိုများပြားပြီးလျှင် ပိုမို၍ ကြီးကျယ်ပြတ်သားလာကြလေသည်။ အနော်ရထာမင်းစောမှာ မိမိတည်ထောင်လိုသောနိုင်ငံတော်ကြီးကို အေးချမ်း စွာ တည်ထောင်ခွင့်ရရှိခဲ့လေသည်။ ဘုရင့်နောင်၏လက်ထက်တွင်မူ ပြည် တွင်းပြည်ပ အနှောင့်အယှက်များကြားထဲမှ နိုင်ငံတော်ကို တလုံးတစည်း တည်းဖြစ်အောင် အားထုတ်ခဲ့ရလေသည်။ အနော်ရထာမင်းစောသည် နိုင်ငံ တော်ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ဖန်တီးခဲ့လေသည်။ ထိုသို့ အနော် ရထာမင်းစော ဖန်တီးခဲ့သည့် လူတစ်လုံးသူတစ်လုံး ပမာနှိုင်းရမည် ဖြစ်သော နိုင်ငံတော်မှာ ဘုရင့်နောင်ကျော်ထင်နော်ရထာ၏ လက်ထက်တွင် အတွင်း ရောဂါဝေဒနာတို့ ထွေလာရောယှက်၊ ကပ်နှိပ်စက်၍ ချမ်းသာကွက် မမြင်ဘဲ အလူးအလဲဖြစ်ကာ မြန်မာတည်းဟူသော ရုပ်လုံးပါ ပျောက်ပျက်ရတော့ မည်ကဲ့သို့ရှိနေလေရာ ဘုရင့်နောင်ကျော်ထင် နော်ရထာမှာ နိုင်ငံတော် လူမမာ

mgyoe.com

mgyoe.com


ကို ခွဲစိတ်လျက်၊ မကောင်းသောအသွေးအသား–မကောင်းသော ရောဂါပိုးမွှားတို့ကို ထုတ်ဖယ်ပစ်ပြီးလျှင် ပြည်တွင်းပြည်ပမှ ရရှိသည့် သွေးသစ်သားသစ်များဖြင့် သွန်းလောင်းဖြည့်စွက် ကုစားပေးခဲ့ရလေသည်။ သို့ဖြစ်၍ ဘုရင့်နောင်မှာ နိုင်ငံတော် လုံ့လပယောဂ ဝီရိယကို အမြစ်စိုက်ထုတ်ခြင်းအားဖြင့် နိုင်ငံတော်ကို လူကောင်းပကတိဖြစ်စေအောင် ပြန်လည်ထူထောင်ပေးခဲ့သော ပုဂ္ဂိုလ်ကြီးပင်ဖြစ်လေသည်။ အကယ်၍ ဘုရင့်နောင်သာ နိုင်ငံတော် လူမမာကို ခွဲစိတ်ကာ သွေးသစ်သားသစ် လောင်းပေးခဲ့စေကာမူ လူမမာကောင်းစွာ နာလန်ထသည့်တိုင်အောင် ကုစားဖို့အချိန်မရမီ သေလွန်ခဲ့လျှင်ဖြစ်စေ၊ နိုင်ငံတော်ကြီးမှာ ကိုယ့်ပြည်နီးချင်း တိုင်းပြည်တို့၏ အဝါးအမျိုကိုသာမဟုတ် မိုင်ပေါင်းများစွာ အလှမ်းကွာသည့် မျက်နှာဖြူတိုင်းပြည်[၁]၏အလွှမ်းအမိုးကို စောစောစီးစီး ဆိုးဆိုးဝါးဝါးခံယူရဖို့ ရှိခဲ့လေသည်။ ဘုရင့်နောင်၏ သွေးသစ်သားသစ်ထိုးလောင်း ထူထောင်ပေးခဲ့မှုကြောင့်သာ ထိုဘေးရန်များကို ကျော်နင်းလာနိုင်ခဲ့ခြင်း ဖြစ်လေသည်။

အနှစ် ၂၀၀ ကြာသောအခါအလောင်းမင်းတရားကြီးခေါ် ဦးအောင်ဇေယျ (၁၁၁၄–၁၁၂၂) သည် နိုင်ငံတော်ကြီးကို တတိယအကြိမ် ထူထောင်နေရပြန်လေတော့သည်။ ဦးအောင်ဇေယျ၏လုပ်ငန်းမှာ အနော်ရထာမင်းစောနှင့် ဘုရင့်နောင်ကျော်ထင်နော်ရထာတို့၏ လုပ်ငန်းထက်ပင် အဆပေါင်းများစွာ ခဲခက်ကြီးမားလှလေသည်။ ရန်သူသည် အိမ်ပေါ်သို့ အပြီးရောက်နေနှင့်လျက် အိမ်သားအားလုံးကို သူ့ကျွန်ပြုထားပြီး ရှိနေသည်ကို တွန်းလှန်ဖယ်ရှားရသည့်အခြေမှ၊ ထိုရန်သူကို နိုင်ငံတော်နယ်ပယ် အစွန်

---

(၁) ယခု ပေါ်တူဂယ်ခေါ် ရှေးက ပူတကေ–ပေါ်တူဂီခေါ်သော ဥရောပတောင်ပိုင်းအနောက်ဘက်အကျဆုံး ကျွန်းဆွယ်မှ တိုင်းပြည်ကို ဆိုလိုသည်။ ထိုပြည်ကားဇင်္ကာ ခေါ် ဖွင်ကာကူ(ဖိလစ်ဒီဘရစ်တို)သည် သံလျင်မှနေ၍ နိုင်ငံတော်ဆိပ်ကမ်းများနှင့် ဟံသာဝတီ–တောင်ငူ–မုတ္တမတို့ကို လက်ဝါးကြီး အုပ်တန်သလောက်အုပ်၍နေသည်တွင် အနောက်ဘက်လွန်မင်းတရားကြီး ဆင်းလာဖြိုဖျက်တွန်းလှန်ရလေသည်။

ကျွန်ုပ်တို့ခေတ်တွင် နိုင်ငံတော်အဓိပတိဖြစ်သော ဒေါက်တာဘမော် ပြောဟောနိုးဆော်သည့် "တစ်သွေးတည်း–တစ်သံတည်း–တစ်မိန့်တည်း" ဟူသော ကြွေးကြော်သံမှာ ဤသဘောတရားပင် စင်စစ်မူချဖြစ်လေတော့သည်။

mgyoe.com

အမြိတ်မှ တစ်ခါတည်း အဝေးသို့ ဖယ်ထုတ်ဖြိုနှင် လွှင့်စဉ်စေပြီးလျှင် နိုင်ငံတော်တွင် မြန်မာတို့ပေးအပ်သော သစ္စာကိုခံယူထိန်းသိမ်းမည်ဆိုက နိုင်ငံခြားသားပင်ဖြစ်စေကာ မြန်မာ၏ ကြည့်ရှုမ,စခြင်းကို ခံယူရရှိနိုင်ကြောင်း အထင်အရှားပြသခဲ့ရလေသည်။ မြန်မာ့သစ္စာကိုဖောက်ဖျက်က ချမ်းသာခွင့်လုံးဝမရနိုင်ကြောင်းကိုလည်း တစ်ခါတည်းဖြင့်မှတ်အောင် ပြတ်ပြတ်သားသား အရေးယူခဲ့လေသည်[၁] မြန်မာနိုင်ငံတော်ထဲတွင်ပင် တိုင်းရင်းသားများအဖို့ မြန်မာ့စာပေမှအပ အခြားစာပေစကားများ ကွဲပြားခြားနားရှိနေခဲ့လျှင် တိုင်းရင်းသားအချင်းချင်း အယူမတူ အနေအထိုင်မတူဘဲ ကွဲပြားသဖြင့် နိုင်ငံတော်အင်အားသာလျှင် ဆုတ်ယုတ်ဖွယ်ရာရှိချေသောကြောင့် စာပြိုင် စကားပြိုင် အယူပြိုင်တို့ကို အနိုင်ဖြိုခွင်း သုတ်သင်ပယ်ရှားခြင်း ပြုခဲ့ရလေသည်။ နိုင်ငံလည်းမြန်မာ၊ နိုင်ငံအတွင်းလူမျိုးရှိရှိသမျှလည်း မြန်မာစာလည်း တစ်စာ၊ လူလည်းတစ်မျိုး၊ မူလည်းတစ်မူတည်းသာဖြစ်အောင် ကျပ်တည်းထိရောက်စွာ အဘက်ဘက်က ကြိုးပမ်းထူထောင်ခဲ့လေသည်။[၂]

အလောင်းမင်းတရားကြီး၏ ရည်ရွယ်ချက်မှာ ယခု ကျွန်ုပ်တို့မျက်မှောက်၌ တစ်ဖက်နှင့်တစ်ဖက် ကိုယ့်ဝါဒသာ အနိုင်ရရာရကြောင်း တိုက်ဖျက်စစ်ထိုးနေကြသည့် ဥသျှံစစ် သို့မဟုတ် လုံးလုံးလျားလျားစစ် [၃]

---

(၁) အင်္ဂလိပ်တို့ကို အလောင်းမင်းတရားကြီးသည် ဟိုင်းကြီးကျွန်း၌နေခွင့်၊ ပုသိမ်နှင့် ရန်ကုန်မြို့များတွင် ကုန်တိုက်များ ဖွင့်ခွင့်တို့ကို ကောင်းစွာပေးထားပါလျက် သစ္စာတော်ကို မရိုသေ–မခန့်ညားဘဲ ရန်သူတော်တို့နှင့် သွယ်လှယ် ရောယှက်ရှုပ်ထွေးကြသဖြင့် ဟိုင်းကြီးကျွန်းသို့ လူစေလွှတ်ပြီးလျှင် အင်္ဂလိပ်တို့အား သတ်ဖြတ်ဖျက်ဆီးကာ သင်းတို့၏အမြောက်သေနတ်ကို သိမ်းယူစေခဲ့လေသည်။

(၂) သာသနာဘက်ကပင် တစ်မူတည်းကျင့်ကြဖို့ လုံ့လထုတ်ရန် မကျန်မကြွင်း မလစ်လပ်ခြင်းကို အလောင်းမင်းတရားကြီးဆရာတော်၏ မေတ္တာစာတစ်စောင်က သက်သေခံနေလေသည်။ ထိုစာကို တွေ့မြင်ဖတ်ရှုသူနည်း၍ နောက်ဆက်တွဲတွင် သီးခြားဖော်ပြလိုက်သည်။

(၃) သူကြေကိုယ်ကြေ တိုက်ဖျက်ရာ၌ သူ့အယူပျက်၍ ကိုယ့်အယူသာတည်တံ့ကြောင်း ကမ္ဘာကိုခြယ်လှယ်ရာ၌ ကိုယ့်အယူအတိုင်းသာ ဖြစ်စေရာဖြစ်စေကြောင်းအတွက် တစ်ဖက်ရန်သူကို လုံးဝဥသျှံဖြိုခွင်းဖျက်နင်းရန် ရည်ရွယ်သည့်စနစ်ကို ဆိုလိုသည်။ အင်္ဂလိပ်ဘာသာဖြင့် "total war" ဟူ၍ ခေါ်သည်။

mgyoe.com

mgyoe.com


မျိုး၏ ရည်ရွယ်ချက်အတိုင်း ဖြစ်မြောက်အောင်ပြုလုပ်ရာဝယ် အဘယ်မျှ တိုက်ခိုက်ရသည်၊ အဘယ်မျှ ဖြိုနှင်းရသည်၊ အဘယ်မျှစုစည်းရသည်၊ အဘယ်မျှအသစ်အခိုင် အမာပြုစုပျိုးထောင်ရသည် တို့ကို ရာဇဝင်က သက်သေခံနေလေသည်။ အလောင်းမင်းတရားကြီး၏ လုပ်ငန်းရည်ရွယ်ချက် မှာလွန်စွာကြီးမားခြင်းရှိခဲ့ရာ ထိုရည်ရွယ်ချက်များကို တစ်နိုင်ငံလုံးက ထောက်ခံအားထုတ် လုပ်ကိုင်ကြသောအခါ တတိယနိုင်ငံတော်ကြီးမှာ ကျွန် ဘဝမှ တစ်ခဲနက် ကျော်လွန်ဖောက်ထွက်၍ မြန်မာ့ကျက်သရေ တက်နေ ဝင်းဝင်းထွန်းလင်းတောက်ပြောင်ခဲ့ရလေသည်။ ထိုစဉ်က မြန်မာ့ကျက်သရေ ထွန်းလင်းတောက်ပြောင်ခဲ့ခြင်းထက် ကျွန်ုပ်တို့အဖို့ အဖိုးတန်ပြီး အရေးကြီး သော အခြင်းအရာကား မြန်မာဟူ၍တစ်ပြည်တည်း–တစ်မျိုးတည်း–တစည်း တလုံးတည်း ပြန်လည်ထွက်ပေါ်ကာ ဆက်လက်တည်တံ့နေနိုင်လာခဲ့ခြင်းပင် ဖြစ်လေသည်။

ယခုတစ်ဖန် ကျွန်ုပ်တို့၏ ရှေ့မှောက်တွင် နိုင်ငံတော်ကြီးမှာ ပျက်စီး ကြေမွလျက် စတုတ္ထအကြိမ် ဆွဲယူထူထောင်ခြင်းခံရဖို့ကို စောင့်လင့်မျှော်ငံ့နေ ပြန်လေပြီ။ အောက်မြန်မာပြည်ကို ၁၁၈၇ ခု တပေါင်းလပြည့်ကျော် ၄ ရက်[၁]။ အထက်မြန်မာပြည်ကို ၁၂၄၇ ခု တန်ဆောင်မုန်းလဆုတ် (၈) ရက်နေ့[၂]တွင် သိမ်းပိုက်ယူငင်သည်ကစ၍ အင်္ဂလိပ်တို့ ပစ်ခွာစွန့်လွှတ် သွားသည့် ၁၃၀၃–၄ ခုနှစ်အထိ အချိန်ကာလအတွင်း ကျွန်ုပ်တို့နိုင်ငံတော်မှာ ဗြိတိသျှအင်ပါယာတည်းဟူသော အင်္ဂလိပ်လက်ဝါးကြီးအုပ်ရာ ပြည်ထောင်စု ကြီးထဲတွင် အဆီစား အသားမျိုခြင်းခံရဖို့အတွက်သော်လည်းကောင်း၊ လူ အရာမဝင် အညွန့်တုံးဖို့အတွက်သော်လည်းကောင်း ပါဝင်နေခဲ့ရလေသည်။ နိုင်ငံတော်မှာ ရှေးရှေးသောဘုရင်များလက်ထက်ကထက် အဆထောင် သောင်းမက တိုးတက်ကြွယ်ဝချမ်းသာလာသော်လည်း နိုင်ငံတော်သားများမှာ အပင်အောက်တွင် အသီးရှား၍မစားရသည့် ဝဋ်ဆင်းရဲမျိုးကို ဖြစ်စေသော စနစ်ကြီး၏ လိုမ့်ကန်နှိပ်စက်ခြင်းကိုခံယူရကာ လူတန်းစေ့မနေနိုင်–မထိုင်နိုင်–

(၁) ရန္တပိုစာချုပ် ချုပ်ဆို၍ အင်္ဂလိပ်တို့အား အာသံ–ရခိုင်နှင့်တနင်္သာရီကို ပေးအပ် လိုက်ရသော နေ့ရက်။

(၂) သီပေါမင်းတရားအား နန်းမှချပြီး နန်းတော်ကို သိမ်းယူသောရက်။

mgyoe.com

မဝတ်နိုင်–မစားနိုင်ဖြင့် ဆင်းရဲကြီးစွာနေထိုင်လာခဲ့ရလေသည်။ ရေမြင်ပြီး မသောက်ရသောကြောင့်ရောက်ရသော ရေငတ်ဆင်းရဲသည်၊ ရေမမြင်၍ မသောက်ရသောကြောင့် ရောက်ရသော ရေငတ်ဆင်းရဲထက် အဆပေါင်း များစွာ ပိုမိုဆိုးဝါးနှိပ်စက်လေရာ ထိုဆိုးဝါးစွာနှိပ်စက်သောဒဏ်ကို နိုင်ငံ တော်သားများသည် အင်္ဂလိပ်တစ်ခေတ်လုံး အနည်းနှင့်အများခံစားလာကြ ရလေသည်။ ထိုအတွင်း ဒုတိယကမ္ဘာစစ်ကြီး ကျွန်ုပ်တို့နိုင်ငံတော်သို့ ဦးတိုက် ရောက်ရှိလာသောအခါ စစ်ဦးစစ်တလင်းပီပီ စစ်၏ဒဏ်ကို လုံးဝခံယူနေကြ ရသည့်အပြင် မိမိတို့ပိုင်ဆိုင်ခံစားထိုက်သော သဘာဝဝတ္ထုပစ္စည်းအစုစုတို့ ကိုလည်း ထိုစစ်ကြီးအတွက် နေ့နှင့်အမျှ ပူဇော်နေကြရသေးလေသည်။ ပထမနိုင်ငံတော်ကြီးထက် ဒုတိယနိုင်ငံတော်ကြီး၊ တတိယနိုင်ငံတော်ကြီးတို့ ကိုထူထောင်ရန်မှာ အသီးသီးအဆင့်ဆင့်တိုးမြင့် ပိုမိုခက်ခဲခဲ့သည့်သဘော အတိုင်းပင်၊ ယခုစတုတ္ထနိုင်ငံတော်ကြီးကိုထူထောင်ရန်မှာလည်း ယခင့်ယခင် နိုင်ငံတော်ကြီးများ ထူထောင်ရပုံထူထောင်ရနည်းထက် အဆရာထောင် ပိုမိုခက်ခဲကြီးများသည်သာ ဖြစ်လေတော့သည်။ ယခင်က ကမ္ဘာနှင့်ချီ၍ မဟုတ်ခဲ့ ယခုကမ္ဘာနှင့်ချီ၍ဖြစ်နေလေသည်။ ယခင်က ဆင်၊ မြင်း၊ လှေများ ၏အဟုန်ဖြင့် တိုက်ခိုက်ကာ ပျိုးထောင်ခဲ့ရာ ယခုတစ်နာရီလျှင် မိုင် ၃၅၀ ခန့် အဖျင်းဆုံးသွားသော လေယာဉ်ပျံများ၏အဟုန်ဖြင့် လျှင်မြန်စွာတိုက်ခိုက် ဖြိုလှဲနေကြလေသည်။ ယခင်က ကိုယ့်လူတစ်မျိုးတည်းဖြင့် ကိုယ်လိုရာစခန်း သို့ရောက်အောင် တိုက်ခိုက်ခဲ့ရာ ယခုမူ ကိုယ်တစ်ဦးတည်းမဟုတ်ဘဲ အခြား လက်နက်နိုင်ငံပြည်ထောင်ကြီးများနှင့် မဟာမိတ်ဖက်စပ်ကာ ပေးယူတိုက်ခိုက် နေကြရလေသည်။ သို့ဖြစ်ရာ စတုတ္ထနိုင်ငံတော်ကြီးထူထောင်ဖို့ လုပ်ငန်းမှာ ကျွန်ုပ်တို့ရာဇဝင်တွင် ယခုအချိန်တိုင်အောင် မကြုံဖူးသော အတားအဆီး ကြီးများ၊ အခက်အခဲကြီးများ ကာဆီးရံသန်းနေသည့်နောက်ကွယ်တွင် ရောက် ရှိနေသဖြင့် အလွန်ပင်ကြီးမားလှသော လုပ်ငန်းကြီးစင်စစ်မလွဲဖြစ်ချေတော့ သည်။

သို့သော် အနော်ရထာမင်းစော၏ ပထမနိုင်ငံတော်ကြီးထက် အထူ ထောင်ရခက်သော ဒုတိယနိုင်ငံတော်ကြီးကို ဘုရင့်နောင်ကျော်ထင် နော် ရထာလျှင် အမှူးရှိသော ထိုဒုတိယနိုင်ငံတော်ကြီးသားများသည် မဖြစ်မနေ

mgyoe.com

mgyoe.com


ထူထောင်လာခဲ့သကဲ့သို့လည်းကောင်း၊ ဘုရင့်နောင်၏ ဒုတိယနိုင်ငံတော်ကြီးထက် အထူထောင်ရခက်သည့် တတိယနိုင်ငံတော်ကြီးကို အလောင်းမင်းတရားကြီးလျှင် အမှူးရှိသော ထိုတတိယနိုင်ငံကြီးသားများသည် မဖြစ်မနေ ထူထောင်ပြုစုလာခဲ့သကဲ့သို့လည်းကောင်း၊ ထိုပထမ–ဒုတိယ–တတိယနိုင်ငံတော်ကြီးများထက် အထူထောင်ရခက်သော စတုတ္ထနိုင်ငံတော်ကြီးကို ယခု စတုတ္ထခေတ်အတွင်း မှီတင်းနေထိုင်ကြကုန်သော ကျွန်ုပ်တို့သည် မဖြစ်မနေ မသွေမလွဲ အားခဲထူထောင်ကြရမည်သာ ဖြစ်လေသည်။ ရာဇဝင်၏ သဘောတရား–ရာဇဝင်၏အမိန့်သည် ကျွန်ုပ်တို့ စတုတ္ထခေတ်သမားများအား စတုတ္ထနိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ပေးဖို့ အတင်းအကျပ် မလွှဲသာမရှောင်သာ ဆင့်ဆိုစေခိုင်းလျက်ရှိနေလေပြီ။ အဖြိုရ၊ အနှိမ်ရ၊ အလုပ်ရ အကိုင်ရခက်သဖြင့်လည်း မရှောင်သာ၊ စတုတ္ထနိုင်ငံတော်ကြီးကို ကောင်းစွာ ထူထောင်ရန် အချိန်မနှောင်းမီ ထူထောင်ရန်မှာ ဤစတုတ္ထခေတ်ကြီးအတွင်း အသက်ရှင်လျက်ရှိကြကုန်သော ယောကျ်ားသည်လည်းကောင်း၊ မိန်းမသည်လည်းကောင်း၊ လူသည်လည်းကောင်း၊ ရဟန်းသည်လည်းကောင်း၊ နေ့ညဥ့်မပြတ် ဆင်ခြင်အပ်သတိရအပ်၊ လုံ့လထုတ်အပ်၊ ထိထိရောက်ရောက် လုပ်အပ်ကိုင်အပ်သော အမှုကိစ္စတာဝန်ဝတ္တရားကြီးပင် ဖြစ်လာလေပြီ။

ယခင်အတိကာလ နိုင်ငံတော်ကြီးများကို တည်ထောင်စဉ်သမယက တစ်ကြိမ်နှင့်တစ်ကြိမ်မတူ လုပ်ငန်းကြီးမားကျယ်ဝန်းမှု အခက်အခဲများ မြောင်မှုမှာ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမို၍သာဖြစ်ပေါ်လာသည်မှန်သော်လည်း၊ တစ်ကြိမ်နှင့်တစ်ကြိမ် သဘာဝတူမျှညီညွတ်သော သဘောတရားတစ်ရပ်ကားရှိလေသည်။ ထိုသဘောတရားကား အခြားမဟုတ်၊ နိုင်ငံတော်ကို မိမိတို့တစ်လက်တည်းမှာပင် ပြန်လည်စုစည်းထူထောင်၍ လက်နက်နိုင်ငံပြုလုပ်မည်ဟု အညီအညွတ်သဘောခံယူကာ လက်ရုံးရည်တစ်ခုတည်းကိုသော်လည်းကောင်း၊ နှလုံးရည်တစ်ခုတည်းကိုသော်လည်းကောင်း၊ တစ်ဖက်သတ်စေစားခြင်းမပြုဘဲ၊ လက်ရုံးရည်ရော–နှလုံးရည်ပါအရာဌာန အလျောက် ရောလှောက်ဖက်တွဲ သုံးစွဲစေစား အားထုတ်စေသော ထိုသို့အားထုတ်စေသဖြင့် အားထုတ်ခဲ့ကြသော သဘောတရားပင်ဖြစ်လေသည်။ ပြည်ကြီးသနင်း၊ မင်းတည်းဟူသောခေါင်းဆောင်မှသည် နိုင်ငံတော်အတွင်းရှိ အဖျင်း

mgyoe.com

သိမ်ဆုံးသော (ဝါ) အောက်တန်းအကျဆုံးသောလူအမျိုးအစားအထိ လက်ရုံးရည်–နှလုံးရည်တို့ကို အရာဌာနအလျောက် ရောလှောက်သုံးစွဲခဲ့ကြလေသည်။ ထိုသူတို့သည် မြင့်ရာအရပ်မှသည် နိမ့်ရှိုင်းလေရာအရပ်တိုင်းသို့ အစီအစဉ်အသိုအထားမရှိ ပကတိ ရောက်တတ်ရာရာ စီးဆင်းသွားသော မြစ်ရေကဲ့သို့ မကျင့်ကြ၊ မလုပ်ကြ၊ မဆောင်ရွက်ကြမူ၍ မှန်းထားအပ်ပြီးသော အစီအစဉ်အတိုင်းသာလျှင် အခါနှင့်အခွင့် သင့်တင့်ညီညွတ်စေ၍ မလစ်လပ်စေရ၊ လုပ်ကိုင်သွားကြသောကြောင့်သာလျှင် ထိုသူတို့၏လက်ထက် တစ်လက်ထက်တည်းမှာပင် ယခင်ယိမ်းယိုင်ပြိုလဲနေသော နိုင်ငံကြီးမှာ ဘုန်းမီးနေ လ ပြန်လည်တောက်ပလျက် ရှေးကထက် ခမ်းနားကြီးကျယ်ခြင်းသို့ ရောက်ရှိနိုင်ခဲ့ခြင်းဖြစ်လေသည်။ ကိုယ်စီကိုယ်စီသာလျှင် ကောင်းသည်ထင်ရာ၊ ကိုယ့်ဘာသာကိုယ် အလိုအပိုမရှိ လုပ်ကိုင်ခဲ့ကြဘိမူကား၊ ထိုသူတို့၏ တစ်လက်ထက်တည်းတွင် ယခင်ယိုယွင်းနေသော နိုင်ငံကြီးမှာ မည်သည့်နည်းနှင့်မျှ အချိုးအစားကျကျ ထူထောင်နိုင်ခွင့်ရရှိခဲ့မည်မဟုတ်ပေ။

ကျွန်ုပ်တို့လူမျိုးသည် ဘုရားတည်သန်သောလူမျိုး၊ ဘုရားတည်ကျွမ်းကျင်သောလူမျိုးဖြစ်လေသည်။ ကုသိုလ်ရအောင် ဘုရားများကို တည်ကြလေသည်။ ကပ်သုံးပါးမှ ကျော်နင်းနိုင်ရအောင် သဲပုံစေတီတည်ကြလေသည်။ ဘုရားတည်ရာတွင် တည်ချင်သလို မတည်ရ၊ စနစ်ကျနရလေသည်။ သို့ဖြစ်၍ စနစ်အကျနဆုံးဖြစ်ပါစေခြင်းအလို့ငှာ တတ်မြောက်ကျွမ်းကျင်သူပန်းရန်ဆရာတို့အား ဆောက်လုပ်မှုဝန်တာကို ဘုရားဒါယကာသည် လွှဲအပ်ပေးထားရလေသည်။ ကပ်သုံးပါးကျော်နင်းရန် အရပ်နှင့်ချီ၍ သဲပုံစေတီတည်သောအခါ ကလေးလူကြီးမကျန် အရပ်သားမှန်က သဲတစ်လက်ခုပ်စာမျှမပါဝင် မနေရအောင် အလိုလိုသဒ္ဓါလှူ့ကာ ဝိုင်းဝန်းတည်လုပ်ကြလေသည်။ အခိုင်အတွက်လုပ်ရာတွင် တတ်မြောက်သူတို့အား ပုံကျနဖို့ လွှဲအပ်ရသကဲ့သို့ အမြန်ပြီးဖို့လုပ်ရာတွင် တစ်ယောက်မကျန် ပါဝင်ဝိုင်းဝန်းကြရသော သဘောရှိလေသည်။ နိုင်ငံတော်ကို အခိုင်ထူထောင်ရာတွင် အခိုင်လုပ်ဖို့လည်း လိုလေသည်။ အမြဲကြည်ညိုနေရန် ဘုရားများကိုအတည်သန်၍ ကပ်ကျော်ရန် သဲပုံစေတီများကို အမြန်တည်နိုင်သော လူမျိုးတစ်မျိုးသည် အလားတူသဘောတရားမျိုးရှိသည့်နိုင်ငံထူထောင်မှုတွင် ထုံထိုင်းလေးတွဲသော လူမျိုး

mgyoe.com

mgyoe.com

မဖြစ်နိုင်ရာပေ။ အရှည်တည်တံ့အောင်လုပ်ရာတွင် ပုံပန်းကျနဖို့ ရှေးရှုရသကဲ့သို့နိုင်ငံတော်ကြီးကို ထူထောင်ရာ၌ ရှေးကအစီအစဉ်ပုံပန်းရှိခဲ့လေသည်။ ကပ်ကြီးသုံးပါးကျော်နင်းဖို့ အမြန်ပြီးအောင်လုပ်ရာတွင် လူတစ်ယောက်သဲလက်တစ်ခုပ်ပါဝင်ကြသကဲ့သို့ နိုင်ငံတော်ထူထောင်မှုကြီး အမြန်ပြီးစီးစေအောင်လုပ်ရာ၌ တစ်ယောက်လက်တစ်ခုပ်စီ အစေ့အငုပါဝင်ခဲ့ကြလေသည်။ ပါဝင်ဖို့လိုလျက် မပါဝင်ဘဲရှောင်လွှဲနေခဲ့ကြသည့်အခါများတွင် ပါဝင်အောင် အာဏာကို စေခိုင်းခဲ့ကြလေသည်။ ထားအပ်ပြီးသော အစီအစဉ်ပုံပန်းသဏ္ဌာန်အတိုင်းသာလျှင် ထိုက်သက်ရာ သူတို့က လိုက်သက်သလို ကိုယ်စီကိုယ်င ကိုယ့်အစုတာဝန်ကျသည့်အလျောက် ပြီးမြောက်အောင်လုပ်ကိုင်ကြရလေသည်။ ထိုသို့လုပ်ဖွယ်ရာရှိသမျှကို လုပ်ကြရာ၌ မြန်လည်းမြန်မာလည်း မာသောကြောင့် ထိုလူမျိုးကို "မြန်မာ"ဟူ၍ ခေါ်ဝေါ်သမုတ်ခဲ့လေသည်။

ယခုစတုတ္ထနိုင်ငံတော်ကြီးကို ထူထောင်ကြရာတွင် မြန်ခြင်း–မာခြင်းတည်းဟူသော မြန်မာ၏ဂုဏ်ကို ကျွန်ုပ်တို့ စတုတ္ထခေတ်သမားများသည် ကိုယ်စီကိုယ်ငဆင်မြန်းကြဖို့ ရှေးရှုရန် အထူးအားဖြင့်လိုအပ်ပေသည်။ ဤဂုဏ်ပန်းကို ကျွန်ုပ်တို့သည် လူမျိုးတစ်မျိုးအနေဖြင့် မဆင်မြန်းနိုင်သည်နှင့် တစ်ပြိုင်နက် အနှစ် ၂၀၀၀ ကျော်ရှည်မြင့်သော ရာဇဝင်၏ရှည်လျားသော လက်ညှိုးသည် ကျွန်ုပ်တို့အား တစ်ပြိုင်နက်ညွှန်ထိုးကာ ရှေးလူများနှင့်တကွ နိုင်ငံတော်ကြီးကိုပါ သစ္စာဖောက်ဖျက်သူများဟု တစ်ခဲနက်စွပ်စွဲပေလိမ့်မည်။ နိုင်ငံတော်၏မြေတွင် ကိန်းအောင်းနေကြခြင်းဖြင့် နိုင်ငံတော်ကြီး၏ဝန်ကို အောက်ဆုံးအခြေမှ ယခုတိုင် ဆက်လက်သယ်ပိုးနေကြသေးသော ကျွန်ုပ်တို့၏ဘိုးဘေးဘီဘင်တို့သည် မထိုက်တန်သော ကျွန်ုပ်တို့အား ဆက်လက်၍ မိမိတို့အပေါင်းအစိတ်အဖြစ် ပါဝင်ရာ မြန်မာမြေကြီးပေါ်၌မထားဘဲ တစ်ခါတည်းပစ်ခွာချလိုသောသဘောဖြင့် တဆတ်ဆတ် တုန်လှုပ်ကာ မချိမဆန့် ဖြစ်ကြပေလိမ့်မည်။ ကျွန်ုပ်တို့သည် စတုတ္ထနိုင်ငံတော်ကြီးကို အပြီးပိုင်ပိုင် ထူထောင်ပေးနိုင်လျှင်ပေး၊ မပေးနိုင်လျှင်ကျွန်ုပ်တို့သည် ကျေးဇူးကန်းသူများ၊ သစ္စာဖျက်များ၊ လူညံ့လူဖျင်းများအဖြစ်ဖြင့် ရာဇဝင်တွင်ရစ်ဖို့သာရှိလေသည်။ မည်သူကြောင့် မည်သည့်အတွက်ကြောင့် နိုင်ငံတော်ထူထောင်

mgyoe.com

mgyoe.com

၍မဖြစ်၊ ထူထောင်၍မရ၊ ထူထောင်ဖို့ပျက်ကွက်ခဲ့ရပါသည်ဟု ဆင်ခြေဆင်လက် တက်သာတော့မည်မဟုတ်ချေ။ တစ်မျိုးလုံးသည် တစ်ယောက်တည်းကဲ့သို့ သိမ်းကျုံး၍တာဝန်ယူကာ ထူထောင်ကြပေလိမ့်မည်။ ထူထောင်မှုပြီးစီးဖို့ကိုသာ ရှေးရှုကြလျက် သိမ်းကျုံးလုပ်ကိုင်ကြရပေလိမ့်မည်။ ကျွန်ုပ်တို့၏နိုင်ငံတော်မှထွက်ထွက်သမျှသော အဆီအနှစ်တို့ကို ကျွန်ုပ်တို့အား ဦးစွာလည်းကောင်း၊ ပြည့်ဖြိုးစွာလည်းကောင်း၊ ခံစားသုံးဆောင်ခြင်းကို ပိတ်ဆီး ကာရံနေသော အဖျက်အဆီးအားလုံးကို လူတစ်မျိုးလုံး၏ဆန္ဒဖြင့် တစ်ခါတည်း ဖျက်ဖြိုတွန်းလှန်ဖယ်ရှားကာ ကျွန်ုပ်တို့သဘောကျ ခြယ်လှယ်စီမံထုတ်နိုင် လုပ်ကိုင်သုံးစွဲ ဝေငှဖြန့်ဖြူးခွင့် ထူထောင်ကြရပေလိမ့်မည်။ မြို့ရွာနိုင်ငံဟူ၍ မထူထောင်မီအခါကာလကပင် လူတို့သည် အစုအဝေးနှင့်နေသောအခါ မိမိတို့ထင်ရာမြင်ရာကို ထင်သလိုမလုပ်ကြရဘဲ၊ အများသောလူတို့၏ ညီညွတ်သောဘာသာဆန္ဒများ ပြည့်ဝရေးအတွက် ကိုယ်သန်ရာသန်ရာဘက်မှ အလဲအလှယ်အတုံ့အပြန် အချင်းချင်းဖြည့်တင်းဝန်းဝိုင်း လုပ်ကိုင်ပေးရလေသည်။ နိုင်ငံဟူ၍ဖြစ်လာပြီးနောက် ထိုနိုင်ငံကြီးကို အတိမဆွအခါကာလကဲ့သို့ ရှိအောင် ထို့ထက်ပင် ပိုမိုခိုင်ကြံ့လာအောင် ပြန်လည်ထူထောင်သောအရာဌာနတွင်မူ အဘယ်မှာ ဆိုဖွယ်ရာရှိပါတော့အံ့နည်း။ တစ်ယောက်တည်း ထင်ရာမကျင့်သာ၊ မကြံသာ၊ မလုပ်သာ၊ မကိုင်သာရှိရလေတော့မည်သာတည်း။

## အခန်း (၂)

လူသည် အစုအဝေးနှင့်မှ နေနိုင်သောသတ္တဝါဖြစ်လေသည်။ လူသည် အစုအဝေးဖြင့်ဖြစ်သော သတ္တဝါဖြစ်လေသည်။ အစုအဝေးတို့မှာလည်း ဆွေမျိုးတော်စပ်မှု၊ မတော်စပ်မှုထက် သဘောချင်းတိုက်ဆိုင်မှု မတိုက်ဆိုင်မှုကို ပိုမိုအခြေပြုကာ များစွာဖြစ်တတ်ကြလေသည်။ သဘောချင်းတိုက်ဆိုင်မှု၊ မတိုက်ဆိုင်မှုဟူရာတွင်လည်း အကြိုက်ချင်းတူညီမှုထက် မကြိုက်ရာအချင်းချင်းတူညီမှုကြောင့် အစုအဝေးတို့သည် ပိုမိုဖြစ်ပေါ်လာတတ်လေသည်။ ကုန်းခေါင်ခေါင်အရပ်ကြီးတွင် နေရန်မကြိုက်တော့သောအခါ ထိုသို့မကြိုက်သူများသည် လွင်ပြင်များဆီသို့ သက်ဆင်းလာကြလေသည်။ လွင်

mgyoe.com

mgyoe.com

ပြင်များဆီသို့ ကုန်းခေါင်ခေါင်အရပ်ကြီးမှ ဆင်းသက်လာကြခြင်းသည် ကုန်းခေါင်ခေါင်ကြီးကိုမကြိုက်ရာ၌ သဘောတူညီကြသောကြောင့်သာဖြစ်ကြောင်းကို လွင်ပြင်သို့ရောက်သည်နှင့်တစ်ပြိုင်နက် အချို့က မြစ်များ၊ ချောင်းများနှင့်နီးရာတွင်နေ၍ အချို့က မြစ်များ၊ ချောင်းများနှင့်ဝေးရာတွင်နေခြင်း၊ အချို့ကထို့ထက် ပိုမိုချိုင့်ဝှမ်းသော တောကြိုတောင်ကြားများသို့ပင် သွားရောက်နေခြင်းဖြင့် ပိုမိုထင်ရှားစွာသိသာနိုင်လေသည်။ "ညီညွတ်ရေး"ဟု ယခု ကျွန်ုပ်တို့ခေါ်ဝေါ်နေကြသော လူတို့၏ပေါင်းစည်းမှုသည် ကြိုက်ရာချင်းတူညီသဖြင့် ဖြစ်နိုင်ခြင်းထက်၊ မကြိုက်ရာချင်းတူညီသဖြင့် ဖြစ်နိုင်ခြင်းက ပိုမိုဖြစ်လွယ်သည့်သဘောကို နက်နက်နဲနဲစဉ်းစားသူတစ်ဦးသည် ထင်ရှားစွာသိမြင်လာပေလိမ့်မည်။ ၁၂၄၇ ခုနှစ်အထက်က နိုင်ငံတော်သည် အင်္ဂလိပ်တို့အား အလွန်အကြူး အထူးမုန်းတီးလျက်ရှိလေသည်။ ၁၂၄၆ ခုနှစ်တွင် ပြင်သစ်နှင့် လှမ်း၍စာချုပ်ကြသောအခါ ပြင်သစ်ကို လုံးဝလိုလား၍ ချုပ်ခြင်းထက် အင်္ဂလိပ်ကို လုံးဝမလိုလား၍ ချုပ်ခြင်းက ပိုမိုအရေးပါခဲ့လေသည်။ အင်္ဂလိပ်ကိုမလိုလား မကြိုက်နှစ်သက်ရာချင်းတူညီကြသလို ပြင်သစ်အားလိုလားရာချင်းမတူညီချေ။ အင်္ဂလိပ်ကိုလည်းမလိုလား ပြင်သစ်ကိုလည်းမလိုလားသူတို့လည်းအမြောက်အမြားပင်ရှိခဲ့လေသည်။ သို့သော် မကြိုက်ရာချင်းတူညီ၍၊ ကြိုက်ရာချင်းမတူညီသည့်တိုင်အောင် အညီအညွတ် ပြုလုပ်နိုင်ခဲ့ကြခြင်းဖြစ်လေသည်။

ယခု ကျွန်ုပ်တို့၏ နိုင်ငံတော်ကြီးကို ပြန်လည်ထူထောင်ကြရမည်ရှိရာ၌ နိုင်ငံတော်ကြီး ယခုကဲ့သို့ ပျက်စီးကြေမွနေခြင်းကို ယခုအတိုင်းထားရှိရန် မဖြစ်နိုင်–မကြိုက်နိုင်ကြသည်ကတစ်ကြောင်း ကျွန်ုပ်တို့ နိုင်ငံတော်ကြီး၏သဘာဝဝတ္ထုပစ္စည်းများကို ကျွန်ုပ်တို့ကိုယ်တိုင်သော်ကား ခံစားခွင့်မရ–တိုင်းတစ်ပါးသားတို့သာ အဆီးအတားအပိတ်အပင်မရှိ ယူငင်သုံးဆောင် ခံစားလျက် ကျွန်ုပ်တို့အား သင်းတို့၏စေခိုင်းရာ ကျွန်များသဖွယ်သာ အမှတ်ထားခြင်း၊ နေရာပေးခြင်းခံရသည်ကို ထပ်မံမခံလို– လုံးဝမနှစ်ခြိုက်နိုင်မကြိုက်နိုင်ကြသည်ကတစ်ကြောင်း ဤအကြောင်းကြီးနှစ်ကြောင်းကြောင့် နိုင်ငံတော်သစ်ကြီးကို ထူထောင်ရန် အညီအညွတ်စိတ်ဓာတ်ဖြစ်ပေါ်ရဖို့အကြောင်းလုံလောက်ရခြင်းဖြစ်လေသည်။ အကြိုက်ချင်းကား တူညီသော်မှ

mgyoe.com

m g

တူညီပေလိမ့်မည်။ အချို့က နိုင်ငံတော်သစ်ကြီးထူထောင်ပြီးစီး၍သွားသော အခါ ဘုရင်အုပ်ချုပ်မှုကို ကြိုက်ကြလေသည်။ ဤအကြိုက်ချင်းတူညီမှုကိုသာ အခြေပြု၍နိုင်ငံတော်ကြီးကို ထူထောင်မည်ဆိုက ဖော်ပြရာပါ သဘောကွဲလွဲမှုသည် အဆီးအတားဖြစ်၍နေပေလိမ့်မည်။ ထိုအဆီးအတားကြောင့် နိုင်ငံတော်ကြီးကို ထူထောင်မှုတွင် အင်အားကွဲပြား ယုတ်လျော့ဖို့ ရှိလေသည်။ သို့ဖြစ်ရာ"အကြိုက်တူမှု"ထက် "မကြိုက်တူမှု"သည်သာ တစ်စုံတစ်ခုသော လွဲပြောင်းမှုကြီးကို ထိထိရောက်ရောက်ဖြစ်စေနိုင်သည့် လှုံ့ဓာတ်ကြီးရှိကြောင်း သတိပြုမိကြသင့်လေသည်။ ယခု ကျွန်ုပ်တို့၏ လောလောဆယ်လုပ်ငန်းမှာ နိုင်ငံတော်ကြီးကို အပြီးထူထောင်ပေးဖို့လုပ်ငန်းပင် ဖြစ်လေသည်။ "မကြိုက်တူမှု" ကို အရေးမပေးဘဲ"အကြိုက်တူမှု"ကို အရေးပေးလျှင် အကြိုက်တူမှုမှာ မညီညွတ်တတ်သောကြောင့် ထူထောင်မှုလုပ်ငန်းသည် မုချထိခိုက်နှေးကွေး နစ်နာလိမ့်မည်။ "မကြိုက်တူမှု"သည် ညီညွတ်ရေးကို ဖြစ်စေနိုင်လေသည်။ ယခုအချိန်တွင် ညီညွတ်ရေးသည်"မကြိုက်တူမှု" အပေါ်တွင်သာ၍ ဖြစ်လွယ်လေသည်။ သို့ဖြစ်သဖြင့်"မကြိုက်တူမှု"သည်သာ"အကြိုက်တူမှု" ထက် ယခုနိုင်ငံတော်ထူထောင်ရမည့် အခိုက်အတန့်တွင် ဦးစွာပထမအရင်းထားခြင်း ခံယူထိုက်လေသည်။ နိုင်ငံတော်အသစ်မှာ စစ်ကြီးဟူသော အမိဝမ်းတွင်းမှ ကောင်းစွာလွတ်ကျွတ်ထွက်မြောက်ခြင်း မရှိသေးချေ။ သို့ဖြစ်ရာ ယခုအရေးအကြီးဆုံးသောအလုပ်မှာ အမိဝမ်းတွင်းမှ ချောမောကောင်းမွန်စွာ လွတ်ကျွတ်လာအောင် ရှန်းကန်ဆွဲငင်ထူထောင်ကြဖို့ မည်သည့်အဝတ်တန်ဆာမျိုးကို ဝတ်ဆင်စေကာ မည်သည့်မင်္ဂလာမျိုးဆောင်နှင်းရမည့်ကို ရွေးချယ်နေရန် အခါမဟုတ်သေးချေ။ ထိုသို့သောစိတ်ကူးမျိုးကို မိဘရှင်များသည် ဝမ်းက ကျွတ်ကျွတ်ချင်း မီးနေသည်ကို အထူးကြပ်မတ်ကြည့်ရှုရင်း "စိတ်" က စဉ်းစားနိုင်ကောင်းစဉ်းစားနိုင်ကြမည်ဖြစ်သော်လည်း ပထမအရေးပါသည့် "လက်"ကမူ ကလေးနှင့်လူကြီးတို့ အသက်ပျောက်လွင့်မသွားဖို့ အထူး သွက်လက်စွာလုပ်ကိုင်ပေးနေရပေလိမ့်မည်။ မီးနေသည်ကို ဝိုင်း၍ကြပ်မတ်ကြည့်ရှုလုပ်ကိုင်ပေးနေသူတိုင်းတွင် အထက်ပါစိတ်ကူးမျိုး ကူးနိုင်ခွင့်ရှိသည်ထားဘိဦး၊ ထိုသူတို့၏စိတ်ကူးသည် တစ်ခုနှင့်တစ်ခု၊ တစ်ဦးနှင့်တစ်ဦး တူညီကြလိမ့်မည်မဟုတ်ပေ။ စိတ်ကူးချင်းမည်မျှပင် ကွဲလွဲစေကာမူလည်း ထိုသူတို့၏

mgyoe.com

mgyoe.com


လက်များသည် ကလေးနှင့်မီးနေသည်၏ အသက်ရှင်ခွင့်နှင့် သက်သာချောင်ချိမှုအတွက် မနားမရပ် တရစပ် သွက်လက်စွာဆိုင်ရာဆိုင်ရာ ဝန်တာလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြရပေလိမ့်မည်။ စိတ်ကူးချင်း မတူသဖြင့် သူငယ်၏ရှင်ခွင့်၊ သက်သာခွင့်ကို မလိုလားနိုင်ဟုဆိုကာ တာဝန်ကိုမရှောင်သာချေ။ ယခု ကျွန်ုပ်တို့လည်း ထိုနည်းနှင်နှင်ဖြစ်နေလေသည်။ ထိုနည်းနှင်နှင်ဖြစ်နေသည့် အကြောင်းကိုလည်း ကွက်ကွက်ကွင်းကွင်း ထင်လင်းပြတ်သားစွာ သိကြနားလည်ကြဖို့ အထူးပင်အရေးကြီးလေသည်။

အထက်တွင်"မကြိုက်ချင်း"တူညီမှုကြောင့် ပြောင်းလဲမှုကြီးများ စတင်ဖြစ်လာရကြောင်းပြဆိုခဲ့လေသည်။ ကုန်းခေါင်ခေါင်ကို မကြိုက်၍သာ လွင်ပြင်သို့ စတင်ဆင်းသက်လာခဲ့ကြခြင်းဖြစ်လေသည်။ လွင်ပြင်သို့ရောက်သောအခါ မကြိုက်ရာသောအချက် လုံးဝကင်းပျောက်သွားပြီဖြစ်၍ ကြိုက်ရာသောအချက်တို့ကို ကိုယ်ကြိုက်နှစ်သက်သလို လုပ်ကိုင်ရန် အခွင့်အရေးရလာလေသည်။ သို့အတွက်ကြောင့်လည်း မြစ်ချောင်း နီးရာ–ဝေးရာ၊ ပူရာ–အေးရာစသည်အားဖြင့် တကွဲတပြားစီ ကိုယ်နှင့်စိတ်ကြိုက်ချင်းတူရာ စုဝေးပေါင်းစည်း၍နေထိုင်ကြခြင်း ဖြစ်လေသည်။ ဤသဘောတရားကြီးသည် ရွာငယ်ရွာကြီးများ၊ မြို့ငယ်မြို့ကြီးများ၊ ပြည်ငယ်ပြည်ကြီးများ၊ နိုင်ငံငယ်နိုင်ငံကြီးများကိုပေါ်ပေါက်စေလေသည်။ လူတစ်ဦးနှင့်တစ်ဦး ဆွေတစ်သိုက်နှင့်တစ်သိုက်၊ နွယ်တစ်နွယ်နှင့်တစ်နွယ်၊ လူတစ်မျိုးနှင့်တစ်မျိုး ပေါင်းသင်းဆက်ဆံကာ အတူတကွတစ်စုံတစ်ခုသော အစုအဝေးဖြင့် နေသည့်အခါ ထိုသို့နေခါစတွင်လည်းကောင်း၊ ထို့နောက် မကြိုက်ဖွယ်ရာအကြောင်း ကြီးစွာမဖြစ်ထွန်းမပြောင်းလဲမီလည်းကောင်း ထိုတစ်ယောက်ထက် ပိုသောအစုအဝေးသည် မုချအားဖြင့် တစ်ဦးနှင့်တစ်ဦး၊ တစ်သိုက်နှင့်တစ်သိုက်၊ တစ်နွယ်နှင့်တစ်နွယ်၊ တစ်မျိုးနှင့်တစ်မျိုး၊ တစ်နေရာတည်းနေ တစ်ရေတည်းသောက်–တစ်ကျင့်တည်းကျင့်–တစ်ယူတည်းယူကာ နေထိုင်ကြရပေလိမ့်မည်။ တူမျှသော အနေအစား–တူမျှသောအလေ့အကျက်–တူမျှသော အယူရှိသဖြင့်သာလျှင် လူ၏ ပေါင်းစည်းမှုသည် တစ်ခုတည်းဖြစ်နိုင်လေသည်။ ထို့ပြင် ခိုင်မာတည်တံ့နိုင်လေသည်။ ခွဲခြားသောအနေ ဆန့်ကျင်သော အလေ့အကျက်–မတူမျှသောအယူရှိက တကွဲတပြားဖြစ်ဖို့သာရှိလေသည်။ မကွဲပြား

mgyoe.com

mgyoe.com

သည့်တိုင်အောင် ခြားနားဖို့သာရှိလေသည်။ လူ့ဘောင်လောကကြီးတွင် အားသည်အား၊ တရားသည်တရားဖြစ်၍ အားနှင့်တရား တခြားစီဖြစ်သော အခါ အားနောက်သို့တရားရောက်ပြီး မဖောက်ပြားစေဘဲ တရားနောက် တရားအောက်သို့ အားရောက်စေဖို့ကို ရှေးရှေးကပုဂ္ဂိုလ်ကြီးများသည် မုချပင်ကြံဆ တီထွင်စီစဉ်ရာထားပြီး ရှိရပေလိမ့်မည်။ မိမိတို့တည်ထောင် အပ်သော လူ၏ အစုအဝေးအသိုက်အမြုံ တဲအုံကနားများပြားစုဝေးရာ ရွာ၊ မြို့၊ ပြည်၊ နိုင်ငံ၊ တိုင်းကြီးအသီးသီးတို့ ဖြူးခိုင်တောင့်တင်းတရားခြင်းနှင့်အညီ တည်တံ့ခြင်း ရှိအောင်လည်း မုချပင် စီစဉ်ရာထားပြီး ရှိခဲ့ရပေလိမ့်မည်။

ထိုစီစဉ်မှုမျိုးသည် တစ်နေရာနှင့်တစ်နေရာ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ တူညီရမည်ဟူ၍မယူဆသာချေ။ တော၊ တောင်၊ ရေ၊ မြေအနေအစား၊ အသုံး အစွဲ၊ အလေ့အကျက်၊ အယူအကျင့်ကိုလိုက်၍ ကွဲလွဲခြင်းရှိကြပေလိမ့်မည်။ တူညီခြင်းလည်း ရှိတန်သလောက်ရှိကြပေလိမ့်မည်။ ရုရှားပြည်၏စီစဉ်မှုမျိုး ကို အမေရိကန်ပြည်တွင်၊ အမေရိကန်ပြည်၏စီစဉ်မှုမျိုးကို အိန္ဒိယပြည်၊ တရုတ်ပြည်တို့တွင် လုံးဝမတိမ်းမယွင်းလိုက်နာစေခြင်းဖြင့် တူညီသော အကျိုးကျေးဇူးကိုရဖို့ မဖြစ်နိုင်ချေ။ အကြိုက်ရည်ရွယ်ချက်ချင်းတူ၍ ကိုယ့် အသိုက်အဝန်းကနားလည်ပြီး၊ (ဝါ)ကျင့်သားရပြီးဖြစ်သောနည်းမျိုး အစီ အစဉ်မျိုးဖြင့် လုပ်ကိုင်လျှင်ကား တူသောအကျိုးပေးကို အနည်းနှင့်အများ၊ အနှေးနှင့်အမြန် ရတန်သလောက်ရဖို့ ကောင်းစွာမျှော်လင့်နိုင်လေသည်။ ဤသို့ရနိုင်အောင်လည်း တတ်နိုင်သမျှ ရှေးရှုဖို့ရန် လွန်စွာလိုအပ်လှလေ သည်။ အဘယ်ကြောင့်နည်းဟူမူ ယခုခေတ်ကာလတွင် လူတစ်ယောက် တည်း ကိုယ့်ချည်းသန့်သန့် လူ့စုကြီးကို ကျောပေးကာ မရောမယှက် မဆက် မဆံနေ၍ မရနိုင်တော့သကဲ့သို့ နိုင်ငံတစ်ခုလည်း ကိုယ်ထည်းသက်သက် တောထွက်ရဟန်းပမာနေ၍ မရနိုင်တော့သဖြင့် ကမ္ဘာလောကကြီးနှင့် ဆံ့ အောင်တတ်နိုင်သမျှ ရှေးရှုရန် လိုအပ်ခြင်းပင်ဖြစ်လေသည်။

ယခုအထိ ကမ္ဘာလောကကြီးရှိ နိုင်ငံအသီးသီးတို့၏နိုင်ငံရေးရာမှာ ဝိသမလောဘကြီး စေ့ဆော်တိုက်တွန်းရာသို့ လိုက်ပါနေရသေးလေသည်။ လက်နက်အင်အားကြီးမားသောနိုင်ငံက လက်နက်အင်အား နည်းပါးသော နိုင်ငံကို နိုင်ထက်စီးနင်း သွေးစုပ်ခြင်းပြု၍ အခြားအလားတူလက်နက်

mgyoe.com

mgyoe.com

အင်အား ကြီးမားသောနိုင်ငံကို ခွဲဝေသွေးစုပ်ခွင့်မပေးချေ။ အမြတ်ရရေး တည်းဟူသော အကြောင်းကြီးတစ်ခုကို ထောက်ထားစာနာပြီးလျှင် ကမ္ဘာပေါ်တွင် နှစ်စဉ်ထွက်နေကျထက် ပိုလျှံထွက်ပေါ်လာသော အသုံးအဆောင်ဝတ္ထုပစ္စည်းများကို ရေထဲသို့ပစ်ချ၍ဖြစ်စေ၊ မီးပုံတိုက်၍ဖြစ်စေ ဖျက်ဆီးခြင်းအားဖြင့် ဝယ်ယူမသုံးစွဲနိုင်သော ဆင်းရဲသားများ၊ ဆင်းရဲသားတိုင်းပြည်များအား နစ်နာဆုံးရှုံးစေလေသည်။ လက်နက်အင်အားကြီးမားခြင်းတန်ခိုးဖြင့် မိမိတို့သာလျှင် ရောင်းသူများဖြစ်စေပြီးလျှင် လက်နက်အင်အားနည်းပါးသော တိုင်းငယ်ပြည်ငယ်တို့ကိုမူ မိမိတို့ရောင်းရာဈေးဖြင့် ဝယ်ယူရမည့်ဝယ်သူများ အဖြစ်ဦသာထားရှိလေသည်။ ယခု စစ်ကြီးဖြစ်ပွားနေရခြင်း၏ အဓိက အကြောင်းရင်းမှာ ဤနိုင်ငံရေးသဘောထားများကို မခံမရပ်နိုင်သောကြောင့်သာဖြစ်လေသည်။

ဤသဘောတရားကို မကြိုက်နှစ်သက်ရာဌ် ကျွန်ုပ်တို့၏ နိုင်ငံတော်ကြီးသည် အခြားမကြိုက်နှစ်သက်သူနိုင်ငံကြီးများနှင့် လုံးဝသဘောညီညွတ်နိုင်လေသည်။ ဤသဘောတရားများကို ဖယ်ရှားရာဌ် ကျွန်ုပ်တို့၏နိုင်ငံတော်ကြီးသည် ဤသဘောတရားများကို မကြိုက်မနှစ်သက်၍ဖယ်ရှားနေသော အခြားနိုင်ငံကြီးများနှင့် ကောင်းစွာသဘောတူညီနိုင်လေသည်။ ဤသဘောတရားများသည် လူအများ၏ အကျိုးနှင့်လုံးဝဆန့်ကျင်သောကြောင့် မကြိုက်အပ်သော မကြိုက်သဖြင့် ဖယ်လှန်ဖြိုခွင်းအပ်သော သဘောတရားများဖြစ်ကြလေသည်။

လူထုလောကသည်မည်သည့်နိုင်ငံ မည်သည့်တိုင်းဟူ၍ မရွေး အောက်ခြေတွင်တူညီသောသဘောတစ်ရပ်ရှိလေသည်။ ထိုသဘောတရားကား အခြားမဟုတ်– လူထုသည်အလုပ်လုပ်သော လူအစုအဝေးဖြစ်သည်ဟူသော သဘောတရားဖြစ်လေသည်။ လူထုအစည်းအဝေးတစ်ခု လူလိုကောင်းစွာနေထိုင်နိုင်ခွင့်ရရန် စုပေါင်း၍ အရာဌာနအလိုက် လုပ်ငန်းကို ကြည့်ကာ အင်အားကို စုရုံးသုံးစွဲနေကြလေသည်။ သို့ဖြစ်ရာ ဤတူညီသော အောက် အခြေခံသဘောတရားမှ တူညီသောလိုအင်ဆန္ဒများ၊ ရှေးရှုမှုများ ပေါ်ထွက်လာကောင်းလေသည်။ အဘယ်လိုအင်ဆန္ဒများ၊ ရှေးရှုမှုများ နည်းဟူမူ၊ ကမ္ဘာမြေကြီး၏အထက်၊ အောက်နှင့် ပတ်ဝန်းကျင်မှ လူတို့၏ဉာဏ်၊

mgyoe.com

လူတို့၏ လုံ့လဖြင့် ထုတ်နုတ်ရယူသမျှသော ပစ္စည်းဝတ္ထုအစုစုကို လက်နက်အင်အား ကြီးမားသည့်လူမျိုးတစ်မျိုးတည်းကသာ လက်ဝါးကြီးအုပ်ကာ မသုံးစွဲစေဘဲ ဦးစွာအားဖြင့် အနီးစပ်ဆုံးနိုင်ငံသူနိုင်ငံသားတို့က ခံစားစေပြီးလျှင် ထိုသူတို့ ခံစား၍ပိုလျှံသမျှကို အချည်းနှီးအလဟဿမဖြစ်စေဘဲ အခြားမပြည့်စုံရာ နိုင်ငံတကာသို့ တုံ့လှယ်ပေးကမ်းဝေခြမ်း သုံးဆောင်စေရန်ပင် ဖြစ်လေသည်။ ဤရှေးရှုမှုသည် ကမ္ဘာသစ်ကြီး၏ အဓိကအခြေခံရှေးရှုမှု ဖြစ်စေသင့်လေသည်။ ဤရှေးရှုမှုအတိုင်း ဖြစ်မြောက်စေရန် ကိုယ့်နိုင်ငံနှင့် ကိုယ့်နိုင်ငံ တော်တန်သင့်တင့်ရာ နည်းလမ်းများကို ရွေးချယ်၍ လုပ်ကိုင်သွားစေသင့်လေသည်။ ချွတ်၍ စွပ်ထားသည့်အတိုင်း တစ်နိုင်ငံ၏နိုင်ငံရေးစီစဉ်မှုနှင့် တစ်ထေရာတည်းတူညီရမည်ဟု အယူမသီးသာချေ။ တူနိုင်၍ တူထိုက်သောနေရာတွင်တူစေပြီး မတူနိုင်သောနေရာဝယ်ကိုယ့်တွင် အထုံအလေ့သန်ပြီး ကျွမ်းကျင်လိမ္မာပြီးဖြစ်သောနည်းတို့ဖြင့် အညီအညွတ် လိုအင်ဆန္ဒရှိရာ ရှေးရှုရာစခန်းသို့ တက်လှမ်းသွားနိုင်ကြရပေမည်။ မတက်လှမ်းဘဲလည်း မနေရပေ၊ တက်လှမ်းရမည်သာဖြစ်လေသည်။ တက်လှမ်းရာတွင် နောက်ကျသောလူမျိုးသည် အောက်ကျသောလူမျိုးဖြစ်နေပေလိမ့်မည်။ ကမ္ဘာ့ခြေလှမ်းနှင့်အညီ လှမ်းဖို့နောက်ကျခြင်း၏ဒဏ်ကို ၁၂၄၇ ခုနှစ်နောက်တွင် ကျွန်ုပ်တို့သည် ဝဝကြီးခံယူခဲ့ကြရလေပြီ။ ကျွန်ုပ်တို့၏နိုင်ငံတော်သစ်သည် ဤအပြစ်ကို ထပ်မံကျူးလွန်ဦးမည်လော။

အခန်း (၁)တွင် စတုတ္ထနိုင်ငံတော်ကြီးကို ထူထောင်ရမည့်လုပ်ငန်းမှာ ပထမနိုင်ငံတော်ကြီးထက် ဒုတိယနိုင်ငံတော်ကြီး၊ ဒုတိယနိုင်ငံတော်ကြီးထက် တတိယနိုင်ငံတော်ကြီးအထူထောင်ရ ခက်သကဲ့သို့ တတိယနိုင်ငံတော်ကြီး ထူထောင်ရသည်ထက်များစွာ ပိုမိုကြီးလေးခက်ခဲသည့် အကြောင်းကို ရေးသားဖော်ပြခဲ့လေပြီ။ ဗျတိရေကနည်းအားဖြင့် ဆင်ခြင်ပြန်သော် ပထမနိုင်ငံတော်ကြီးကို ထူထောင်ခြင်းမှာ ဒုတိယနိုင်ငံတော်ကြီးထက်၊ ဒုတိယနိုင်ငံတော်ကြီးကို ထူထောင်ခြင်းမှာ တတိယနိုင်ငံတော်ကြီးထက်၊ တတိယနိုင်ငံတော်ကြီးကို ထူထောင်ခြင်းမှာ စတုတ္ထနိုင်ငံတော်ကြီး ထူထောင်မှုထက် အသီးသီး ပို၍လွယ်ကူသည်ဟု ဆိုရပေလိမ့်မည်။ အနော်ရထာမင်းစောသည် ဘုရင့်နောင်ကျော်ထင်နော်ရထာထက် အခါကောင်း အခွင့်ကောင်းကို ရခဲ့လေ

mgyoe.com

mgyoe.com


သည်။ အလောင်းဘုရားသည် ကျွန်ုပ်တို့ ပြန်လည်ထူထောင်ရမည့် ယခုခေတ် အခါထက် အခါကောင်းအခွင့်ကောင်းကို ရခဲ့လေသည်။ အနော်ရထာမင်းစော၏လက်ထက်တွင် လျင်မြန်မှုအဟုန်သည် မြင်းကောင်းတစ်လွှား၊ လှည်းကောင်းတစ်ပြေးမျှသာရှိသေး၍ တစ်စုံတစ်ခု ဖြစ်မြောက်ဖို့မှာ ထို့တမျှ နှေးဆေးခွင့်ရခဲ့လေသည်။ ဘုရင့်နောင်ကျော်ထင် နော်ရထာ၏လက်ထက်တွင် လျင်မြန်မှုအဟုန်သည် ပိုမိုလျင်မြန်လာသဖြင့် လုပ်ဆောင်ဖွယ်ရာရှိသမျှတို့မှာ ပိုမိုလျင်မြန်စွာလုပ်ဆောင်လာရလေပြီ။ အလောင်းမင်းတရားကြီး၏လက်ထက်တွင် ဘုရင့်နောင်၏လက်ထက်ကထက်ပင် ပိုမို လျင်မြန်လာသည်ဖြစ်၍ လုပ်ဆောင်မှုအစုစုကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်ရလေသည်။ သို့ ပိုမိုလျင်မြန်စွာလုပ်ဆောင်စေကာ၊ လျင်မြန်မှု အဟုန်သည် သုံးခေတ်စလုံးတွင် များစွာပိုမိုလာခြင်းမရှိချေ။ လူတို့၏အခြေအနေကို လှုပ်ရှားစေမည့်သတင်းများ၊ လူတို့၏အခြေအနေကိုပြောင်းလဲစေမည့်သတင်းများသည် လင်းတတစ်ပျံ၊ ကျေးတစ်လွှား၊ မြင်းစေတစ်ခုန်ထက်ပို၍ မြန်ဆန်စွာမပေါက်ရောက်ကြသဖြင့် အေးဆေးစွာ ပင်ကိုအတိုင်း ဆက်လက်လုပ်ကိုင်နေခွင့်ကို အနည်းနှင့်အများ ရရှိခဲ့ကြလေသည်။ မင်းတုန်းမင်းတရားကြီးလက်ထက်သို့ ရောက်သောအခါတွင်မူ နိုင်ငံတော်အပြင်အပသို့ မှူးမတ်များထွက်ရောက်ခဲ့မှုကို အခြေပြု၍ စကားပြော ကြေးနန်းနှင့်အက္ခရာ အသံဖမ်းကြေးနန်းပညာများ ထွန်းကားလာသဖြင့် လျင်မြန်မှုအဟုန်မှာ ပိုမိုပြင်းထန်ကျယ်ပြန့်လာခဲ့လေသည်။ အဖြစ်သတင်းများ အပျက်သတင်းများကို ရှေးကထက် ပိုမိုလျင်မြန်စွာ ကြားသိရသည်ဖြစ်၍ အဘက်ဘက်တွင် လုပ်ငန်းဆောင်တာများမှာ ပိုမိုဖျတ်လတ်မြန်ဆန်လာရလေသည်။ ဥရောပတိုက်တွင် ဖြစ်ပျက်လျက်ရှိသော စစ်အခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်ဘုရင်သည် အံ့လောက်ဖွယ်ရာ သေချာစွာစစ်ဆေးမေးမြန်းနိုင်သည့်အဖြစ်သို့ ရောက်ခဲ့လေသည်။

ယခု ကျွန်ုပ်တို့ခေတ်တွင် လျင်မြန်ခြင်း၏အဟုန်မှာ ရှေးကထက် အဆရာထောင်ပိုမိုမြန်ဆန်လျက်လာလေပြီ။ အနှစ် ၂၀ ခန့် (၁၉၂၄ ခုနှစ်)က ဗြိတိသျှအင်ပါယာပြပွဲကြီး ဖွင့်လှစ်ရာ၌ ကမ္ဘာအရပ်ရပ်သို့ သတင်းပေးလိုက်ရာ စက္ကန့် ၈၀ တိတိအတွင်း ကမ္ဘာကို ထုတ်ချင်းပေါက် ချဉ်းနင်းသွား

mgyoe.com

လေသည်။ ရေဒီယိုအသံလွှင့်စက်ဖြင့် ယခုအသံလွှင့်သည့်အခါ တစ်စက္ကန့်လျှင် ကမ္ဘာကြီးကို ၇ ပတ်ခွဲတိတိ လှည့်ပတ်ပေါက်ရောက်နေလေပြီ။ လေယာဉ်ပျံများသည် မြေကြောကို လျင်မြန်စွာ ရှုံ့ပစ်၍နေကြလေပြီ။ သို့ဖြစ်ရာ အဘယ်မှာ ရှေးကလေ့ခေတ်၊ လှည်းခေတ်၊ ဆင်ခေတ်၊ မြင်းခေတ်ကကဲ့သို့ သောအဟုန်ဖြင့် ကမ္ဘာခြေလှမ်းကိုလိုက်နေ၍ မီနိုင်ပါအံ့နည်း။ လေယာဉ်ပျံကို လေယာဉ်ပျံချင်း၊ ရေဒီယိုအသံလွှင့်စက်ကို ရေဒီယိုအသံ လွှင့်စက်ချင်း၊ အမီလိုက်သည့်တိုင်အောင် နောက်မကျရုံသာရှိပေလိမ့်မည်။ ပထမတန်းနိုင်ငံကြီးများ သုံးဆောင်စေစားနေသည့် လောကဓာတ်ပညာ ဆိုင်ရာ ကိရိယာတန်ဆာပလာတို့ကို မျိုးစုံစွာထားရှိ၍ ထိုကိရိယာတန်ဆာပလာတို့ကို တိုးတက်ကောင်းမွန်သည်ထက် ကောင်းမွန်အောင် အမြဲတိုးချဲ့ ပြင်ဆင်နေ၍သာလျှင် ကိုယ့်အစီအစဉ်အတိုင်း ကိုယ်မြန်ဆန်စွာ ပေါက်ရောက်အောင် စိုင်းပြင်းလုပ်ကိုင်ကြရပေလိမ့်မည်။ လူ၏ခွန်အားကိုသာမဟုတ် ရေ၏ခွန်အား၊ လေ၏ခွန်အား၊ နေရောင်ခြည်၏ခွန်အား၊ မြေဆီမြေနှစ်တို့၏ ခွန်အားကို နည်းလမ်းအစားစားဖြင့် သုံးစွဲကြရပေလိမ့်မည်။ နိုင်ငံတော်၏သဘာဝပစ္စည်းများကို ပြည့်ပြည့်ဝဝ နိုင်ငံတော်နှင့်တကွ (ပိုလျှံလျှင် ပိုလျှံသလောက်) ကမ္ဘာကပါ သုံးဆောင်ခံစားနိုင်စေရန် ခေတ်အမီဆုံးသော ကိရိယာတန်ဆာပလာတို့ဖြင့် ထုတ်နုတ်ယူငင်ကြရပေလိမ့်မည်။ ကိုယ့်တွင်မပြည့်စုံသော (ဝါ) မရှိသော လူသုံးပစ္စည်းဝတ္ထုများကို ကိုယ် ထုတ်လုပ်ရရှိသဖြင့် ပိုလျှံနေသော ပစ္စည်းဝတ္ထုများနှင့် အညမည သမ္ဗန္ဓ ဆက်သွယ်ကာ လဲလှယ်သုံးစွဲကြရပေလိမ့်မည်။

ဤကား နိုင်ငံတော်ကြီးနှင့်ပတ်သက်၍ "ကြိုက်ရာသော" ရည်ရွယ်မှန်းထားချက်ကြီး ဖြစ်စေသင့်လေသည်။ ဤကြိုက်ရာသော ရည်ရွယ်မှန်းထားချက်ကြီးမှာ ပြတ်သားထင်လင်းစွာ နိုင်ငံတော်သူ နိုင်ငံတော်သားတို့၏ စိတ်ဝယ်ရှိသင့်လေသည်။ ဤရည်ရွယ်မှန်းထားချက်ရှိပြီးသည့်နောက်တွင်ကား အကြိုက်တူသဖြင့် ဖြစ်ပေါ်လာအပ်သော ညီညွတ်ရေးအရ နိုင်ငံတော်သစ်ကြီးကို အမြန်ဆုံးတည်ထောင်ကြဖို့သာရှိပေတော့သည်။ ထူထောင်ရာတွင် ၁၆ သန်းကျော်ရှိသော တိုင်းရင်းသားနိုင်ငံတော်သူ နိုင်ငံတော်သားတို့သည် ကိုယ်သန်ရာသန်ရာဘက်မှနေ၍ ကိုယ့်အစုတာဝန်ကျရာကို အချိန်

mgyoe.com

မကုန်မခန်းစေရန် ကိုယ်စီကိုယ်စီပြုလုပ်ကြရလိမ့်မည် ဖြစ်ပေသည်။ လျင်မြန်သောအဟုန်ဖြင့် ပြီးစီးစေတတ်သော စက်မှုကိရိယာကြီးများ မရရှိသေးမီ မိမိတို့၏လက်နှင့်တကွ လက်ရှိ စူးဆောက် စသော ကိရိယာတန်ဆာပလာများကိုပင် အသုံးပြုကာပြီး တတ်သရွေ့ လုပ်ကိုင်နေကြရပေလိမ့်မည်။ ကိုယ်မလုပ်လျှင် သူလုပ်လိမ့်မည်ဖြစ်ရာ ကိုယ့်နိုင်ငံတော်ကို ကိုယ်သာလျှင် ကိုယ့်ခွန်အားရှိသလောက်ဖြင့် ကိုယ်တိုင်လုပ်ကိုင်သည်ဟု ဂုဏ်ယူထိုက်သည်မဟုတ်ပါလော။

❑

mgyoe.com

mgyoe.com

# ဘကြီးကျန်း

နေထန်းတစ်ဖျားလောက်ရှိပြီဟုဆိုလျှင်ပင် ဘကြီးကျန်းသည် အိမ်ရှေ့ကွပ်ပျစ်ကလေးပေါ်တွင် ဒူးတစ်ချောင်းထောင်ပြီးထိုင်ကာ ဆီများ ရွှဲနေအောင် ဆမ်းထားသော ပဲပြုတ်ကလေးကို တဖြည်းဖြည်းဝါးမြုံ့ရင်း လက်ဖက်ရည် ကြမ်းသောက်လေ၏။ မျက်စိနှစ်လုံးမှာကား မိမိ၏တစ်သက်တွင် အခါ ပေါင်းအရာအထောင်မက ဖတ်ရှုသုံးသပ်ခဲ့ပြီးဖြစ်၍ ဟောင်းနွမ်း စုတ်ပြတ်လျက်ရှိပြီဖြစ်သော ဓမ္မပဒဝတ္ထုတော်ကြီးကို ဆာလောင်မွတ်သိပ်စွာ ဖတ် ရှုနေလေ၏။

အိမ်ရှေ့ အိမ်ဝရန်တာကလေးမှ ကောလိပ်ကျောင်းသား သိန်းအောင်သည် ဘကြီးကျန်းကို အမြင်ကတ်သော ကြည့်ခြင်းမျိုးဖြင့်လှမ်း၍ ကြည့်ကာ "တယ်–ဒီအဘိုးကြီးဟာ တစ်နေ့လာလည်း စာအုပ်အဟောင်းအနွမ်း အစုတ်အပဲ့၊ တစ်နေ့လာလည်း စာအုပ်အဟောင်းအနွမ်း အစုတ်အပဲ့နဲ့ ကြည့်ရတာ အမြင်ကပ်လာပြီ၊ ဒီအစုတ်အပဲ့တွေဖတ်ပြီး၊ ဒီမြို့မှာ လူတတ်ကြီးလုပ်နေတာပဲ။ လူတွေကလည်းဒီအဘိုးကြီးကို ကမ္ဘာပေါ်မှာ အတော်ဆုံးထင်ပြီးမေးလား စမ်းလားလုပ်နေတာဟာ သိပ်နွားကျတာပဲ။ အင်မတန်အသစ်အသစ်တွေ ပြောင်းလဲဖြစ်ပျက်နေတဲ့ခေတ်ကြီးမှာ သူ့စာအုပ်အစုတ်အပြတ်တွေဖတ်ပြီး လူတတ်ကြီးလုပ်နေတာ လူမျိုးခြားတွေက ရယ်ချင်ကြမှာပဲ။ မြို့က ခွကိုကျပါသေးတယ်။ ဒီထဲ နင်တို့လည်းပါတာပဲ"ဟု ဘုရားစင်၌

mgyoe.com

mgyoe.com


ဆွမ်းတင်မည်ပြုနေသော နှမကလေး ညွန့်ဝေကို လှမ်း၍ ကြိမ်းမောင်းပြောဆိုလေ၏။

ညွန့်ဝေလည်း လင်ပန်းကလေးကို အသာအယာချကာ မျက်နှာသုတ်ပဝါကို ပခုံးပေါ်သို့ ပင့်၍တင်လိုက်ပြီးနောက် "အစ်ကိုကြီးကလည်း သိပ်ခက်တာပဲ၊ အစ်ကိုကြီးဘာသာအစ်ကိုကြီး မျက်မုန်းကျိုးရုံနဲ့အားမရဘူး။ သူများတွေကိုပါ မှိုချိုးမျှစ်ချိုး လိုက်ပြောနေတာပဲ။ ဘကြီးကျန်း ဘယ်လောက် ကျမ်းတတ်တယ်ဆိုတာ အစ်ကိုကြီးမသိရင် အစ်ကိုကြီးဟာ ဘကြီးကျန်း ပြောသလို လူ့အန္ဓမို့ပဲ။ ကိုင်း" ဟု ဒေါသကလေးများထွက်ကာ ပြန်လှန်ချေပပြီးလျှင် ဆွမ်းတော်တင်ရန် ဘုရားစင်ဘက်သို့ မျက်နှာကို လှည့်လိုက်လေ၏။

"ဟေ့ ဘာပြောတယ်ကွ၊ ဒီအဘိုးကြီးက ငါ့ကို လူ့အန္ဓတဲ့လား။ ငါ သွားဆော်မယ်။ ငါ အခု သွားဆော်မယ်။ ဒီအဘိုးကြီးကို အမြင်ကတ်နေတာ ကြာလာပြီ" ဟု ဒေါသကြီးစွာပြောလျက် ဒုန်းဒိုင်းနှင့် ဆင်းသွားမည်ပြုသည့်အခါ ညွန့်ဝေမှာ မျက်လုံးကလေးများပြူးလျက် –

"မဟုတ်ပါဘူး အစ်ကိုကြီးရဲ့၊ နေပါဦး လူ့အန္ဓလို့ ဘကြီးက အစ်ကိုကြီးကို တိုက်ရိုက်ပြောတာ မဟုတ်ပါဘူး။ မသိတဲ့လူဟာ အန္ဓလို့သာ ပြောတာပါ။ အစ်ကိုကြီးမသိလို့ ကျွန်မက အစ်ကိုကြီးကို စိတ်မရှည်နိုင်တာနဲ့ လူ့အန္ဓလို့ပြောတာ သိပလား"

ဤတွင်မှ သိန်းအောင်လည်း ကိုယ်ရှိန်သတ်ကာ "အောင်မာ နင်တို့က လူပါးဝလို့။ ဒါ ပညာရှိနဲ့ပေါင်းသင်းလို့ အခုလို လိမ်လိမ်မာမာပြောတာပေါ့လေ၊ ထွီ – ပညာရှိတဲ့၊ ဘာပညာရှိလဲ။ ပြင်ပြင်ကြီး ညာနေတာတွေသာ ရှိတာပဲ။ တယ်လေ ငါထင်တိုင်းပြောလိုက်ရ မကောင်းဘူး" ဟု ဒေါနှင့်မောနှင့်ပြောကာ အတွင်းဘက်သို့ဝင်သွားသောကြောင့် ညွန့်ဝေလည်း မိမိ၏ အစ်ကိုကြီးအတွက် များစွာစိတ်မကောင်းဖြစ်ကာ ဆွမ်းတော်ကပ်ခြင်း အမှုကို ပြုရလေ၏။

ထို့နောက် သူ့ကိစ္စ၊ ကိုယ့်ကိစ္စဖြင့် တစ်ဦးနှင့်တစ်ဦး စကားမပြောနိုင်ဘဲ ရှိနေကြရာမှ ထမင်းစားချိန်သို့ရောက်၍ ထမင်းပွဲတွင် ဆုံမိကြသောအခါသို့တိုင်အောင် သိန်းအောင်မှာ အခဲကျေသေးပုံမရသည်နှင့် ညွန့်ဝေ

mgyoe.com

mgyoe.com


လည်း မျက်နှာရိပ်မျက်နှာကဲကိုခတ်ကာ စကားတစ်ခွန်းမျှမပြောဘဲ ထမင်းကို သာ ငုံ့၍စားပြီးလျှင် လက်ဆေး၍ မီးဖိုချောင်ဆီသို့ ထသွားလေ၏။

တစ်ခဏမျှကြာ၍ မီးဖိုချောင်မှပြန်ထွက်လာသောအခါ ညွန့်ဝေ၏ လက်တွင် ပန်းကန်လုံးလေးတစ်လုံးကို တွေ့မြင်ရလေ၏။ ညွန့်ဝေလည်း သိန်းအောင်စားနေသော ထမင်းစားပွဲအနီးမှဖြတ်၍ကျော်ကာ အိမ်ရှေ့ လှေကားမှဆင်းမည်ပြုရာ သိန်းအောင်က "ဟဲ့ – ဘယ်လဲ"ဟု မိုးကြိုးပစ် လိုက်သကဲ့သို့သော တစ်ခဲနက်အသံဖြင့် မေးသောကြောင့် ညွန့်ဝေလည်း တစ်ကိုယ်လုံးတုန်သွားကာ –

"အိမ် အိမ် ရှေ့ အိမ် ကို"ဟု တစ်ခွန်းချင်း ခဲယဉ်းစွာပြန်၍ဖြေကြား လိုက်ပြီးလျှင် မည်သို့အဆိုအပြောခံရမည်ကို အသင့်နာခံနေသည့်အလား ရပ်မိရပ်ရာ လှေကားခုံမှာပင် ရပ်၍နေမိလေ၏။

"တယ် – ငါပြောလို့မှမဆုံးသေးဘူး။ သွားပြီးပူဇော်ဦးမလို့လား။ ယူခဲ့ အခု ဒီပန်းကန်၊ သူ့ဆီသွားပို့မယ့်အစား ခွေးကျွေးပစ်မယ်။ ယူခဲ့လေ– ငါ ပြောနေတာ မကြားဘူးလား။ နင်တို့တွေကြောင့် အရပ်ထဲမှာ လူကျယ် လုပ်နေနိုင်တာသိလား"ဟု ငေါက်ငမ်းရုံမျှမက မိမိမယူခဲ့လျှင် အတင်းပင် လာ၍ ယူငင်ပေါက်ခွဲပစ်တော့မည့်အလား ရှူးရှူးရှားရှားဖြစ်နေသည်နှင့် ညွန့်ဝေလည်း ခွန်းတုံ့မပြန်သာဘဲ အလွန်စိတ်မကောင်းစွာဖြင့် ဟင်းပန်းကန် ကို ပြန်၍ယူလာရပြီးလျှင် ကုလားထိုင်တစ်လုံးကိုမှီကာ မျက်ရည်ကလေး များ လည်လျက် အစ်ကိုဖြစ်သူအား ကြည့်နေမိလေ၏။

သိန်းအောင်ကား ထိုမျှပြောရ ဆိုရရုံဖြင့် မကျေနပ်နိုင်သေးသည့် အလား "နင်တို့တွေဟာ သိပ်ခက်တယ်။ နင်တို့မသိတိုင်း ညာရင်ညာတဲ့လူ ကို ဘုရားလောက်ထင်တာပဲ။ နင်တို့လို ဉာဏ်မရှိတဲ့လူတွေကြောင့် ဗမာ ပြည်ကြီး မတိုးတက်နိုင်တာပဲ။ ဉာဏ်မရှိတဲ့လူတွေက နင်တို့မကြားဖူးတဲ့ စကားတွေကို ဟန်နဲ့ပန်နဲ့ပြောပြရင် နင်တို့က သူတို့ကိုဘုရားစင်တင်ပြီးရှိခိုး မလောက်ပဲ။ နင်တို့မိန်းမတွေ အထူးသဖြင့် အသိဉာဏ်အဆင်ခြင်နည်းလို့ အားလုံးအခုလိုဖြစ်နေတာ။ လူညာတွေကလည်း လူပါးဝနိုင်တာ။ တော်... နောက် နင် ဟိုအိမ်သွားရင် အသတ်ပဲ" ဟု ကြိမ်းမောင်းကာ နောက်ဆုံး ထမင်းလုတ်ကို ခံတွင်းသို့ ဒေါနှင့်မောနှင့် သွင်းလိုက်ပြီးနောက် ဆောင့်ကြီး

mgyoe.com

mgyoe.com


အောင့်ကြီးနှင့် လက်ဆေးကာ လက်သုတ်ပဝါကို ဆတ်ခနဲဆွဲယူလေ၏။

ညွန့်ဝေမှာ မိမိအစ်ကိုကြီး၏အဖြစ်ကို ရင်ထုမနာလွန်းလှ၍ ထမင်းပွဲကိုပင် မသိမ်းနိုင်ဘဲ အိမ်ခန်းတွင်းသို့ဝင်ခဲ့လေ၏။ အစကမူ မိမိအစ်ကိုကြီး တက္ကသိုလ်ကျောင်းတော်ကြီးမှပြန်လာလျှင် မုချပင် ပညာရပ်များ တိုးပွား တတ်မြောက်လာလိမ့်မည်။ မိမိမှာမိန်းကလေးဖြစ်၍ ကျောင်းတွင် မနေနိုင်သောကြောင့် အစ်ကိုကြီးထံမှပင် ပညာကို တစ်ဆင့်ခံယူတော့မည်ဟု အားအကိုးကြီးနှင့် ကိုးခဲ့ရာမှ ယခုသော် ဘုရားတရားတော်အတိုင်း သိမ်မွေ့စွာနေထိုင်ကျင့်ကြံလျက် တရားအတိုင်း ပြောဆိုစီမံ ခန့်ခွဲပေးတတ်သောကြောင့် မြို့တစ်မြို့လုံးက ကြည်ညိုကိုးစားနေသော သူတော်ကောင်းကြီးကိုပင် ရစရာမရှိအောင် ပြောဆိုပုတ်ခတ်နေချေသောကြောင့် မျှော်လင့်အားထားခဲ့သမျှ တဖြည်းဖြည်းလွင့်ပါးလျက် အစ်ကိုကြီးဖြစ်သူကိုပင် ကြောက်ရွံ့၍လာသည့်အတွက် သိန်းအောင် အိမ်ပေါ်မှဆင်းသွားသော အသံကိုကြားရမှ အိမ်ခန်းထဲမှ ထွက်လာခဲ့လေ၏။

"ဩော – ကိုကိုသိန်း ရောက်နေတာကြာပလား။ မြတောင် အိမ်ဘက်လှမ်းကြည့်ခဲ့သေးတယ်။ ဘယ်သူ့မှမမြင်ဘူး။ ကိုကိုသိန်း ကျောင်းပိတ်လို့ ပြန်လာပြီဆိုတာ မနေ့က မညွန့်ဝေပြောလို့ သိရတယ်။ ညကတောင် လာဦးမလားလို့ မျှော်မိသေးတယ်။ မနက်စောစောကလည်း မျှော်မိသေးတယ်။ မလာနိုင်တာနဲ့ အကဲလည်းခတ်ရင်းဆိုသလို ဘကြီးကျန်းဆီသွားဟင်းကလေးပို့ပြီး မမြင်တာနဲ့ ပြန်လာခဲ့တာပဲ။ ကိုကိုသိန်း မာရဲ့နော်။ ဘယ်တော့ ကျောင်းဖွင့်မလဲ"ဟူ၍ မတွေ့ရသည်မှာ ကြာမြင့်ပြီဖြစ်သဖြင့် တစ်ခွန်းပြီးတစ်ခွန်း ဆင့်ကာဆင့်ကာ ပျူပျူငှာငှာပြောဆိုနေသော်လည်း သိန်းအောင်တွင် အိမ်ကနမကို ဆုံးမ၍မှ ပါးစပ်မပိတ်ရသေးမီ မိမိအသက်ပေး၍ချစ်သူ မြရီကပါ မိမိကြည့်၍မရသူ အဘိုးကြီးအား ပူဇော်ပသနေသည်ကို တွေ့ရသောကြောင့် များစွာမျက်နှာမကောင်းဘဲ အလိုက်သင့်အဆင်ပြေရုံမျှ ပြန်လည်ဖြေကြားခြင်းပြုလေ၏။

မြရီလည်း အကင်းပါးသူ မိန်းကလေးတစ်ယောက်ဖြစ်သည့်အလျောက် "ကိုကိုသိန်း မျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲ" ဟု အလွန်စိုးရိမ်သော အမူအရာဖြင့်မေးသော်လည်း သိန်းအောင်မှာ မိမိ၏နမ

mgyoe.com

ဖြစ်သူအား ပိုင်ပိုင်နိုင်နိုင်ပြောဆိုနိုင်သကဲ့သို့ ပြောဆိုရန် မဖြစ်နိုင်သည့်အတွက် –

"ဘာမှ မဖြစ်ပါဘူး မြရယ်၊ ဒီဘကြီးကျန်းကို ကိုကိုသိန်း ကြည့်လို့မရတာ တစ်ခုပါပဲ"ဟု စကားပြတ်စေရန် တိုတိုတုတ်တုတ်ပင် ပြန်ဖြေလိုက်လေ၏။

သို့သော် မြရီကား ဤစကားကိုဤနေရာတွင် အပြတ်မခံနိုင်၍ "ဘာဖြစ်လို့ကြည့်မရတာလဲ ကိုကိုသိန်းရယ်။ ဘကြီးကျန်းဟာ သူတစ်ဖက်သားကို ဘာမှမလုပ်ပါပဲလား"ဟု ဘကြီးကျန်းဘက်မှ ခုခံချေပသောအသံဖြင့် ပြောလိုက်ရာ သိန်းအောင်မှာ စိတ်ကိုရှည်အောင် မအောင့်အည်း မထိန်းသိမ်းနိုင်တော့ဘဲ စောစောက ညွန့်ဝေအားပြောကြားသကဲ့သို့ ဘကြီးကျန်းလိမ်ညာနေပုံတို့ကို ပြောပြလေ၏။

မြရီလည်း တစ်ခွန်းတစ်ပါဒမျှ ဝင်၍မပြောဘဲနေပြီးမှ သိန်းအောင်စကားစပြတ်၍သွားသည့်အခါ "ဩော် ကိုကိုသိန်း ဒီလိုယူဆထားတာကိုး၊ ကိုကိုသိန်း ဒီလိုယူဆထားတယ်လို့ မြအရင်ကမသိခဲ့ဘူး။ တကယ့်ပညာရှိကြီး၊ သူတော်ကောင်းကြီးတစ်ဆူကို ကိုကိုသိန်း သက်သက်ပြစ်မှားနေတာပဲ။ ပြီးမြို့က လူတွေ ဘကြီးကျန်းအပေါ်မှာ ကြည်ညိုနေတာဟာ အ,လို့န,လို့ပဲဆိုတာလည်း မြို့ကို ကိုကိုသိန်းအထင်သေးပြီး ရှုတ်ချရာကျတာပဲ။ ကိုကိုသိန်း ၁၃ တန်းအောင်လို့ ၁၄ တန်းရောက်ပြီဆိုတာ မြလည်း သိပါတယ်။ ကိုကိုသိန်းရဲ့ပညာဟာ အတော်ကြီးမားတယ်ဆိုတာ မြ ယုံကြည်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ ကိုကိုသိန်းအတွေးအခေါ်မှားပြီ ထင်ပါတယ်။ ဘကြီးကျန်းဟာ ကိုကိုသိန်းတို့လို တက္ကသိုလ်ကျောင်းကြီးကိုတော့ မရောက်ဖူးရှာဘူး။ ဒါပေမဲ့ ပညာတော့တတ်တာပဲ ကိုကိုသိန်းတို့တတ်တာလည်း တတ်တာပဲ။ သို့ပေမဲ့ လူတွေရဲ့သံသယကို ဖျောက်နိုင်လောက်အောင် တတ်မှာတော့ မဟုတ်ဘူး။ ဒါ ကိုကိုသိန်းရဲ့ ချို့ယွင်းချက်တော့ မဟုတ်ပါဘူး။ ကိုကိုသိန်းတို့ရဲ့ ခေတ်ပညာမှာကို ချို့ယွင်းနေတာကိုး၊ ကိုကိုသိန်းတို့ရဲ့ပညာက သံသယကို တိုးတိုးပြီးဖြစ်စေနိုင်တယ်။ ဘကြီးကျန်းတို့၊ မြတို့လိုက်စားတဲ့ ပညာက သံသယကို တိုးတိုးပြီး ဖြေဖျောက်နိုင်စေတယ်။ တစ်ခုက သံသရာရဟတ်ကြီး အရှိန်ပိုပြီးလည်အောင် အားပေးတယ်။ တစ်ခုက

mgyoe.com

mgyoe.com
သံသရာရဟတ်ကြီး စက်ရပ်သွားအောင် အားပေးတယ်။ အဲဒါကွာခြားတာပဲ။ မြပြောတာ ဟုတ်–မဟုတ် ကိုကိုသိန်းကိုယ်တိုင် စဉ်းစားကြည့်လေ"

သိန်းအောင်သည် မြရီ၏ လေးနက်သောမျက်နှာထားကို ကြည့်ကာ စဉ်းစားနေလေ၏။

"စဉ်းစားလေ ကိုကိုသိန်း ကောလိပ်ကိုမသွားခင်က ဒီလောက အကြောင်းနဲ့ပတ်သက်ပြီး ရှိတဲ့သံသယနဲ့ အခုကောလိပ်ရောက်ပြီးမှရှိတဲ့ သံသယဘယ်သင်းက ပိုပြီးများသလဲ၊ ကြီးမားလာသလဲ။ လူတွေ ပညာရှာတယ်ဆိုတာ ကိုယ်လုံးလုံးမသိတာတို့၊ တစ်ဝက်တစ်ပျက် သိတာတို့ကို ရှင်းရှင်းလင်းလင်း ကွင်းကွင်းကွက်ကွက်သိအောင် ရှာကြတာပဲမဟုတ်လား။ ကိုကိုသိန်း အခု ကောလိပ်ရောက်ပြီးမှ ရှေးကထက်တိုးပြီး လောကသဘာဝကြီးကို နားလည်လာသလား၊ ဒါမှမဟုတ် ရှေးကထက်တိုးပြီး အစဉ်းစားရကျပ်လာသလား"

မြရီ၏အသံသည် လေးနက်စွာစဉ်းစားနေသော သိန်းအောင်၏ နားအတွင်းသို့ တစ်လုံးချင်း ပြတ်သားစွာဝင်လေ၏။ ဘကြီးကျန်းနှင့် ၎င်း၏ စုတ်ပြတ်သတ်နေသော စာဟောင်းစာမြင်းတို့အပေါ်တွင် မိမိထားခဲ့သည့် ခိုင်မာသောထင်မြင်ချက်တို့သည် တဖြည်းဖြည်းကြိုးလျော့သော စောင်းကဲ့သို့ ပျော့ပျောင်း၍လာလေ၏။

"ကိုကိုသိန်းတို့ ပညာလည်း သေးငယ်တယ် မဆိုပါဘူး။ ဒါပေမဲ့ မြအထင်မှာတော့ သံသရာနယ်ကြီးကို ချဲ့ပေးနေတာပဲ။ သံသယကို မဖြေဖျောက်နိုင်တဲ့အပြင် တိုးတိုးပြီးဖြစ်အောင် ဟိုလူကတစ်မျိုးပြော၊ ဒီလူက တစ်မျိုးဆိုနဲ့ ဘယ်တော့ သူတို့သဘောညီညွတ်ကြတာရှိသလဲ။ ဒီနှစ်ထွက်တဲ့ စာအုပ်နဲ့ ရှေ့နှစ်ထွက်တဲ့စာအုပ်ဟာ မတူတော့ဘူးလို့ ကိုကိုသိန်းပြောဖူးတယ်မဟုတ်လား။ ဒါ ဘာကြောင့်လဲ၊ သူတို့ဟာ ယထာဘူတဆိုတဲ့ ဟုတ်မှန်တဲ့ ဉာဏ်ကိုမရကြလို့ စမ်းတဝါးဝါးနဲ့ရှာဖွေစူးစမ်းနေကြရလို့ မဟုတ်လား။ မြတော့ ဗမာတွေ အင်္ဂလိပ်ကျောင်းတွေမှာ စာသင်တာဟာ ကိုယ်တတ်ပြီးသား သိပြီးသားဟာတွေ၊ ဒါမှမဟုတ်လည်း ဗုဒ္ဓဘာသာစာပေ ကျမ်းဂန်တွေထဲမှာပါနေလို့ လွယ်လင့်တကူသိနိုင်တဲ့ဟာတွေကို သက်သက်စွန့်ပြီး မသိတသိနဲ့ လူတတ်လုပ်နေကြတဲ့ ဆိုချင်တာပဲ။ ဘာကြောင့်လဲ
mgyoe.com

mgyoe.com

ဆိုတော့ကြည့်လေ ဒီလူတစ်ယောက်တည်းကပေမယ့်လည်း ဒီနှစ်ရေးတဲ့ ဒီအကြောင်းစာအုပ်ဟာ ရှေ့နှစ်ကျတော့ မဟုတ်တော့ဘူး။ အခုပိုပြီး အသိကျယ်လာပြီဆိုပြီး နောက်ထပ်စာအုပ်ရေးပြန်တာပဲ။ မြပြောတာ ကိုကိုသိန်းသဘောမကျရင် မြကိုစိတ်မဆိုးနဲ့နော် မြ စိတ်မှာထင်တာ ပြောမိတာပဲ"

သိန်းအောင်သည် အင်းမလုပ်၊ အဲမလုပ် ငြိမ်သက်စွာနားထောင်နေရာမှ "မြပြောတာ ဟုတ်တော့ဟုတ်တာပဲ။ ဒါပေမဲ့ ဒီလောက်တော့လည်း မဆိုးသေးပါဘူး၊ ကိုကိုသိန်းတို့ တတ်သလောက်တတ်လို့ အခု ဒီအတန်းအထိပဲ ရောက်လာခဲ့ပြီမဟုတ်လား"

"ဟုတ်ပါတယ်၊ မြလည်း စောစောကတည်းက ပြောထားသားပဲ။ ဒါပေမဲ့ မြဆိုလိုတာက ဒီအင်္ဂလိပ်စာတွေကို သင်လို့ ကိုကိုတို့ရဲ့ ကိုယ်ပိုင်ဉာဏ်ဟာ ငြိမ်းလာသလား၊ အဲဒါပြောပါ"

သိန်းအောင်သည် အဖြေရကျပ်နေလေ၏။ မိမိချစ်သူ၏ရှေ့တွင် မိမိ သိမ်ငယ်သွားမည်ကို များစွာစိုးရိမ်လေ၏။

"ကောင်းသင့်သလောက်တော့ ကောင်းလာတာပေါ့ မြရဲ့၊ ဘယ်အလကားဖြစ်ပါ့မလဲ။ မြ မယုံရင် စမ်းကြည့်ပါလား"ဟု စကားကို ပေါ့သွားအောင် ပြုံးလျက်ပြောလေ၏။

"မြ တစ်ခုမေးမယ်နော်၊ ကိုကိုသိန်းကို မယုံလို့မဟုတ်ဘူး။ ဒါပေမဲ့ သိရအောင်ပြောကြည့်တာ၊ ကဲ– လူတစ်ယောက်ဟာ မနက်ခပ်စောစောက ရှစ်ပါးသီလယူထားတယ်တဲ့။ နောက် မနက်ဆယ်နာရီလောက်ကျတော့ ငါးပါးသီလ သူများနဲ့ရောပြီးယူလိုက်ပြန်သတဲ့၊ ဒီတော့ သူဟာရှစ်ပါးသီလ ပျက်ကရောလား။ အဲဒီနေ့အဖို့ ဘယ်သီလကို ထိန်းသိမ်းတယ်ဆိုရမလဲ"

"ဟာ ဒါ အလွယ်ကလေးပေါ့ မြရာ၊ မေးနေရသေးသလား၊ ငါးပါးသီလကို နောက်ထပ်ယူပြီး ယူတယ်ဆိုပေမယ့် စင်စစ်မတော့ ငါးပါးသီလဟာ ရှစ်ပါးသီလထဲမှာလည်း အပါအဝင်ဖြစ်ပြီးသားမို့ ရှစ်ပါးဘယ်ပျက်မလဲ၊ အင်္ဂလိပ်လိုမှာတော့ ရှစ်ပါးသီလထဲမှာ ငါးပါးသီလလည်း ထုံမွှမ်း (အကျုံးဝင်) ဖြစ်နေတာကလား"

"အဲ လွဲပြီ၊ ကိုကိုသိန်း လွဲပြီ၊ ဒီလိုကြည့်ပြီး လွယ်လွယ်ကူကူတွက်လို့ ရတာမျိုးမဟုတ်ဘူး။ ရှစ်ပါးသီလကို ပထမခံယူစဉ်က ရှစ်ပါးသီလကို

mgyoe.com

mgyoe.com

ပေးသနားတော်မူပါဘုရားလို့ တောင်းတယ်။ ဒီတော့ ရှစ်ပါးသီလရတယ်။ နောက်ငါးပါးသီလယူတော့ အဟံဘန္တေ တိသရဏေနသဟ ပဥ္စသီလံ ဓမ္မံ ယာစာမိလို့ ငါးပါးသီလသာတောင်းယူတယ်။ ဒီလို ငါးပါးသီလတောင်းယူပြီးတဲ့နောက် ဒီလူအဖို့ စောစောကတောင်းထားတဲ့ ရှစ်ပါးသီလဟာ မရှိတော့ဘူး။ ငါးပါးသာရှိတော့တယ် မဟုတ်လား၊ စဉ်းစားလေ၊ စဉ်းစားရင် အမှန်အတိုင်းပေါ်လာမှာပဲ။ အဲဒါမျိုးကျတော့ ဘကြီးကျန်းတို့ဟာ စဉ်းစားတောင် မနေရဘူး။ တစ်ခဏချင်း ဖြေဆိုနိုင်တာပဲ။ ဒါကြောင့် မြအထင်မှာ ဘကြီးကျန်းတို့လို ပုဂ္ဂိုလ်မျိုးတစ်ယောက် ဒီမြို့မှာရှိတာဟာ တကယ့်တက္ကသိုလ်ကြီးတစ်ခုပဲ။ အဲဒါကြောင့် သွားသွားပြီး ဆည်းပူးရတာပဲ။ အဲဒါကြောင့် ပညာအတွက် ကန်တော့ရတာ ကိုကိုသိန်းရဲ့–ရှင်းပလား၊ ကိုကိုသိန်း စိတ်မကျေနပ်ရင် ဒီည ခပ်ခက်ခက်ပြဿနာတစ်ခုကို စဉ်းစားထားလေ။ မနက်ကျတော့ အိမ်ရှေ့ကူးပြီးမေးကြည့်ပါလား။ ဒိုးခနဲ ဒက်ခနဲနဲ့ တစ်ချက်မလွဲအောင် ဖြေလိုက်လိမ့်မယ်'

နေထန်းတစ်ဖျားလောက်ရှိပြီဆိုလျှင် ဘကြီးကျန်းအား အိမ်ရှေ့ကွပ်ပျစ်ကလေးပေါ်တွင် ဒူးတစ်ချောင်းထောင်ပြီးထိုင်ကာ ဆီများရွှဲနေအောင် ဆမ်းထားသော ပဲပြုတ်ကလေးကို တဖြည်းဖြည်းဝါးမြုံ့ရင်း လက်ဖက်ရည်ကြမ်းသောက်နေသည်ကိုတွေ့မြင်ရပေ၏။ မျက်စိနှလုံးမှာကား ၎င်းတစ်သက်တွင် အခါပေါင်းအရာထောင်မက ဖတ်ရှုသုံးသပ်ခဲ့ပြီးဖြစ်၍ ဟောင်းနွမ်းစုတ်ပြတ်လျက်ရှိပြီဖြစ်သော စာအုပ်တစ်အုပ်ကို ဆာလောင်မွတ်သိပ်စွာ ဖတ်ရှုနေသည်ကို တွေ့မြင်ရပေ၏။

အိမ်ရှေ့ အိမ်ဝရန်တာကလေးမှ သိန်းအောင်သည်ကြည့်ကာ ညက မိမိစဉ်းစားထားသော ပြဿနာကိုမေးခြင်းအားဖြင့် အဘိုးကြီးအား ချောက်ချားစေလိုက်ရဦးမည်ဟု တွေးတောနှစ်သိမ့်နေလေ၏။ ထို့နောက် ဘုရားတင်ရန် ပန်းများကို ရေဆေးနေသော ညွန့်ဝေဘက်သို့လှည့်ပြီးလျှင်...

"ညွန့်ဝေ၊ ငါ အိမ်ရှေ့အိမ်ကို ခဏသွားလိုက်ဦးမယ်" ဟု ပြောပြောဆိုဆို ဆင်း၍သွားသောကြောင့် ညွန့်ဝေတွင် ယမန်နေ့က ပြောစကားများကို ပြန်လည်တွေးတောကာ ဘကြီးကျန်းအား မတော်မသင့်ပြုလုပ်ရန်များလားဟု ရင်ကလေးများ ခုန်လာသည့်တိုင်အောင် ပူပင်ကြောင့်ကြမိလျက် မိမိ
mgyoe.com

mgyoe.com


အစ်ကိုကြီးအား မျက်တောင်မခတ်ကြည့်နေမိလေ၏။

သိန်းအောင်သည် ကွပ်ပျစ်ပေါ်သို့ရောက်လေပြီ။ ဘုရား...ဘုရား၊ ဘကြီးကိုများ ထိုးလိုက်ကြိတ်လိုက်မလားဟု တွေးတောကာ မျက်လုံးကလေးများပြူးလျက် အိမ်ပေါ်မှ တစ်ဟုန်တည်း ပြေးဆင်းလာခဲ့လေ၏။

ထို့နောက် မောကြီးပန်းကြီးဖြင့်...

"အစ်ကိုကြီး...အစ်ကိုကြီးဘာလုပ်မလို့လဲ"ဟု အသက်သော်မျှ မှန်အောင်မရှုနိုင်ဘဲ မေးလေရာ သိန်းအောင်လည်း...

"ဟ...ငါ ညကစဉ်းစားမိတဲ့ မရှင်းတဲ့မေးခွန်းကလေးတစ်ခုကို မေးမလို့ပါဟ၊ နင့်နှယ်စိုးရိမ်ရန်ကော၊ သွား...အိမ်မှာလုပ်စရာရှိတာ လုပ်ချေ။ ပြီး မနက်က စားတော်ပဲပြုတ်ကလေး ကျန်သေးတယ်မဟုတ်လား။ ခွေးမကို အပို့ခိုင်းလိုက်၊ သွား သွား"ဟု အေးအေးသာသာပင်ပြောသောကြောင့် မိမိကိုယ်ကိုယ် မယုံနိုင်အောင်ရှိကာ သွားဆို၍သာပြန်လာခဲ့ရသော်လည်း မည်သည့် ခွမေးခွန်းကို မေးပြီး ဘကြီးကျန်းအား မည်သို့ခွထိုးဦးမည်နည်းဟု များစွာသိချင်မိလေ၏။

"အင်း...လုံမကလေးကဖြင့် တော်ရှာပါပေကွ၊ တော်ရှာပါပေတယ်။ ကဲ... ဘကြီးကို ဘာများမေးမလို့လဲကွယ့်၊ မလာစဖူး လာတာ"

"မလာစဖူးလာဆို ဘကြီးကို ကျွန်တော်မေးစရာတစ်ခုရှိလို့ပဲ"

"အောင်မယ်၊ မင်းတို့လို ရန်ကုန်ပြန် အင်္ဂလိပ်စာတတ်တွေက တို့ အဘိုးကြီးတွေဆီများ မေးလားစမ်းလားလုပ်မယ်ဆိုတာ ဘကြီးတော့ မယုံချင်ဘူးကွယ့်"

"မယုံချင်ပေမယ့် ကျွန်တော်မေးရအောင် ဒီရောက်နေပြီမဟုတ်လား ဘကြီးရဲ့"

"ကိုင်း...မေးစမ်းပါဦးကွယ်၊ မေးစမ်းပါဦး။ ဒါပေမဲ့ မေးဆိုတာက ဒီလိုရှိသေးသကွယ့်၊ မသိလို့မေးတာလား၊ ဘကြီး ဖြေနိုင် မဖြေနိုင်သိချင်လို့ မေးတာလား"

"မသိလို့မေးတာပဲထားပါ ဘကြီးရယ်"

"အင်း မေးတာတော့ ဖြေရတာပေါ့ကွယ်၊ ဒါပေမဲ့ မင်းတို့ အင်္ဂလိပ်စာပေနဲ့ တို့မြန်မာစာပေနဲ့ အယူအဆချင်းတော့ တယ်ပြီးတူမျှကြမှာမဟုတ်

mgyoe.com

mgyoe.com

လို့ တို့ပေးတဲ့အဖြေကို မင်းတို့ကြိုက်ချင်မှကြိုက်မှာကွယ့်။ ဥပမာ ကလေးနဲ့ လူကြီး အလားတူရာဇဝတ်မှုတစ်ခုကိုကျူးလွန်တဲ့အခါ မင်းတို့လောကီအကြောင်းအရဆိုရင် မလိမ္မာသေးတဲ့ကလေးက အပြစ်ပေါ့ပြီး လိမ္မာတဲ့ လူကြီးက အပြစ်လေးမယ် ဒီလိုမဟုတ်လားကွယ့်"

"ဟုတ်ပါတယ် ဒီအတိုင်းပါပဲ၊ ဘကြီးက ဒါကို ဘယ်လိုများ ဆိုချင်သေးလို့ပါလဲ"

"အဲ ဘကြီးတို့မြန်မာစာပေကျမ်းဂန်ဘက်ကတော့ ဒီလိုမဟုတ်ဘူးကွယ့်။ အမှုကျူးလွန်တဲ့နေရာမှာ ကလေးက လူကြီးထက် သာလွန်ထိရောက်တဲ့အတွက် အပြစ်ရှိရာမှာလဲ။ ကလေးကပဲ လူကြီးထက် သာလွန်အပြစ်ကြီးသေးသကွယ့်"

"ဒီအယူကို ကျွန်တော်သဘောမကျနိုင်ဘူး ဘကြီး၊ ဘယ်နည်းနဲ့မှ သဘောမကျနိုင်ဘူး၊ ကလေးဆိုတာ ဘာမှသိတာမဟုတ်ဘဲကလား။ ဒီတော့ ဒီတော့ ဘယ်မှာအပြစ်ကြီးနိုင်ပါ့မလဲ"

"အဲဒီအယူအဆတွေပေါ်မှာမို့ပြီး မောင်တို့ တရားဥပဒေစီရင်ထုံးတွေလည်း လုပ်ထားလေတော့ ဘယ်မှာ လမ်းမှန်ကျတော့မလဲကွယ့်၊ တရားဥပဒေအရာမှာ ကလေးရယ်၊ လူကြီးရယ်လို့ ခွဲခြားခြင်းမပြုဘဲ အပြစ်ရဲ့ အဆောက် အအုံကြီးခြင်းကိုပဲ ကြည့်ပြီး ဆုံးဖြတ်စီရင်မှ အပြစ်အထိုက်အလျောက် ဖြစ်တော့မပေါ့ကွယ့်၊ မင်းစဉ်းစားလေ။ တရားဥပဒေဆိုတာ ပုဂ္ဂိုလ်ခွဲခြားနေရင် ဘယ်မှာဖြောင့်မတ်ညီညွတ်ပါတော့မလဲ။ ပုဂ္ဂိုလ်ခွဲခြားတယ်ဆိုရာမှာလည်း လူကပဲ လူကိုခွဲခြားတယ်မဟုတ်လားကွယ့်။ ဒီတော့ မှန်ရာကန်ရာ ဖြစ်နိုင်ပါ့မလားကွယ့်။ ကလေးနဲ့လူကြီးအပြစ် ကျူးလွန်ကြပြီဆိုရင် လူကြီးက အတိုင်းအရှည်ကိုသိလို့ ဆင်ခြင်နိုင်သေးတယ်။ ကလေးက မသိဘူး။ မသိတော့ ကျူးလွန်တဲ့နေရာမှာ သာလွန်သွားတတ်တယ်။ အဲဒီ အခါမှာ ကလေးက လူကြီးထက် အပြစ်ရှိတော့မပေါ့ကွယ့်။ ဒီနေရာမှာ မင်းတို့အယူအဆနဲ့ ကောင်းကောင်းကြီးဆန့်ကျင်မနေဘူးလားကွယ့်"

သိန်းအောင်သည် ဘာမျှပြန်၍မပြောဘဲ ငြိမ်သက်စွာစဉ်းစား၍ နေလေ၏။ ထိုအခိုက် ခွေးမသည် ပဲပြုတ်ဆီဆမ်းကို လာ၍ထည့်ပြီး ပြန်သွားလေ၏။

mgyoe.com

"ကဲ–ကဲ မင်းမေးချင်တယ်ဆိုတဲ့ဟာကို မေးစမ်းပါဦးကွယ် ကြားရအောင်၊ ဘကြီးတို့ တတ်သလောက် မှတ်သလောက်တော့ ပြောရတာပေါ့"

"ကျွန်တော် မေးချင်တာကတော့ ငါးပါးသီလထဲမှာပါတဲ့ ကာမေသုမိစ္ဆာစာရ နေရာမှာ လင်ရှိမိန်းမတစ်ယောက်က သူ့မှာ လင်မရှိပါဘူးလို့ ပြောတာကို ယောကျ်ားတစ်ယောက်က ယုံကြည်ပြီး တကယ့်အလွတ်အလပ်ထားပြီး ပေါင်းသင်းဆက်ဆံမိပါရော။ အဲဒီလိုပေါင်းသင်းဆက်ဆံမိရာမှာ ပရဒါရကံ လွတ်မလွတ်ပါပဲ"

"သြော် – ပရဒါရကံဆိုတော့ စကားကမပြည့်တတ်သေးဘူးကွယ့် ပရ ဆိုတာက သူတစ်ပါး ဒါရဆိုတာက မယား။ ဒီတော့ ပရဒါရကံဆိုတာ သူတစ်ပါးမယားကံဆိုတာလောက်ပဲ ရှိသေးသကွယ့်၊ အင်း မင်းအမေးကတော့ တော်တော်ကောင်းတဲ့အမေးတစ်ခုပဲ။ ခုကာလ လူငယ်တွေ တယ်ပြီးသိချင်ကြလိမ့်မကွယ့်။ သိလည်း သိထိုက်သကွယ့်၊ အင်မတန်အရေးကြီးတဲ့ ပြဿနာကြီးကလား၊ ကဲ ကဲ ဖြေရတာပေါ့။ မင်းမေးတဲ့အမေးကို ကျမ်းဂန်အရ ဖြေရမယ်ဆိုရင် အဲဒီယောကျ်ားဟာ ပရဒါရိကကံ မုချအားဖြင့် ထိုက်သကွယ်"

"ဟာ ဘကြီးရာ၊ ဘယ်အတွက်ကြောင့်ထိုက်ရမှာလဲ၊ သူမှ မသိဘဲဟာ မိန်းမကိုယ်တိုင်က သူ့မှာလင်မရှိပါဘူးလို့ ပြောနေတာပဲ၊ ဒီတော့ယောကျ်ားက လွန်ကျူးမိမှာပေါ့။ တကယ်လို့ မိန်းမမှာ ယောကျ်ားရှိမှန်းသာသိမယ်ဆိုရင် ဘယ်ကျူးလွန်ပါ့မလဲ။ ခုလို မိန်းမက သူလွတ်လပ်ပါတယ်ဆိုလို့ ယူပြီးပေါင်းသင်းမိတော့တာ ယောကျ်ားမှာ ဘာမှမသိတာမို့ ပြစ်ချက်မလွတ်ထိုက်ပေဘူးလား ဘကြီး"

"မလွတ်ဘူးကွယ့် မလွတ်နိုင်ဘူး။ မင်းပြောတာက ပါဏာတိပါတသဘောခပ်ဆန်ဆန်ပြောနေတာ။ ပါဏာတိပါတနဲ့ ကာမေသုမိစ္ဆာစာရဟာသဘောချင်းမတူကြဘူး။ အဋ္ဌသာလိနီ အဋ္ဌကထာမှာ ပါဏာတိပါတာဆိုငါးပါးပြပြီး ကာမေသုမိစ္ဆာစာရ အင်္ဂါကျတော့ လေးပါးသာပြထားသကွယ့်။ ကာမေသုမိစ္ဆာစာရ အင်္ဂါလေးပါးဆိုတာကတော့ (၁) အဂမနီယဝတ္ထု – မသွားလာ မလွန်ကျူးအပ်တဲ့ မိန်းမလည်းဖြစ်စေ၊ (၂) တသ္မိံသေဝနစိတ္တံ– ထိုမိန်းမတို့၌ မှီဝဲလိုတဲ့စိတ်လည်းရှိစေ၊ (၃) သေဝနပယောဂေါ–မှီဝဲရန်လုံ့လ

mgyoe.com

mgyoe.com


နဲ့လည်း ယှဉ်စေ၊ (၄) မဂ္ဂေနမဂ္ဂပဋိပတ္တိ အဓိဝါသနံ–မဂ်တစ်ခုဖြင့် မဂ်တစ်ခုကို ကျင့်ရာ၌ သာယာတဲ့စိတ်လည်းရှိစေ အဲသည်အင်္ဂါလေးပါး ညီညွတ်ရင် ကမ္မပထမြောက်တော့တာပဲ။ ပါဏာတိပါတမှာ ပါဏာသည်သာ သတ္တဝါအမှတ် ရှိသည်လည်းဖြစ်စေဆိုတာ ပါတယ်။ အဲသလို ကာမေသုမိစ္ဆာစာရမှာ အာဂ မနိယဝတ္ထုသည်သာ အာဂမနိယဝတ္ထု (မသွားမလာအပ်သောမိန်းမလည်း ဖြစ်စေ) ဆိုတဲ့ အင်္ဂါမပါဘူး။ ဒီတော့ အမှတ်သညာ မပြဋ္ဌာန်းတော့ဘူး။ ဆိုလိုရင်းမှာတော့ ဂမနိယ (သွားလာအပ်တဲ့ မိန်းမ) မှတ်ပြီးမှိုဝဲသော်လည်း ဝတ္ထုမှာတော့ ကိုယ်ထင်သလို ဂမနိယမဟုတ်ဘဲ အဂမနိယ (မသွားမလာ မလွန်မကျူးအပ်တဲ့မိန်းမ) ဖြစ်နေလို့ စင်စစ်အပြစ် မလွတ်ဘူးလို့ မှတ်ပေ တော့။ ဘယ့်နှယ့်လဲ သဘောကျရဲ့လား၊ ကျမ်းဂန်ရဲ့ အဆုံးအဖြတ်ကို"

"အစ်ကိုကြီး ထမင်းစားရအောင်။ အေးတောင် ကုန်ပြီ" ဟူသောအသံကြား၍ လှည့်ကြည့်လိုက်မှပင် ထမင်းစားချိန်ရောက်၍ ညွန့်ဝေ ထမင်းစားလာခေါ်နေသည်ကို သတိရကာ ထမည်ပြင်လေ၏။

"မင်းလည်း စဉ်းစားဦးလေ။ သဘောမကျရင် လာမေးသေးတာ ပေါ့ကွယ်" ဟု အဘိုးကြီးက ပြောလေ၏။

အိမ်သို့ရောက်၍ ထမင်းပွဲ၌ ထိုင်မိသည်တိုင်အောင် စကားတစ်စုံ တစ်ရာမပြော စဉ်းစားတွေးတော၍သာနေသောကြောင့် ညွန့်ဝေလည်း မျက်နှာရိပ်မျက်နှာကဲကို ခတ်ကာ –

"အစ်ကိုကြီး – ဘယ်နှယ့်လဲ။ ဘကြီးကို ဘယ်လိုသဘောရသလဲ၊ အစ်ကိုကြီးတို့ ကောလိပ်ကဆရာတွေနဲ့ ဘယ့်နှယ်နေသလဲ။ ကျွန်မလဲ မမမြရီပြောမှသိတော့တယ်။ မမမြရီ အခုနမှပြန်သွားတယ်။ အစ်ကိုကြီးကို လာစောင့်နေတယ်၊ နောက်တော့ မစောင့်နိုင်တာနဲ့ 'ကဲ – လာရင် အိမ်ဘက်လာပါဦးလို့ပြောလိုက်ပါဆိုပြီး' ထွက်သွားတယ်။ ထမင်းမြန်မြန်စားပြီး လိုက်သွားလေ။ တော်တော်ကြာ မမမြရီက စိတ်ဆိုးနေဦးမယ်"

သိန်းအောင်သည် ထမင်းလုတ်ကို ပါးစပ်ထဲသို့သွင်းမည်လုပ်ပြီးမှ မသွင်းသေး၊ "တယ် – ဒီကောင်မလေးက နောက်တီးနောက်တောက်" ဟု ငေါက်သလိုပြောကာ မူမမှန်စွာ ပြုံးလိုက်မိသည်ကို ဖုံးကွယ်လို၍ ထမင်း

mgyoe.com

mgyoe.com

လုတ်ကို အမြန်သွင်းကာ ဟန်နှင့်၊ ပန်နှင့်စားနေလေ၏။ ညွန့်ဝေကား ဘကြီးကျန်းအိမ်သို့ တစ်နေ့ဟင်းတစ်ခွက် မှန်မှန်ကြီးပို့ရတော့မည်ဖြစ်၍ ယောက်မလောင်း မမြရီကိုပင် စိတ်ထဲမှကျေးဇူးတင်၍နေလေ၏။

ရွှေလင်းယုန်
၁၉၃၉ ခု၊ မေ ၂၇၊ ဂျာနယ်ကျော်

❑

mgyoe.com

mgyoe.com

# ဪ ဘယ်ရှေးကာံ

သဘော်ာဆိပ်သို့ သခင်သိန်းမောင် လိုက်ပို့သည်။ ကျွန်မတို့ သဘော်ာခန်းထဲသို့ရောက်ပြီး တအောင့်ကြာမှ သူပေါက်လာသည်။ သခင်သိန်းမောင်နှင့် သူ အနည်းငယ်စကားပြောပြီး ကျွန်မကို စာအုပ်တစ်ပုံကြီးနှင့် စာအိတ်တစ်စောင် လှမ်းပေးသည်။

ကျွန်မလည်း ညက ရေးလာသောစာကို သူ့အား လှမ်းပေးလိုက်သည်။ အိမ်သို့ရောက်လျှင် စာထည့်လိုက်ပါမည်ဟု ပြောလိုက်သည်။ ဌက်ခြေတွေ၊ သိကြ္ခာတွေနှင့် ဘယ်လိုပင် ဖုံး၍ထားပေလင့်၊ သူ့ရင်ထဲ၌ဖြစ်နေသည့် အခိပ္ပာယ်ကို သူ့မျက်လုံးတွင် တွေ့လိုက်ရသည်။ ကျွန်မလည်း ပြန်ခဲ့ရသည်ကို သူကဲ့သို့ပင် စိတ်မကောင်းလှပေ။ သူ၏ ချွတ်ယွင်းချက်တွေကို ကျွန်မလောက် ဖွတ်တရွတ်ပြောမည့်သူ သူ၌ တစ်ယောက်မျှ ရှိလိမ့်မည်မဟုတ်ဟု သနားမိသည်။ နောက်ဆုံး ခွဲကြသည့်တိုင် သူ့ထံမှ စကားတစ်ခွန်းမျှ မကြားလိုက်ရပေ။

သဘော်ာထွက်လျှင်ထွက်ချင်း ရှေးဦးစွာ စာအိတ်ကို ဖောက်ကြည့်သည်။ စာကို အင်္ဂလိပ်ဘာသာနှင့် အင်္ဂလိပ်စကားလုံးရိုးရိုးနှင့် ပြေပြေလှလှကလေး သုံးနှုန်းရေးသားထားသည်။ ဤစာတွင် စဉ်းစားဖွယ်ရာများပါသည်။ လေးလေးနက်နက် စဉ်းစားရန် ရှိပေသည်။

သူ့စာ၏အခိပ္ပာယ်ကား ...

mgyoe.com

mgyoe.com


မတင်တင် ဒီတစ်ခေါက်အလည်လာတာနဲ့ ပတ်သက်လို့ မနေ့က တွေ့ကြတာဟာ နောက်ဆုံးအကြိမ်ပဲလို့ ထင်မှတ်မိတယ်။ ကံအားလျော်စွာပဲ ကျွန်တော့်အထင်ဟာ မှားခဲ့တယ်။ ကျွန်တော့် အပေါ်မှာ ကရုဏာသက်ပြီး ဒီနေ့ နေ့လယ် နောက်တစ်ကြိမ်တွေ့ ခွင့် ပေးလိုက်လို့ပေါ့။ ဒါဟာ ကျွန်တော် ထင်မိမှားတာကိုပြတာပဲ။ ဒီလိုတွေ့ကြရတဲ့ အထိမ်းအမှတ်ကလေးဟာလည်း ပျော်ရွှင်နှစ်သိမ့် ဖွယ်ရာကောင်းလွန်းလို့ ကျွန်တော့်အတွက်မှာဖြင့် အလွယ်ကလေး နဲ့ မမေ့သင့် မမေ့အပ်ပါဘူး။ ဒီအတွေ့ထူးအကြုံသစ်တွေကြောင့် ကျွန်တော့်မှာဖြင့် ဒုက္ခရော သုခပါ ဝေဒနာနှစ်မျိုးစလုံးကို ခံစား လိုက်ရတာပဲ။ ဒါပေမဲ့ အမှန်အတိုင်းဖွင့်ပြီး ပြောရမယ်ဆိုရင် ဒီလို တွေ့ရတာ စိတ်နှလုံးကိုခိုက်ပြီး၊ အသည်းထဲမှာ ဖိုလှိုက်ဖိုလှိုက်ဖြစ် လွန်းလို့ ကျွန်တော်ဖြင့် ဝမ်းသာရမလား၊ ဝမ်းနည်းရမလားဆိုတာ မခွဲခြားနိုင်အောင်ဖြစ်မိတယ်။ စိတ်ထဲမှာ ဒီလိုဖြစ်နေလျက်ကပဲ နောက်ဆုံးကျရင်ဖြင့် ဝမ်းသာရမယ်၊ ကျေးဇူးရှိရမယ်လို့ ယုံကြည် နေတာကိုတော့ ဝန်ခံရမှာပဲ။

မတင်တင်ဟာ ကျွန်တော့်ကို အသွင်တစ်မျိုးပြောင်းလိုက် တယ် ဆိုတဲ့အကြောင်း ပြောခဲ့ဖူးပြီ။ ပြောင်းပုံပြောင်းနည်းကလည်း သိပ်မြန်တာပဲ။ အို ...မြန်တာမှလေ အံ့သြသွားလောက်အောင်ကို မြန်တာပါပဲ။ ကျွန်တော်ဖြင့် ဒီအပြောင်းအလဲကြောင့် ဖြစ်ပေါ်လာ တဲ့ ချိုအေးညင်သာတဲ့ဝေဒနာတစ်မျိုးကို အခုထက်ထိ ခံစားနေရ တုန်း ရှိသေးတယ်။ မတင်တင်လည်း "ဖော်သရင်းဂေး"လိုပဲ အဆန်းတကြယ်တွေကို လုပ်နိုင်စွမ်းခဲ့တယ်လို့ပြောတာဟာ အမှန် ပါပဲ။ ကျွန်တော်ဟာလည်း ဖော်သရင်းဂေးလိုပဲ အဲဒီအဆန်း တကြယ်တွေကို ဆုံးရှုံးရတဲ့အတွက် ပိုပြီးယူကျုံးမရဖြစ်ရတယ် ဆိုရင် မှားမယ်မထင်ပါဘူး။ ယူကျုံးမရ စိတ်ဒုက္ခဖြစ်မှုဟာလည်း ကျွန်တော့်အတွက် သက်သက်ပါပဲ။ ဒါပေမဲ့ ဒီဒုက္ခတွေဟာ ခံသာ ပါတယ်။ မတင်တင်ပြန်သွားပြီလို့ ကျွန်တော်တစ်ယောက်တည်း ဖြေရခက်အောင် ဖော်မဲ့ကျန်ခဲ့ရင် ကျွန်တော်တော့ မတင်တင်

mgyoe.com

mgyoe.com

ပြန်လာဦးမှာပဲ ဆိုတဲ့ မျှော်လင့်ချက်ကလေးနဲ့ပဲ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ဖြေဖျောက်ရမှာပဲ။ ရန်ကုန်ကိုလေ ရန်ကုန် ရန်ကုန်။ မတင် တင်ကိုယ်တိုင် ဖန်းတီးတည်ဆောက်ခဲ့တဲ့ မြို့ရန်ကုန်ကိုလေ။ ဒါကို စိုပြည်သာယာအောင် မတင်တင်တစ်ယောက်သာ အသက်သွင်း ဖန်တီးပေးနိုင်မှာပဲ။

နောက်ပြီး မတင်တင် ကျွန်တော့်အပေါ်မှာ သနားကြင်နာ ကရုဏာထားခဲ့တာတွေ၊ ရှေ့ကိုလည်း အရင်လိုပဲဆက်ပြီး သနား ကရုဏာထားဦးမှာတွေကို ယုံကြည်မျှော်လင့်ပြီးတော့ ကိုယ့်ကိုယ် ကိုယ် ဖြေသိမ့်ရဦးမယ်။ ကျွန်တော် ပြောခဲ့ဖူးတယ် မဟုတ်လား။ အရင်တုန်းက ကျွန်တော့်ကိုယ်ကျွန်တော် မသိခဲ့ဘဲ အချို့အချက် တွေကို မတင်တင်က ဖော်ထုတ်ညွှန်ပြပေးခဲ့တယ်လို့ အစတုန်းက ကျွန်တော့်ကိုယ်ကိုကျွန်တော် ခွန်အားနှင့်ပြည့်စုံလှပြီလို့ အောက်မေ့ ခဲ့တယ်။ ဒါပေမဲ့ လားလားမှ ကျွန်တော့်မှာ ခွန်အားရယ်လို့ မရှိခဲ့ ပါကလား။ ကျွန်တော့်ကိုကျွန်တော် အတ္တ(ကိုယ်ကျိုး)ကင်းတဲ့ လူတစ်ယောက်ရယ်လို့လည်း ထင်မှားမိခဲ့သေးတယ်။ ဒါပေမဲ့ ကျွန်တော်ဟာ ဘယ်လောက်တောင် အတ္တ(ကိုယ်ကျိုး) ကြည့်တဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာ မတင်တင်ကိုယ်တိုင် မြင်လိုက် ရပြီနော်။ ကျွန်တော်ဟာဖြင့် ကျွန်တော့်ကိုယ်ကို ကျွန်တော် ဂရု မစိုက်ပါဘူးလို့ပြောခဲ့တယ်။ ဒါပေမဲ့ မတင်တင်က ကျွန်တော့် ကိုယ်ကို ကျွန်တော့်အားပြခဲ့တယ်။ ကျွန်တော်ဟာ ဂုဏ်သရေရှိ အမျိုးသမီးတစ်ယောက်ရဲ့ဂုဏ်ထက် ကျွန်တော့်သိက္ခာကိုသာ ကျွန်တော်ပိုပြီးမက်ခဲ့တယ်ဆိုတာဟာပေါ့။

ဒါတွေဟာ ကျွန်တော့် ချို့ယွင်းညံ့ဖျင်းချက်တွေပေါ့။ ကျွန်တော့်ကိုယ်ကိုယ် ကျွန်တော်မြင်အောင် ဘယ်သူတစ်ဦးတစ် ယောက်မှမပြခဲ့ဖူးတဲ့ နည်းမျိုးနဲ့ မတင်တင်က ကျွန်တော့်ကိုပြလိုက် တယ်။ ဒီအတွက်လည်း ကျေးဇူးအများကြီးတင်လှပါတယ်။ ကျွန် တော့်စိတ်ထဲမှာ နက်နဲလှပြီလို့ ထင်ခဲ့မိတဲ့ ကျွန်တော့်စိတ်ပညာဟာ အတိမ်ကလေးရှိပါသေးကလား။ စိတ်ပညာစာအုပ်ကြီးက ကျွန်
mgyoe.com

တော့်ကို မပြနိုင်ခဲ့တာတွေကို မတင်တင်ရဲ့ ပါးနပ်လျင်မြန်အမြင်သန်မှုနှင့် ကျင်လည်ရေးခြားစွာ ဝေဖန်ပိုင်းခြားမှု ကလေးတွေက ဒိုးခနဲ ဒေါက်ခနဲ ဖွင့်ပြခဲ့တာပဲလေ။

ကဲ ...မတင်တင်ရဲ့စာနဲ့ပတ်သက်ပြီး ပြောရဦးမယ်။ ဘယ်လိုပဲ အလျင်စလိုနဲ့ရေးလိုက်တယ်ဆိုပေမယ့် ရည်ရွယ်ရင်း အချက်တွေဟာ စာထဲမှာအပြည့်အစုံပါပြီးဖြစ်နေတယ်။ မတင်တင် ရေးလိုက်ပုံဟာ ကျွန်တော့်ဦးနှောက်ထဲကိုသာမကဘဲ ကျွန်တော့်အသည်းထဲထိအောင်ကို စွဲသွားတာပဲ။ မတင်တင်ဟာ စကားပြောတဲ့အခါမှာ ပြေပြစ်လိမ္မာသလောက် စာရေးတဲ့အခါမှာလည်း စကားပြောတဲ့အတိုင်းတွေ့ရတယ်။ ဒီတော့ မတင်တင် ဒီလိုစာရေးကောင်းတာကို နည်းနည်းမှ မအံ့သြတော့ဘူးပေါ့။ တစ်ခါတုန်းက ကျွန်တော်ဟာ ယေဘုယျအားဖြင့် မိန်းမတွေကို တယ်ပြီးအထင်မကြီးခဲ့ဘူး။ အခုတော့ ကျွန်တော့် အယူအဆကို ပြောင်းလဲပစ်ရတော့မယ်။ မတင်တင်ဟာဖြင့် မိန်းမတစ်မျိုးလုံးအတွက် ချီးကျူးလောက်တဲ့အဖြေကို ပေးလိုက်တယ်ဆိုတာ ကျွန်တော်ဝန်ခံရမှာပဲ။ အရင်းတုန်းက ကျွန်တော်ဟာ အတော့်ကို ခက်ထရော်ရှိပုံရတယ်။ ဒါကြောင့်မို့ အဲဒီအတွက် အခုတောင်းပန်လိုက်ပါတယ်။

နောက်ပြီး ကျွန်တော့်အတွက် အဆန်းဖြစ်နေတာတစ်ခုရှိသေးတယ်။ လူနှစ်ယောက်ဟာ ဘယ်နည်းနဲ့မှ အတွေးချင်း တစ်ထပ်တည်း တူမနေဘူးဆိုတဲ့စကားရှိတယ်။ ဒါပေမဲ့ မတင်တင်နဲ့တွေ့ဆုံပြီး စကားပြောခဲ့ကြတာကို ပြန်ပြောင်းပြီးတွေးကြည့်ရင် မတင်တင်နဲ့ ကျွန်တော်တို့နှစ်ယောက်မှာဖြင့် ထပ်တူထပ်မျှ အယူအဆ အတွေးအခေါ် တူညီတိုက်ဆိုင်နေတဲ့အချက်တွေ ရှိပါကလားလို့သိရတယ်။ ကြည့်ပုံ၊ ရှုပုံ၊ ယူဆပုံတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့နှစ်ယောက် တစ်သဘောတည်းဖြစ်နေတဲ့ အချက်တွေ ရှိနေတယ်။ ဖြစ်နိုင်မယ်ဆိုရင် ဒီလိုသဘောချင်းတိုက်ဆိုင်တဲ့ အချက်ကို အကြောင်းပြုပြီး မတင်တင်ကလည်း အဆင်သင့်ပဲဆိုရင် ကျွန်တော်တို့နှစ်ယောက် အခုထက်ပိုပြီး ခင်မင်ရင်းနှီးလာ

mgyoe.com

mgyee.com

ကြလိမ့်မယ်လို့ မျှော်လင့်မိတယ်။ တစ်ဦးမေတ္တာတစ်ဦးမှာ ဆိုတဲ့ စကားဟာ ရှေးပညာရှိတွေရဲ့ နှုတ်ကမြွက်ဟာထွက်ပေါ်လာစဉ်က စပြီး၊ ဘယ်နံ့ရောအခါမှ ဘယ်သူတစ်ဦးတစ်ယောက်ကမျှ အဓိပ္ပာယ်မရှိဘူးရယ်လို့ မဆိုဝံ့ခဲ့ဘူးနော်။

ကျွန်တော်တို့ အချင်းချင်းခင်မင်မှုဟာ ကျွန်တော့်အတွက် အကျိုးကျေးဇူးအများကြီး ဖြစ်ထွန်းလိမ့်မယ်လို့ ယုံကြည်မိတယ်။ ကျွန်တော်တို့အချင်းချင်း သိကျွမ်းမှုကလေးဟာတော့ ကျွန်တော့် အတွက် အကျိုးဖြစ်ထွန်းစေခဲ့ပြီးပြီ။ ယောကျ်ားပီပီ အကြောက်မရှိ ဘဲလုပ်ဖို့ကို မတင်တင် ကျွန်တော့်ကို လမ်းပြခဲ့တယ်။ ကိုယ်မပိုင် ဆိုင်တဲ့ အပျိုကလေးတစ်ယောက်နဲ့အတူ နေထိုင်သွားလာတာကို တခြားသူတွေမမြင်သင့်ဘူးလို့ ကျွန်တော့်စိတ်ထဲမှာအမြဲပဲ စွဲမှတ် ထားခဲ့တယ်။ လူတွေကမေးကြတယ်။ ကျွန်တော်နဲ့သွားတဲ့ မိန်း ကလေးလှလှကလေးဟာ ဘယ်သူလဲလို့။ သူတို့ကတော့ သိချင် လွန်းလို့မေးကြတာပါပဲလေ။ ဒါပေမဲ့ ကျွန်တော် သူတို့ကိုမပြောနိုင် ဘူး။ သူတို့ကို အမှန်အတိုင်းမပြောနိုင်ဘူး။ လိမ်လည်ပြီးတော့ လည်း မပြောချင်ဘူး။ ဒီလိုမတွေ့ကြခင်တုန်းက ဆိုရင် ကျွန်တော့် ကိုယ်ကို ကျွန်တော် ကျပ်တည်းကျဉ်းမြောင်းလှတဲ့ ပတ်ဝန်းကျင် ထဲမှာ ဖုံးအုပ်ထားမိခဲ့တယ်။ ဒါကြောင့်မို့ပေါ့ အခုလည်း အံ့သြ စဖွယ်တွေ့ဆုံကြတော့ ကျွန်တော့်စိတ်ထဲမှာ ဘာလုပ်ရမှန်းလဲ မသိခဲ့ဘူး။ ဘာပြောရမှန်းလဲ မသိဘူး။ ကျွန်တော့်စိတ်ထဲမှာ ဝမ်းနည်းသွားတယ်။ ဒါပေမဲ့ ဝမ်းလည်းသာနေတယ်။ ကျွန်တော့် ရင်ထဲမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ ကျွန်တော် စီကာပတ်ကုံး မပြောတတ်တော့ပါဘူးလေ။ ကျွန်တော့်စိတ်ထဲမှာ ရှိနေပုံတွေဟာ တရိတသေဖြစ်လွန်းလို့ မပြောပြနိုင်လောက်အောင်ပါပဲ။

မတင်တင်ရဲ့စိတ်ထဲမှာ မတင်တင် ထွက်ခွာသွားလို့ ကျွန်တော်တို့မှာ လွတ်လပ်ပေါ့ပါးသွားပြီလို့များ ထင်မှတ်ရင် အကြီးအကျယ်လွဲတာပဲ။ မတင်တင် ထွက်သွားတယ်ဆိုကတည်း က ကျွန်တော်တို့အဖို့ ဝမ်းနည်းပက်လက်ဖြစ်နေရတဲ့အထဲမှာ
mgyee.com

မတင်တင်က ဒီလိုထင်မှတ်ပြန်ဦးမယ်ဆိုရင် ကျွန်တော်တို့မှာ ဒီထက်ပိုပြီးဝမ်းနည်းပက်လက် ဖြစ်ရတော့မှာပေါ့။ ကျွန်တော်တော့ မတင်တင်ကို စွဲသွားပြီ။ ကျွန်တော့်တစ်သက်မှာဖြင့် ဘယ်တော့မှ မေ့ပျောက်နိုင်မှာမဟုတ်တော့ဘူး။ လောကမှာ မတင်တင်ကလွဲပြီး ဘယ်မိန်းမမှ ကျွန်တော့်အသည်းထဲကို ဖောက်ထွင်းဝင်ရောက်မလာနိုင်ခဲ့ဘူး။ဒါ အပိုပြောတာမဟုတ်ဘူးနော်။

ဒါကြောင့်မို့ ကျွန်တော်သတိရတဲ့၊ ဂရုစိုက်တဲ့၊ ခင်တဲ့မိန်းကလေးဟာလည်း မတင်တင်မှ မတင်တင်ပဲလို့ ပြောချင်တယ်။ ဒီလိုရေးခါနီးမှာ ရေးသင့် မရေးသင့် ချိန်ဆနေမိသေးတယ်။ ဒါပေမဲ့ ကျွန်တော့် အရင်က တကယ့်ပုဂ္ဂိုလ်ကြီးတွေဟာလည်း ဉာဏ်ပညာထက်မြက်တဲ့ မိန်းမတွေကိုသတိရခဲ့၊ ဂရုစိုက်ခဲ့၊ ခင်လာခဲ့ကြတာပဲမဟုတ်လား။ လောကမှာ "မိန်းမ" ကို ဒီလိုချီးမြှင့်တာဟာ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးလို့ မျှော်လင့်ပါတယ်။

ဒီတော့ မတင်တင်ကို ကျွန်တော်ခင်မင်တာတွေ၊ မတင်တင်ရဲ့အယူအဆ အရည်အချင်းတွေကို လေးစားမြတ်နိုးတာတွေကို စိတ်ချထားစေချင်တယ်။ ကျွန်တော် အကူအညီလိုတဲ့အခါ မတင်တင်ရဲ့ အကြံဉာဏ်ကို တောင်းခံဖို့ အဆင်သင့်ဖြစ်နေသလို၊ ကိစ္စရှိတဲ့အခါမှာ ကျွန်တော့်ဆီက အကြံဉာဏ်ကိုပဲ ယူပါလို့ တောင်းပန်လိုက်ပါတယ်။ နောက်ပြီး ကျွန်တော် တကယ့်အကြံဉာဏ်တွေကို ပေးနိုင်အောင်လို့၊ မတင်တင်ကလည်း ကျွန်တော့်ကို အားသွင်းပေးပေါ့နော် ဟုတ်လား။

ချစ်မောင်

ဤကား မြန်မာဘာသာနှင့် ပြန်ယူခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာဖြင့် သုံးနှုန်းထားပုံ မူအတိုင်းကား –

My Dear Tin Ga lay,

I had thought that our meeting last night was

mgyoe.com

mgyoe.com

our very last in so far as this visit of yours in concerned. Fortunately I was deceived, for you have the kindness to give me this afternoon yet another opportunity- the happy memory of which I should not easily forget. The "new" experience has give me both pain and pleasure, but, let me confess, it is so thrilling that I have not been able to shop to think whether I should be sorry of glad for it. Still I must admit that I believe that in the end I should be glad and grateful.

I have already told you have changed me. The change is so rapid-oh, so surprisingly rapid-that I am still suffering its sweet and tender shock. You are right when you said that like Fortheringay you have worked miracles. Nor am I at all wrong, when I state that like Fortheringay I should be more miserable for the loss of those miracles. Misery will be mine, but this misery is peculiar, it is missed with happy memories and therefore should be bearable. If after your departure I should feel desolate- and I certainly will- I shall seek relief in the hope that you are coming back-back to Rangoon (Yangon) back to Paradise that you have built-the Paradise to which you alone can put life.

I shall also seek relief in the belief that you have been kind and you shall continue to be kind to me. As I have already told you have exposed to me that part of myself which I have not discovered myself earlier. I had thought that I was strong but, alas, I wasn't. I had believed that I was unselfish, but you

mgyoe.com

have seen how grossly selfish I have been! I had told myself that I did not care for myself, but, you have shown myself to me: I cared more for my own honour than that of a lady!

Such then are my weaknesses. You have revealed me to myself as no one has revealed. I am very thankful to you for it. All my supposed knowledge of Psychology is hollow; your shrewd observation and keen sense of judgment has revealed what pages of Psychology have not been able to reveal.

Now let me discuss your letter. However hurriedly written, it has hot failed to strike home. You write not only to my head but also to my heart. You talk even so cleverly, and you write just as you talk. Small wonder, then, that you write well, I have at one time no high opinion of women as a general rule. Now I must alter my opinion. I must confess that you have answered-and ensured most admirably-for the whole of womankind. I have perhaps been too harsh; I must apologies now.

And there's one thing that strikes me as strange. No two people think alike goes the saying. But our conversations have disclosed the fact that there are things of which we happen to hold the same opinion. There are outlooks which we have in common. I do hope that we shall if, possible take advantage of this common outlook and, if you are willing, strengthen our friendship. 'Like draws the like' and 'Love beget

mgyoe.com

mgyoe.com


love' are saying that have never been challenged since they were uttered by the ancient sages.

I believe that this friendship will do me and immense good. Our acquaintance has already done me good. I mean you have led me to walk the way of all men without fear. I have always held the idea that it is not one's own. People asked me who my beautiful companion was. The asked out of curiosity but I could not tell them, I could not tell them the truth. Nor could I tell then a lie. I have wrapped myself in such a rigid and tense atmosphere before that when this surprising experience encountered me; I did not know what to do or what to say. I was unhappy, and yet very happy. I could not explain actually how I felt. My feelings, dear lady, are too scared to be expressed in man's tongue.

If you think that we are all happy for being relieved of your company, you will be grossly mistaken. We are already very sorry, and if you go away carrying this impression, we all shall be sorrier. You have impressed me very deeply. The impression will last as long as I live. It is indeed no exaggeration to say that as you are the only lady whom I care and remember and love. I hesitate to write this, but have not grate men before me cared, remembered, and loved intelligent women? I do hope I am not alone in paying woman this compliment.

So dear lady, please be sure of my affection for you.

mgyoe.com

mgyoe.com

and admiration for your tastes and talents. Just as I will seek your advice when I am in dire need, so would I request you to seek mine-whenever necessary, and give me strength that I may give you only sound advice.

Yours very faithful,

***Chit Mg***

❑

mgyoe.com

mgyoe.com

# စာဆိုတော်နေ့ကြီး

စာပေသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုကိန်းအောင်းရာ ရတနာသိုက်တည်းဟူသော ဘဏ်တိုက်ကြီးဖြစ်ပေသည်။ စာပေသည် လူမျိုးတစ်မျိုး၏အသက်လည်းဖြစ်သည်။ စာပေကွဲပြားလျှင် လူမျိုးချင်းပင်တူစေကာမူ အယူဝါဒဓလေ့ဘာသာစရိုက်များသည်လည်း အနေးနဲ့အမြန် ကွဲပြားရလေတော့သည်။ သို့ဖြစ်၍ စာပေကို ပြုစုသူတို့သည် လူတို့၏ အစုအဝေးတစ်ခုတွင် အလွန်အရေးကြီးသောလူများ ဖြစ်လာကြရလေသည်။ စာပေဟူရာတွင်လည်း စကားပြေနှင့် လင်္ကာဟူ၍ အကြမ်းအားဖြင့် နှစ်မျိုးခွဲခြားနိုင်ရာ၊ စကားပြေထက် လင်္ကာမှာပိုမို၍ လူတို့၏အပေါ်၌ တာသွားပြန်လေသည်။ ထို့ကြောင့်ပင် အနှစ် ၂၅၀၀ ကျော်က ပေါ်ပေါက်ခဲ့ဖူးသော တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်က "လူတွေအတွက် အုပ်ချုပ်ရေး စည်းမျဉ်းကို ဘယ်သူပဲ ရေးဆွဲရေးဆွဲ လူတွေဆိုရမယ့် သီချင်းတွေသာ ကျုပ်ရေးခွင့်ရစမ်းပါစေ"ဟူ၍ပြောဆိုခဲ့ဖူးလေသည်။ ကွန်ဖြူးရှပ်၏ ဆိုလိုရင်းအဓိပ္ပာယ်မှာ လူများ၏စိတ်ဓာတ်ကို သိမ်းသွင်း၍ လူတို့၏အပြုအမူကို သွန်သင်ညွှန်ကြားလမ်းပြရာ၌ ဥပဒေစည်းမျဉ်းများထက် လင်္ကာ–သီချင်းများကသာလျှင် စင်စစ်ပိုမို၍ အရေးပါ အရာရောက်သည်ဟူ၍ ဖြစ်ပေသည်။

မြန်မာစာပေသည် ခေတ်ဟောင်းစာပေ၊ ခေတ်သစ်စာပေနှင့် အနာဂတ်စာပေဟူ၍ ကာလအပိုင်းအခြားအားဖြင့် သုံးမျိုးသုံးစားကွဲပြား နိုင်သေး

mgyoe.com

ရာ ခေတ်ဟောင်းစာပေကို ခေတ်သစ်သို့ ခေတ်မီအောင် သယ်ဆောင်ယူငင်လာနိုင်ခြင်းသည်ပင် အနာဂတ်စာပေကို ပြုစုသည် မည်တော့လေသည်။

ယမန်နှစ် နတ်တော်လက မြန်မာစာပေကို အလေးဂရုပြုသောအားဖြင့် စာဆိုတော်နေ့ဟု ဆိုပြီးလျှင် စာပေသရုပ်ပြဇာတ်တစ်ခုကို ခင်းကျင်းပြသခဲ့လေသည်။ နတ်တော်လကိုမှ ရွေးချယ်သတ်မှတ်ခြင်းမှာ နတ်တော်လတွင် စိုးမိုးအုပ်ချုပ်သူတို့က အရည်အချင်းအလိုက် ချီးမြှောက်သည့်သဘင်အခမ်းအနားကျင်းပစမြဲဖြစ်သောကြောင့်ပင် ဖြစ်လေသည်။ မင်းဇေယျရန္တမိတ်ဆို "ခုနစ်ခွေလျှင်" အစချီသည့် အဝမြို့ဘွဲ့ရတု၊ စုလစ်ရွှေစင်ချီ၊ တတိယအပိုဒ်တွင် .....

"နတ်လသဘင်၊ ရောက်ပြန်လျှင်လည်း ဖျင်မျှအုံထပ် ဘွဲ့အပ်မည်ပေး၊ ဆုံရေးတိုက်ဘက်၊ စွယ်ရက်ခေါင်ခေါင်၊ ဆင်ပြောင်မုန်ရူ၊ နန်းရတုကိုဇမ္ဗူ့ သခင်၊ မရှင်တောင့်တင်း၊ ရင်ညောင်းပင်နွဲ့ သိကြားစံသို့၊ မင်းဝံရွှေတောင် မြို့ရန်အောင်သည်၊ သာခေါင်မကျွန်း လှည့်လေလော့"

ဟူ၍ လာရှိသောအရ နတ်တော်လတွင် ဘွဲ့အပ်ခြင်း၊ အမည်ပေးခြင်းတည်းဟူသော မင်းပွဲသဘင်ဆင်ယင်ကျင်းပ ချီးမြှောက်ကြကြောင်းထင်ရှားလေသည်။ ဤသည်ကိုအစွဲပြု၍ နတ်တော်လ–လဆန်း (၁)ရက်နေ့ကို စာဆိုတော်နေ့ဟူ၍ ရွေးချယ်သတ်မှတ်ခဲ့ကြခြင်းဖြစ်ပေသည်။

စာဆိုတော်ကြီးနေ့ဟူ၍ ကျင်းပလျက်၊ စာပေကို ထိုတစ်နေ့တည်း အရသာဖော်၍လည်းကောင်း၊ အရသာခံ၍လည်းကောင်း မပြည့်ဝနိုင်ပေ၊ စာပေကို နေ့နှင့်အမျှလိုက်စားဖတ်ရှုသူတို့က အရသာခံ၍ ရေးသားသူတို့က အသက်သွင်းပေးနေဖို့လိုလေသည်။ ယခုအခါတွင် အယူအဆသစ်တို့ကို ရှေ့ရေး အန်ချင်း၊ အိုင်ချင်း၊ တျာချင်း၊ လွမ်းချင်း စသည်တို့ဖြင့် ရေးသားခြင်းပင်လျှင် အလွန်အလေ့အထနည်းပါးချေပြီ။ ကဗျာ၊ လင်္ကာဘက်တွင် တေးထပ်၊ လေးချိုးနှင့် သဖြန်၊ သံချိုတို့လောက်သာ အများအစား ဖွဲ့နွဲ့စီကုံးနေကြလေတော့သည်။ ဤကား ရှေးအသွင်ဟောင်း မူဟောင်းတို့၏ တိမ်မြုပ်ပျောက်ကွယ် ကွယ်ဆိတ်သုဉ်းခြင်းအစပင် ဖြစ်ရလေသည်။ ဤအချက်ကို သတိထား၍ ရှေးကဗျာသွားများကို အယူသစ်အဆသစ် အကြောင်းသစ်တို့ဖြင့် အသက်သွင်းပေးရန် များစွာ

mgyoe.com

mgyoe.com
လိုအပ်နေလေသည်။ သို့ဖြစ်၍ စာပေလိုက်စားသူတိုင်းပင် တစ်နှစ်ထက် တစ်နှစ် ထိုလိုအပ်ချက်ကို ပိုမိုတိုးတက်ဖြည့်စွက်နိုင်စေရန် အားထုတ်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း ရေးသားဖော်ပြလိုက်ရပေသတည်း။

အထက်ပါစာစုကား စာဆိုတော်နေ့နှင့်ပတ်သက်၍ ၁၃၀၇ ခု၊ တန်ဆောင်မုန်းလဆုတ်–၁၂ရက်နေ့ထုတ် ဂျာနယ်ကျော် ဦးချစ်မောင် နောက်ဆုံးရေးသားခဲ့ပေသော လက်ရာပေတည်း။

❑

mgyoe.com

mgyoe.com



ဂျာနယ်ကျော်မမလေး

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

## အမေ

အမေသည် ပြောင်းလဲ၍နေလေပြီ။

အမေသည် ထိုင်ပြုနေသည်ဟူ၍မရှိ၊ အိပ်ရာထဲတွင် အမြဲတစေ လှဲနေသည်။ အမေ့စိတ်တွင်း၌ မပြောင်းနိုင်အောင် ရှုပ်ထွေးနောက်ကျိလျက် ရှိနေသည်။ နားထဲသို့ဝင်လာသော အသံဗလံတွေလည်း ဒုက္ခပေးသည်။ မျက်စိတွင် မြင်ရသည့်အရာတွေကလည်း ဒုက္ခပေးသည်။ အိပ်ရာထဲတွင် မျက်စိကို တအားမှိတ်လျက် နားကိုလက်နှင့် ဖိပိတ်ထားကာ ရှုံ့မဲ့ကျုံ့ကွေး အိပ်နေသည်။

"အမေ ထပါဦး၊ ကော်ဖီသောက်ပါဦး"

မျက်စိကို အတင်းမှိတ်ထားသဖြင့် ရှုံ့တွနေသည့်မျက်နှာနှင့်ပင် မေးမေး ဖွင့်ကြည့်သည်။ မျက်လုံးများမှာ အလင်းရောင်ကို မမြင်သကဲ့သို့ ကြောင်တက်တက်နေသည်။ နားများတွင် ပိတ်ထားသောလက်များကို ဆွဲကိုင်ဆန့်လိုက်သည့်အခါ ကွေးထားသည့် အကျႌတံတောင်ဆစ်၌ ချွေးတွေ ရွှဲနေသည်။

"အမေ ထပါဦး၊ ချွေးတွေရွှဲလို့ပါကလား"

အမေသည် အိပ်ရာက အထူမှမစောင့်ဘဲ သူ့ဟာသူ ငေါက်ခနဲ ထလိုက်သည်။

"အမေ ဒီမှာကော်ဖီ"

mgyoe.com

mgyoe.com


အမေသည် စိတ်ထဲက အတောမသတ် တွေးတောနေသည့် အကြောင်းကို တွေးတောရင်း ကော်ဖီကိုသောက်မှန်းမသိ ဖြည်းဖြည်းနှေးနှေး သောက်လေသည်။

"အမေ အိပ်ချည်းမနေပါနဲ့၊ ထိုင်ပြုနေပါဦး၊ ခုလို တစ်အိပ်တည်း အိပ်..."

အမေသည် ကော်ဖီပန်းကန်ကိုယူလိုက်သည်နှင့် လှဲချလိုက်သည်။ မျက်စိကို တအားမှိတ်လျက် နားများကို လက်နှစ်ဖက်ဖြင့် ပြန်ပိတ်ထားသည်။

အမေ့ကို ဖျောင်းဖျလို့မရ၊ လင်ကိုသတ်မှာလား၊ သားသမီးတွေကို သတ်မှာလား၊ အမေ့ကိုသတ်မှာလား၊ မသိနိုင်အောင်ဖြစ်ကာ မရေမရာ ရှုပ်ထွေးပူပန်နေပေသည်။ စိတ်ကူးထဲတွင် ရောက်နေသည့် ဘေးရန်တွေကို လွတ်မြောက်ချမ်းသာအောင် ရောက်တတ်ရာရာတွေးတော ကြံစည်နေသည်။

ထင်ရာမြင်ရာတွေ တွေးတောနေသော ပျံ့လွင့်နေသည့် အာရုံကို နှောင့်ယှက်မည့် အရာဝတ္ထုများအား ဖယ်ရှားပစ်သည်။ ဘယ်အသံမှ မကြားချင်၍ နားပိတ်ထားသည်။ ဘယ်အရာမှ မမြင်လို၍ မျက်စိမှိတ်ထားသည်။ မျက်မှောက်အထိအတွေ့ မြင်ကြားသိရှိနေသည့် အာရုံများနှင့် လွတ်ကွာနေပေ၏။

အမေ့စိတ်ထဲတွင်"အစာများစားရင် လင်သား ဒုက္ခဖြစ်မှာလား"ဟု ထင်မြင်လာလျှင် အစားကိုမစားဘဲနေလေသည်။ အမေ့စိတ်ထဲတွင် "စကားများပြောရင် သားသမီးတွေများ ဒုက္ခဖြစ်မှာလား..."ဟု ထင်မြင်လာလျှင် စကားကိုအရှင်းမပြောဘဲနေသည်။ တစ်ခါတစ်ရံ မျက်စိထဲတွင် မြင်လိုက်သည့်အရာကို အနက်အဓိပ္ပာယ်ကောက်ယူသည်။ အမေ့စိတ်ထဲတွင် ကြားလိုက်ရ မြင်လိုက်ရသည့်အထဲမှ စိုးရိမ်စရာရှိသော အဓိပ္ပာယ်တွေဟု ကောက်ယူထင်မြင်သွားလျှင်၊ အိပ်ရာထဲတွင် အသက်မရှူဘဲ အောင့်ထားသည်။

"အမေ အသက်ရှူလိုက်ပါ အမေ၊ ဒီလိုအောင့်မနေပါနဲ့၊ ရှူပါ အမေရယ်...ရှူပါ"

အမေသည် အသက်ကိုမရှူဘဲ တမင်အောင့်နေသည်။ အသက်မရှူနိုင်အောင် ပင်ပန်းကြီးစွာအောင့်ထားသည်။ အသက်ကို အတန်ကြာကြာ

mgyoe.com

m g y

မရှုဘဲ ချုပ်တည်းအောင့်အည်းထားသည့်အခါ ခံစားရသော မွန်းကျပ်သည့် ဝေဒနနှင့် အမေ့မှာ သူတစ်ပြန် ငါတစ်ပြန်ဖြစ်နေလေသည်။ ရင်ထဲ၌ ကျပ်ဆို့လွန်း၍မခံမရပ်နိုင်အောင် ဖြစ်လာသဖြင့်လည်း ရှုလိုက်ချင်သည်။ သို့သော် စိတ်ထဲတွင် စွဲလမ်းထားသောအာရုံက မရှုရအောင် ဆွဲချုပ်ညှစ်အစ်ထားသည်။ အမေသည် မရှုမိအောင် အတင်းအောင့်နေသည်။ အမေ၏ ရင်ခေါင်းထဲမှ "အင်း..."ဟူသော အသံကြီး ကျယ်လောင်စွာမြည်လာသည်။ ထိုအသံမှမရပ်ဘဲ တစ်ဆက်တည်း အောင့်အောင့်ကြီးမြည်ထွက်နေသော အသံကြီးဖြစ်သည်။

"အမေရှုလိုက်ပါ၊ မောမယ် အမေ၊ ရှုပါ"

အမေ့ကို တစာစာဝိုင်းပြောသြည်။ အမေ့ကို ကိုင်လှုပ်ပြီး သတိပေးနေကြရာ၊ အမေ့တစ်ကိုယ်လုံး လှုပ်ယမ်းနေသည်။ အမေသည် မခံမရပ်နိုင်သည့် အဆုံးကျမှ အသက်ရှုထုတ်လိုက်သည်။ အမေမှာ မောဟိုက်နေပေသည်။

ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အသက်ပြန်ရှုရင်း စုံမှိတ်ထားသည့် မျက်လုံးများ ဖွင့်လှန်ကာ တစ်စုံတစ်ရာကို လိုက်ရှာကြည့်နေသည်။ ထို့နောက် မျက်တောင်များ တဖျပ်ဖျပ်ခတ်ကာ တစ်စုံတစ်ရာကို စဉ်းစားနေသည်။

"သတိထားပါ အမေရယ်၊ စိတ်ကောင်းကောင်းထားပါ၊ အမေတွေးထင်နေသလို ဘယ်သူမှ ဘာမှမဖြစ်ပါဘူးအမေရဲ့၊ ဒီလိုမနေပါနဲ့ အမေသာ ပင်ပန်းတာပေါ့..."

"အမေ...သေချင် သေပါစေ"

အမေသည် မျက်စိများပြန်မှိတ်ကာ နားကို လက်နှစ်ဖက်ဖြင့်ပိတ်၍ နှုတ်ကတိုးတိုးပြောသည်။

(၂)

အမေသည် ပြောင်းလဲ၍ လာပြန်ပြီ....

အမေသည် တစ်အိပ်တည်း အိပ်မနေတော့ချေ။ အိပ်ရာထဲတွင် တစ်ချိန် လုံးလုံးအိပ်မနေတော့ဘဲ ထိုင်ထသွားလာနေပြန်ပေသည်။

mgyoe.com

mgyoe.com

အမေ၏မျက်စိများသည် ကျီးကန်းတောင်းမှောက် ကြည့်တတ်လျက်၊ တစ်နေ့တစ်နေ့ ဘယ်နှခါဟုမပြောနိုင်အောင် အောက်ဆင်းလာလိုက်၊ အိမ်ပေါ်တက်လိုက်လုပ်နေသည်။ အိမ်ပေါ်ထပ်မှ အမေဆင်းလာလျှင် မသိမသာကြည့်ကြရသည်။ ရုတ်တရက် လှေကားမှ ခြေသံမကြား ဆင်းလာတတ်ပြီး ဟိုလိုလိုသည်လိုလိုနှင့် ပြန်တက်သွားပြန်သည်။ မြို့ထဲတွင် အမေနေမကောင်းဘူးဟု သတင်းဖြစ်ကာ လူအများ လာရောက်သတင်းမေးမြန်းကြသည်။

သတင်းမေးမြန်းရန် ရောက်လာသောသူမှာ အမေအလိုရှိသည့်သူဖြစ်က ဘာမှမဖြစ်သလို ကောင်းကောင်းမွန်မွန်စကားထိုင်ပြောသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အကြောင်းများပင် စပ်မိလျှင် စီကာပတ်ကုံးပြန်ပြောပြသည်။ အမေသည် အမေငယ်ရွယ်စဉ်ကအကြောင်းကိုပင် မဟုတ်အမေ၏အမေ ငယ်ရွယ်စဉ်အခါကအကြောင်းများပင် သတိတရ ပြန်ပြောသည်။

"အဒေါ်တို့အမေဟာ ငယ်ငယ်ကလေးကတည်းက အင်မတန်သနပ်ခါးကြိုက်တယ်။ တစ်နေ့တော့ အိမ်ကိုသူခိုးလာခိုးတာ အဒေါ်တို့အမေက မြင်လိုက်လို့ သူခိုး သူခိုးလို့ ခြင်ထောင်ထဲက ကုန်းအော်တာပဲ၊ သူခိုးဖမ်းမိလို့ ရုံးတင်စစ်တော့ သူခိုးကလည်း အဒေါ်တို့အမေနဲ့အသိ၊ သက်သေတွေစစ်ဆေးပြီး သူခိုးကို အချုပ်ထဲပြန်ခေါ်သွားခါနီး 'လုံမရယ် နင့်သနပ်ခါးတုံးသေတ္တာ ဒီလောက်တောင်ပဲ နှမြောသလား၊ အော်လိုက်တာ တကတဲ ငယ်သံများပါလို့'တဲ့ သူခိုးက အဒေါ်တို့အမေကိုပြောသွားသတဲ့"

သတင်းမေးလာရောက်ကြသည့် ဧည့်သည်များက အမေပြောတာနားထောင်ပြီး ရယ်မောကြသည်။ အမေက ပြောပြီးပြုံးနေသည်။ အမေသည် စကားကို ညင်သာစွာပြောတတ်သည်။ မျက်နှာ၌ ကြွေအမြဲရှိသည်။ အသွင်အပြင်များမှာ အလွန်တရာညက်ညောသည်။ သိမ်မွေ့နူးညံ့သည်။ သိက္ခာပျက်လောက်အောင် အမှားအယွင်းမတွေ့ကြရ။ ခါတိုင်းလိုပင် ရယ်မောစရာရှိလျှင် သွားကလေးပေါ်ရုံလောက်သာ ပြုံးသည်။ အရုက်အကြောက်နှင့်စပ်ဆိုင်သည့် မိန်းမပီသရမည်မှန်သမျှ သတိလက်လွတ်ခြင်းမရှိ။ အခါတိုင်းကဲ့သို့ပင် ခြေမျက်စိမပေါ်အောင် ထဘီကိုရှည်ရှည်ဝတ်ထားသည်။ မိန်းမပီပီ

mgyoe.com

ထိုင်လျှင် အရင်အတိုင်း ခြေထောက်ကို လုံချည်နားနှင့် ဆွဲဖုံးထိုင်သည်။ စိတ်က တောင်တောင်အီအီ တခြားသို့ရောက်နေသော်လည်း မိန်းမတစ်ယောက်ဟူ၍ အမြဲထိန်းသိမ်းထားနိုင်တုန်းပင်။

"မင်းတို့အမေ စိတ်နောက်တာမဟုတ်ပါဘူးကွယ်။ နေကောင်းပါတယ်" သတင်းမေးလာသူများက သူ့ကွယ်ရာတွင် ထင်မြင်ချက်ပေးကာ ပြန်သွားကြသည်။

အမေသည် နံနက်လင်းလျှင် ဘုရားဝတ်မပျက် အချိန်မှန်ထ ရှိခိုးသည်။ သံဃာတော်များကို ကိုယ်တိုင်ပင် ဆွမ်းလောင်းသည်။

အိမ်နှင့်မနီးမဝေး ဘုန်းကြီးကျောင်းမှ တုံးခေါက်သံကြားရပြီးနောက် သံဃာများမြို့ထဲသို့ ဆွမ်းခံထွက်ကြသည်။ အမေသည် သက္ကလတ်အင်္ကျီ အညိုထပ်ဝပ်ကာ ပိုးလုံချည်ရင့်ရင့်နှင့်ဝတ်ဆင်ပြီး အိမ်ပေါ်မှ ဆင်းလာသည်။ အိမ်ဝတွင် စားပွဲနှင့်တင်ထားသော ဆွမ်းဇလုံကို ကိုင်ပိုက်ပြီး ဖိနပ်ချွတ်လျက် ဆွမ်းထွက်လောင်းသည်။ ဘုန်းကြီးတွေလွန်သွားသောအခါ ဆွမ်းဇလုံကို စားပွဲခုံပေါ်ပြန်တင်ခဲ့ပြီးနောက် ဈေးဘက်သို့ ထွက်သွားလေသည်။

ဈေးထဲက "ဒေါ်ဒေါ်လာပါ၊ ထိုင်ပါဦး"ဟု ဆီး၍ ခရီးဦးကြိုခေါ်ငင်ကြလျှင် ဝင်ထိုင်ပြီး အလ္လာပစကားများကို ချေချေငံငံပြန်ပြောသည်။ အတော်ကလေး စကားလက်ဆုံကျပြီးမှ ဆိုင်တွင်ရှိသော အဖိုးတန် ပိုးထည်များကို စိတ်တိုင်းကျ တစ်ဆင့်ပြီးတစ်ဆင့် ရွေးချယ်ကာ ဖြတ်စေပြီး အကြွေးယူလာခဲ့သည်။

အမေသည် ဆိုင်ကဝယ်လာသမျှကို အိမ်သို့မယူလာဘဲ သူပေးချင်သည့်သူကို သွား၍ပေးလိုက်သည်။ အမေပေးသောပစ္စည်းများကို အချို့ကလည်း လာပြန်ပေးကြသည်။ အချို့မှာလည်း ယူထားကြသည်။

ကြွေးဆပ်ရဖန်များလာမှ ဆိုင်များကို ကြွေးမပေးရန် လိုက်ပိတ်ထားရသည်။ အမေသည် အကြွေးယူမရတော့၍ အဝတ်အထည်ကောင်းများကို အမှတ်တမဲ့ အောက်ကခံဝတ်လျက် အိမ်မှထွက်သွားကာ ပေးချင်သည့်သူကို ချွတ်၍ပေးခဲ့သည်။ အိမ်ပြန်ရောက်လျှင် အိပ်ရာထဲသို့ ဝင်နေတော့သည်။

အမေသည် ယောက်ယက်ခတ်လာလေသည်။ အာရုံအမျိုးမျိုး ပြောင်းလဲ ဆွဲဆောင်ရာသို့လိုက်ကာ နှမြောရမှန်းမသိဖြစ်လာသည်။ ယခင်

mgyoe.com

mgyoe.com

က ကြောက်သည့်စိတ်၊ လန့်သည့်စိတ်ဖြစ်နေရာတွင် ပေးချင်ကမ်းချင်စိတ်ပါ ဖြစ်လာပြန်ပေသည်။

(၃)

တစ်နှစ်တာ၏ ဥတုသုံးပါးတွင် မိုးဥတု၌သာ အမေ့ကို အိပ်ရာထဲ၌ တစ်မိုးတွင်းလုံး တွေ့မြင်ရသည်။ မိုးမှာ မပြတ်မပြတ် သည်းထန်စွာရွာသွန်းချ၍ လေးလံထိုင်းမှိုင်းနေကာ အိမ်ပြင်သို့မထွက်ဘဲ အအိပ်အနေများနေလေသည်။ မိုးကုန်၍ဆောင်းဝင်လာသည်နှင့် အမေမှာ သွက်လက်လှုပ်ရှားထကြွနေလေသည်။

အမေသည် နေ့ခင်းကြောင်တောင် ပိုးစောင်ကလေးကိုခြုံကာ အိမ်ပေါ်က ဖြည်းညင်းစွာဆင်းလာသည်။ မုန့်သေတ္တာနှစ်ဘူးကို ထပ်ကာ ပိုက်လျက် လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် ဖြည်းဖြည်းဆေးဆေး ဆင်းလာသည်။

အမေမှာ အသက် ၅၀ နီးသော်လည်း ရုပ်ရည်အင်မတန် တင်သည်။ အစားမမှန်၊ အအိပ်မမှန် ကပေါက်တိကပေါက်ချာ ဖြစ်နေလျက်နှင့် ကပေါက်တိကပေါက်ချာဖြစ်မှန်း မသိနိုင်အောင် ဆောင်ထားနိုင်သည့် စွမ်းအားရှိသည်။ ရုပ်လက္ခဏာအမူအရာများမှာ နဂိုပင်ကိုဟန်အတိုင်းလိုလိုပင်။

လှေကားခြေရင်းကရပ်လျက် အမေ့ကိုစောင့်ဆိုင်းပြီး မော့ကြည့်နေရင်း အမေ၏တင့်တယ်သောကျက်သရေကို တွေ့မြင်ရသည်။

နူးညံ့ဖြူဆွတ်သောအသားအရေ၊ နီမြန်းသောနှုတ်ခမ်း၊ ဖြောင့်တန်းသောနှာတံ၊ ထက်မြက်စူးရှသည့်မျက်လုံး၊ ထောင်ထောင်မောင်းမောင်း မြင့်မားနေသည့် ကိုယ်လုံးကိုယ်ထည်တွင် ပိုးအင်္ကျီ ယောလုံချည်အသစ်စက်စက်နှင့် ပိုးစောင်အဖြူကို ရှူရှူကလေး ခြုံလွှမ်းထားသည်မှာ အသက်အရွယ်နှင့်မဟပ်မိအောင် အယဉ်ဆုံး၊ ဣန္ဒြေအရဆုံး၊ တင့်တယ်ခံ့ညားလှပလျက်ရှိသည်။

"အမေ ဘယ်သွားမလို့လဲ...၊ ဘယ်ကိုတုန်း အမေရဲ့"

လှေကားရင်းမှနေလျက် တိုင်ပွတ်လုံးဘုနှစ်ခုကို လက်များနှင့်လှမ်း

mgyoe.com

mgyoe.com


ကာထားသောကြောင့် အမေလည်း ရပ်တန့်နေသည်။

"ဒီမုန့်သေတ္တာဘူးတွေကို ဘယ်ယူသွားမလို့လဲ အမေရဲ့"

သိချင်ဇောကြောင့် မုန့်သေတ္တာဘူးများကို လှမ်းကိုင်ရာ အမေသည် အထိမခံဘဲ ပုံးများကို တင်းကျပ်စွာပိုက်ထားရင်း "ဖယ်စမ်းပါ အမေ ဘုန်းကြီးကျောင်းသွားမလို့ပါ"ဟု ပြောပြောဆိုဆို လှမ်းဆင်းလိုက်သည်။

"အမေ အရင်ကလို အိပ်ရာထဲ အိပ်နေတာက ကောင်းပါသေးတယ်။ ဟိုထွက်သွား ဒီထွက်သွားနဲ့မကောင်းပါဘူး အမေရဲ့။ ညနေမှသွားပါနော်"

သမီးစကားကို အမေက နားထောင်ရရိုးမရှိသော မျက်နှာမျိုးတင်းတင်းထားကာ လေှကားရင်းရှိ ထီးစင်မှ ပုသိမ်ထီးကို ဆတ်ခနဲဆွဲယူပြီး "ဖွင့်လိုက်စမ်း"ဟု ခိုင်းသည်။

အသံမှာ မိခင်၏အုပ်စိုးသောအသံမျိုးဖြစ်၍ ထီးကိုဖွင့်ပြီး ရိုရိုသေသေ လှမ်းပေးလိုက်ရသည်။

အမေသည် တည်ကြည်သောဣန္ဒြေကြီးနှင့် ပုသိမ်ထီးကိုမိုးလျက် ဘုန်းကြီးကျောင်းသို့ စိုက်စိုက်စိုက်စိုက်နှင့် ထွက်သွားလေသည်။

ဘုန်းကြီးကျောင်းသို့ အမေသွားလျှင် စောင်မတင်ဘဲ သွားရိုးသွားစဉ်မရှိပေ။ လျှူဖွယ်ဝတ္ထုတစ်ခုခုမပါဘဲနှင့်လည်း မသွားတတ်။ အဝတ်အစားလည်း လဲဖယ်ပြီးသွားတတ်သည်။ တခြားသွားမည့်အစား၊ ဘုန်းကြီးကျောင်းသွားတာကို ဝမ်းသာအားရဖြစ်ရသည်။ အမေ့အတွက် ကျောင်းကသာလျှင် ချမ်းသာရာ၊ အေးငြိမ်းရာဖြစ်စေနိုင်မည်ဟု အောက်မေ့မိသည်။

အမေသည် အတန်ကြာမှပြန်ရောက်လာသည်။ "အမေ ဆရာတော်နဲ့ တွေ့ခဲ့သလား"ဟု ဆီးမေးကြည့်သည်။ အမေသည် စကားပြန်မပြောဘဲ ထီးကိုသာလှမ်းပေးကာ အပေါ်သို့ တန်းတက်သွားသည်။ အပေါ်သို့ မရောက်ခင် လေှကားတစ်ဝက်လောက်က ပြန်လှည့်ဆင်းလာပြန်သည်။

"အမေ ဘာလိုချင်သလဲ...ဘာလုပ်မလို့လဲ"

အမေသည် ဘာမှန်းမသိ စိုးရိမ်ပူပန်လျက်ရှိပြန်၏။ အမေ့ခေါင်းထဲ၌ လွတ်ရာလွတ်ကြောင်းကို ရှာဖွေကြည့်သည်။ ဟိုဟိုဒီဒီ လျှောက်၍ကြည့်ပြီးနောက် ပြန်တက်သွားလေသည်။

mgyoe.com

mgyoe.com

အမေသည် ခုတင်ပေါ်တွင် ခြေချထိုင်ကာငေးငိုင်နေသည်။ အဝတ်အစားများကို လဲလှယ်ကာ ခြေရင်းက သေတ္တာပေါ်တွင် ပုံတင်ထားသည်။

"အမေ ဆေးသောက်ပါ"

အမေလည်း ဆေးခွက်ကိုလှမ်းယူကာ မသောက်ဘဲ ကိုင်ထားသည်။ အဝတ်များကို သွားဆွဲခေါက်ရင်း "သောက်ပါ အမေ" ဟု လှမ်းပြောရသည်။ အမေမှာ ဆေးခွက်ကိုကိုင်ကာ ငေးမောစဉ်းစားနေသည်။

ပိုးအင်္ကျီကိုခေါက်ရန် ဆွဲယူလိုက်သည့်အခါ သော့သံကြားရသည်။ အိတ်ထဲကသော့ကို နှိုက်ယူကြည့်လိုက်ရာ မျက်စိများပြာသွားသည်။ သော့ကိုယူလျက် အခန်းထဲကပြေးလွှား၍ ထွက်ခဲ့ကာ ခေါင်းရင်းခန်းသို့ ဝင်ပြေးသည်။ တဆတ်ဆတ်တုန်နေကာ မီးခံသေတ္တာကို သော့နှင့်ဖွင့်လိုက်ရာ အခေါက်လိုက်ထပ်ထားသည့် ရာတန်စက္ကူများမှာ သေတ္တာထဲတွင် မရှိတော့။

"အမေသေတ္တာထဲကငွေတွေကို ခုနက ဘယ်သူ့ကို သွားပေးသလဲ အမေ၊ သမီးရေချိုးတုန်းက သော့ကို မှန်ခုံအံဆွဲထဲမှာထားတာ အခုတော့ အမေ့အိတ်ထဲမှာတွေ့ရတယ်၊ ငွေတွေလည်းမရှိတော့ဘူး၊ ပြောပါအမေ... ဘယ်သူ့ကို အမေပေးခဲ့သလဲ"

အမေသည် ငိုင်နေလေသည်။

"မှန့်သေတ္တာဘူးတွေနဲ့ ထည့်ယူသွားတယ်မဟုတ်လား အမေရဲ့ ပြောပါ အမေရယ်...ပြောပါ"

အမေ့အား အသက်မရှူဘဲ တဖွဖွစစ်မေးကြည့်သည်။ အမေ့လက်ကို ကိုင်လှုပ်ရင်း အကြိမ်ကြိမ်မေးကြည့်သည်။ အမေကား ခေါင်းထဲတွင် အတိုင်းမသိ နောက်ကျိရှုပ်ထွေးသွားသည်။ မရမက အတင်းမေးနေခြင်းကို ပြောလည်းပြောချင်သည်။ မပြောလည်းမပြောနိုင်။ ဘယ်လိုများ ဒီအဖြစ်မျိုး ဖြစ်နေပါလိမ့်ဟုမသိအောင် စိတ်ရှုပ်သွားကာ မျက်ရည်များပင် လည်နေလေသည်။ နောက်ဆုံးတွင် ဆိတ်ဆိတ်မနေတော့ဘဲ "သွားစမ်းဟယ်"ဟု ပြောချလိုက်သည်။

mgyoe.com

mgyoe.com


(၄)

အမေသည် စိတ်တိုကာ ခက်ထန်လာသည်။

အမေအား စိတ်ထင်သလို ပေးချင်းတိုင်း မပေးနိုင်အောင် ကျပ်တည်းလိုက်ကြခြင်းကြောင့် ခက်ထန်နေသည်။ ခက်ထန်လွန်း၍ ကျေနပ်အောင် ၅ ကျပ် ၁၀ ပေးလျှင် "နင့်အဖေကိုပြောလိုက်စမ်း၊ ငါ့ကို ၅ ကျပ် ၁၀ ပေးရအောင် ကုလားမယား၊ တရုတ်မယားမဟုတ်ဘူး"ဟု ဒေါသဖြစ်စွာနှင့် ငွေစများကို ကြမ်းပြင်ပေါ်သို့ ပစ်ကြဲပစ်လိုက်သည်။ အမေမှာ ဘယ်သူ့ကိုမှ ကြည့်လို့မရဘဲ တစ်ယောက်တည်းခက်ထန်ကာ သုန်မှုန်လာတော့သည်။ အစာကိုလည်းကောင်းစွာမစား၊ ကောင်းကောင်းလည်းမအိပ်၊ ထိုင်လိုက် ထလိုက်နှင့် ကျဉ်းကျပ်ခြင်းကို မကျေမနပ်ဖြစ်နေသည်။

အမေက အိမ်သားများကို ပိပိရိရိချောင်းနေတတ်သည်။ အမေ့အား အလစ်မပေးဝံ့ကြ။ အမေမသိအောင် ဖွက်ကြ ဝှက်ကြလုပ်သမျှ အမေသိသွားတာချည်းဖြစ်သည်။ အမေ့ကွယ်ရာတွင် အမေ့အကြောင်း ပြောနေကြလျှင် အမေမှာ ဘယ်အချိန်ကရောက်နေမှန်းမသိ နောက်တွင်ရောက်နေသည်။ အရိပ်အကဲခတ်ပြီး ဘာဆိုတာ တစ်ချက်တည်းသိနိုင်သည်။ အမေသည် နဂိုကထက်ပင် လျှင်မြန်ဖျတ်လတ်လာသည်၊ စူးရှထက်မြက်လာသည်၊ နားပါးလာသည်၊ အိပ်ရာထဲတွင်နေလျက် အိမ်တွင် အပ်ကျတာက အစ အမေသိနိုင်၍ အံ့သြရသည်။

အမေ၏ရောဂါကိုပျောက်ကင်းအောင် ကုသကြ၏။ ဆရာများကို ကောင်းတယ်ဆို ခေါ်ကာ တစ်ယောက်ပြီးတစ်ယောက် နည်းမျိုးစုံကုကြသော်လည်း အမေ၏အခြေအနေမှာ ထူးခြားကောင်းမွန်ခြင်း မဖြစ်လာ။

အမေသည် အတိုင်းမသိ စိတ်ရှုပ်ထွေးလာလျှင် ဟိုနားဒီနားထွက်သွားသည်။ အမေ့စိတ်တွင် ပူပန်ကြောင့်ကြကြီးလာပြန်လျှင် အိပ်ရာထဲက မထတော့။ အိပ်ရာထဲတွင် အန္တရာယ်နှင့်တွေ့ဆုံကာ ပင်ပန်းကြီးစွာတိုက်နေလေသည်။ မရှိသောအားရန်ကို ကြံကြံဖန်ဖန်တွေးကြောက်သည်။ အမေက တောင်ထင်မြောက်ထင်နှင့် ပြောလျှင် "အမေထင်သလို ရန်မရှိဘူး" ဟု မကြောင့်ကြရန် ဖျောင်းဖျသော်လည်းနားမဝင်။

"အမေ့ကို ငွေတစ်သောင်းပေးပါ။ အမေလှူမယ်၊ အားလုံး၊

mgyoe.com

mgyoe.com

အားလုံးကောင်းအောင်ပေးပါ။ ငွေတစ်သောင်း"

အမေသည် ငွေတစ်သောင်းကို မရမကတောင်းနေသည်။ အမေ တောင်းသည့်ငွေကိုမပေး၍ တစ်နေ့ထက်တစ်နေ့ တဆူဆူတပူပူဖြစ်နေသည်။ ငွေမရလျှင် ရောဂါတိုးကာ ယခုထက် ဆိုးဝါးလာမည်လားဟု စိုးရိမ်လာကြရသည်။ အမေမှာ ငွေတစ်သောင်းသာ နေ့ရှိသရွေ့ တောင်းနေတော့သည်။

"ရန်ကုန်မှာ စိတ်ရောဂါကုဆေးရုံဟာ အင်မတန်ကောင်းတယ်။ အဲဒီမှာ ကုကြည့်ရင် ပျောက်သွားမှာပဲ" ဟု မိတ်ဆွေတစ်ဦးက အကြံပေးသည်။ အဖေမှာ အမေ့အား မပို့ရက်ကာ သည်အတိုင်းပင် အလိုလိုက်လျက် ဆရာများနှင့် ကုသသည်။

အမေမှာ တောင်းသည့်ငွေကိုမရ၍ အစာမစား၊ အိပ်ရာကမထ၊ ငွေရအောင်ကြံစည်နေလေရာ အမေ့ကို လန့်နေကြရသည်။ အမေ့ကို ကြောက်နေကြရ၍ စိတ်ရောဂါကုဆေးရုံ၌ ကုသကြည့်အောင် ဆွေးနွေးတိုင်ပင်ကြတော့သည်။ အမေ့ကို ဆေးရုံသို့သွားကုရန် ပြောပြကြသည်။

"ဘာဖြစ်နေလို့သွားရမှာလဲ၊ မသွားပါဘူး"ဟု အမေက ငြင်းဆန်နေသည်။ "ငွေတစ်သောင်းသာ အခုပေး၊ နေကောင်းမယ်" ဆိုကာ ငွေကိုသာ တတောင်းထဲတောင်းနေသည်။

အဖေက "ဆေးရုံက ဆရာဝန်နှင့်ပြကြည့်ဖို့ ခဏရန်ကုန်လိုက်လျှင် အပြန်ကို ငွေတစ်သောင်းပေးပါမည်"ဟု ပြောကြည့်သည်။

"ဆေးရုံတက်နေရမှာလား...တက်နေရင်တော့ မသွားဘူး"

"ဆေးရုံအကြာကြီး တက်မနေရပါဘူး။ ဆရာဝန်နဲ့ စမ်းသပ်ပြီး ဆေးဝါးစား...မသကာကြာလှ လေးငါးဆယ်ရက်ပေါ့၊ ပြန်လာတော့ ငွေတစ်သောင်းပေးပါ့မယ်"

"ဆေးရုံမှာ တစ်ယောက်တည်း သွားနေရမှာလား"

"သမီးကိုပါခေါ်သွားပြီး သမီးနဲ့ နှစ်ယောက်နေကြပေါ့"

အမေသည် သုံးလေးရက်စဉ်းစားနေပြီးမှ "ငွေတစ်သောင်းပေးရင် သွားမယ်"ဟု သဘောတူလိုက်သည်။

ရန်ကုန်စိတ်ရောဂါကုဆေးရုံကား ရှိမှန်းသာကြားဖူးကြသည်။

mgyoe.com

mgyoe.com

ဆေးရုံသွားရန်စီစဉ်သည့်အခါ အဖေ့မှာ အလုပ်က ခွင့်ရက်ခံတာမရပေ။ အဖေ လိုက်မပို့လျှင်လည်းမဖြစ်၊ အမေ့အား ဆေးရုံသို့ ပို့ရမည့်အရေးတွင် အကြံခက်နေကြပြန်သည်။

"ဒီလိုဆိုရင်လည်း ဒီကနေ စနေနေ့ ညသင်္ဘောနဲ့လိုက်မယ်။ ရန်ကုန်ကို တနင်္ဂနွေမနက်ရောက်၊ အဲဒီနေ့ပဲ အမေ့ကိုဆေးရုံတင်ပြီး ည သင်္ဘောနဲ့ပြန်လိုက်လာရင် ဒီမှာ တနင်္လာနေ့မနက် အလုပ်ဆင်းနိုင်တယ်"ဟု အဖေက စီမံလေသည်။

ဘယ်လောက်ကြာအောင် ဆေးရုံတွင် အမေနေရမည်လဲ မသိကြ။ ရက်ရှည်လများအတွက် အဝတ်အစားပြည့်ပြည့်စုံစုံထည့်ယူရမည်။ ဆေးရုံ၌ အမေ့ကိုထားပစ်ခဲ့မည့်အကြောင်း မရိပ်မိအောင် တိတ်တိတ်ကျိတ်စီစဉ်ကြသည်။ သင်္ဘောဆိပ်သို့ဆင်းခါနီးတွင် ဆေးရုံသတင်းကို သိရပြန်သည်။ နယ်မှဆရာဝန်နှင့် မြို့ပိုင်တို့၏စိတ်ဝေဒနာရှင်ဖြစ်ကြောင်း ထောက်ခံချက် လက်မှတ်ပါမှ လက်ခံသည်ဟုသိရ၍ အပြေးအလွှားတောင်းယူခဲ့ကြရသေးသည်။

(၅)

သင်္ဘောကြီး၏ခေါင်းတိုင်မှ ဥသြသံပျောက်သွားပြီးနောက် စက်သံပါ တဖြည်းဖြည်းရပ်သွား၍ မှန်ပြတင်းမှအပြင်သို့ထကြည့်လိုက်ရာ ဘာကိုမှ မမြင်အောင် နှင်းများပိတ်ဖုံးနေသည်။ အောက်ကိုငုံ့ကြည့်လိုက်ရာ မြစ်ရေကို ရေးရေးသာမြင်ရပေသည်။ ကမ်းစပ်မှာကောင်းကင်နှင့်ရေလျက် ဖြူပိတ်မှိုင်းမှုန်နေခြင်းကြောင့် ကမ်းပါးပေါ်တွင်ရှိသော အရာဝတ္ထုများကို မည်သည့်အရာ၊ မည်သည့်ပစ္စည်းဟု တပ်အပ်ပြောနိုင်ရန် ခဲယဉ်းလှသည်။ သင်္ဘောကြီး ရှေ့သို့ဆက်လက်မခုတ်နိုင်ဘဲ ကျောက်ချကာရပ်နေရသည်။ အမေသည် သင်္ဘောပေါ်ရောက်ကတည်းက အိပ်ကာ လိုက်ပါလာရာ သင်္ဘောရပ်သည်နှင့်ထထိုင်လိုက်သည်။

"သမီးအဖေ့ကိုနှိုးလေ၊ အဝတ်အစားလဲဖို့ပြော"

"ရန်ကုန်မရောက်သေးဘူး အမေရဲ့၊ နှင်းတွေပိတ်နေလို့ရပ်နေတာ"

အမေသည် ခွာချလိုက်သည့် စောင်ကိုဆွဲကာ ခေါင်းမြီးခြုံပြီး ပြန်အိပ်နေ

mgyoe.com

mgyoe.com


သည်။ နံနက် ၉ နာရီထိုးသည်အထိ သင်္ဘောမှစက်သံကိုမကြားရ။ နှင်းတို့မှာ ရေကိုမမြင်ရအောင် တစ်ခဲနက်ပိတ်ကျလျက်ပင်ရှိသည်။ အဖေမှာ နာရီကို တကြည့်ထဲကြည့်နေသည်။ ရန်ကုန်သို့နေမြင့်မှရောက်လျှင် အစီအစဉ်တွေ နှောင့်နှေးကြန့်ကြာပြီး နေ့ချင်းမပြန်နိုင်မှာ ပူပင်ကြောင့်ကြနေသည်။ နံနက်စာ သင်္ဘောပေါ်တွင်ပင် မှာစားကြသည်။

"အမေထပါ၊ နည်းနည်းစားပါဦး၊ အချိန်မရဘူး စားထားမှ"

"ရန်ကုန်ဘယ်အချိန်ရောက်မလဲ"ဟု အိပ်ရာကထမေး၍ အဖေက–

"တစ်ချက်လောက်မှ ရောက်မလား မသိပါဘူးကွယ်"ဟု ညည်းတွားကာ ပြန်ပြောသည်။

"ရန်ကုန်များလာပလားဆိုရင် ရောက်တဲ့နေ့ကစပြီး ပြန်တဲ့နေ့အထိ ပါပဲ၊ အိမ်ကလူတွေ သားတွေ၊ သမီးတွေဝတ်ဖို့၊ စားဖို့ ဝယ်လိုက်ခြမ်းလိုက် ရတာ စားစရာထူးထူးဆန်းဆန်းတွေ့မြင်ပေမယ့် ကိုယ့်ဝမ်းထဲများ မထည့် မိပါဘူး။ သင်္ဘောပေါ်ရောက်မှတောင် အိမ်ကကြိုက်တတ်တဲ့ ကော်ပြန့် ကြော်ကို ၁၉ လမ်းမှာ အပြေးဆင်းဝယ်သေးတယ်..."

ထမင်းများနယ်ဖတ်ရင်း အမေက ထိုသို့အမှတ်တရလျှောက်ပြောပြ လေသည်။ အမေသည် ပြောချင်လျှင် ပြောချင်ရာကိုဖြောင့်နေအောင် ပြောနိုင် လေသည်။ ပြောပြီးလျှင် ထမင်းကို ကောင်းကောင်းမစားဘဲ ငေးငိုင်နေသည်။ အဖေလည်း မျက်နှာမကောင်းလှဘဲ ထမင်းကိုဟန်ဆောင်ကာ စားနေရ၏။

အမေသည် သံယောဇဉ်ကြီးလှသည်။ ခင်ပွန်းယောကျ်ား သားသမီး တို့အပေါ်၌ ချစ်ခင်တွယ်တာခြင်းမှာ ရှာမှရှား မေတ္တာမျိုးဖြစ်သည်။ အဖေ နယ်ထွက်သွားလျှင် ပြန်မရောက်မချင်း အမေ့မှာ မအိပ်နိုင်၊ မစားနိုင် ကြဲဖန် ပူနေတတ်သည်။ ညဘက် အိမ်ကသားများ ထွက်လည်နေလျှင်လည်း ပြန် မလာမချင်း တပူပူနှင့်ထိုင်စောင့်နေတတ်သည်။ မိုးလင်းက မိုးချုပ် လင်ဖို့၊ သားဖို့၊ သမီးဖို့ စသည်မျိုးများဖြင့်သာ မအားမလပ် အချိန်ကုန်ခဲ့ရသည်။

အမေ၏သံယောဇဉ်ကြီး၍ အချစ်လွန်အပူလွန် အတွေးလွန်ရာက ဤရောဂါဖြစ်လာရသလား၊ မပြောတတ်ပေ။ သည်သံယောဇဉ်တွေနှင့် ခွဲခွာ ကာ အချိန်ဘယ်လောက်ကြာအောင် ဆေးရုံတွင်နေရမည်ကို အမေ့မှာ မသိ ရှာ။ အမေ့ကို ဆေးရုံတွင် သွားထားကြမည်ဟုခေါ်လာကြသော အဖေနှင့်

mgyoe.com

သမီးမှာ အမေပြောတာ နားထောင်ရင်း ရင်ထဲ၌ ဆို့နေကြသည်။

အမေသည် ထမင်းကို ဟုတ်တိပတ်တိမစားဘဲ ပြန်လှဲကာ အိပ်နေသည်။ နှင်းများမကွဲတကွဲတွင် သဘော်ကြီးလည်း နှင်းထုကို ထိုးထွက်လာသည်။ အဖေမှာ နံဘေးက တရိပ်ရိပ်ပြေးနေသော ကမ်းနဖူးများကို ထိုင်ကြည့်ငေးနေသည်။

အမေမကြားအောင် အဖေ့နားသို့ တိုးတိုးကပ်မေးကြည့်သည်။ အဖေမှာ စကားကိုဟဟမပြောချင်သလို အမူအရာရှိကာ "မပြောတတ်ပါဘူး သမီးရယ်"ဟုပြောပြီး ဆေးရုံကိုမှန်းကြည့်နေဟန်ရှိသည်။

အချိန်မှာ ၁၂ နာရီထိုး၍နေပေပြီ။

စက်ကုန်မောင်း၍ခုတ်လာသော သဘော်ကြီးကား လူအမျိုးမျိုးကို တင်ဆောင်လာသည်။ လူအမျိုးမျိုးကလည်း ကိစ္စအမျိုးမျိုးပါလာကြသည်။ အရင်လိုသည့်ကိစ္စထဲတွင် အမေ့ကိစ္စလောက် အရင်လိုသည့်ကိစ္စမျိုးရှိမည် မထင်မိ။

ဝေးဝေးရှိသစ်ပင်တွေကြားထဲက မြင့်မားရပ်တည်နေသော ဝင်းနေသည့် ရွှေတိဂုံဘုရား၊ ပြာနှမ်းနှမ်းသွပ်မိုးဂိုဒေါင်ကြီးများ၊ လွင့်နေသည့် တိုက်တာများ၊ တရိပ်ရိပ်ပြေးသွားနေသော မော်တော်ကား၊ ဓာတ်ရထားများ ရှိလေရာ ကမ်းဘက်သို့ ဦးထိုးကာ စက်ကုန်ဖွင့်လျက် ခုတ်မောင်းနေသည်။ "ရန်ကုန်"ဟူသောအသံကား ခရီးသည်များအား အကြည်ဓာတ်ရှိစေသော်လည်း ရန်ကုန်ကိုမြင်ရခါမှ ရန်ကုန်နှင့်မျက်နှာချင်းဆိုင်ရန် ကြောက်ရွံ့သလို ဖြစ်သည်။ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်၍လာသည့်အထိ တုန်၍လာသည်။ အမေ့အားကြည့်လိုက်၊ အဖေ့ကြည့်လိုက်၊ ရန်ကုန်ကို လှမ်းကြည့်လိုက်နှင့် စိတ်ထဲတွင် လှုပ်ရှားကာ ယောက်ယက်ခတ်လျက်ရှိနေသည်။

သဘော်သည် တံတားသို့ ကပ်လိုက်သောအခါ ဆူဆူညံညံဟစ်အော်နေသည့် ကားကြိုများ၏အသံမှာ သဘော်ခန်းထဲသို့ရောက်လာသည်။

"ဝန်စည်စလယ်တွေဝင်ထားနေဖို့ အချိန်မရဘူး။ ဒီကပဲ တစ်ခါတည်း ကားငှားပြီး ဆေးရုံတန်းသွားမှဖြစ်မယ်"ဟု အဖေကပြောကာ ကားသမားကို ကူလီများကြားမှ လိုက်ရှာခေါ်လာသည်။

ရှုပ်ယှက်ခတ်နေသောလူတွေကြားထဲမှ အမေ့လက်ကိုဆွဲကိုင်ကာ

mgyoe.com

ကုန်းပေါ်သို့ဆင်းခဲ့ကြသည်။ ကားပေါ်တွင် ဝန်စည်စလယ်တွေတင်ပြီး စိတ်ရောဂါကုဆေးရုံသို့ တန်းသွားကြသည်။ စိတ်ရောဂါကုဆေးရုံသို့ မရောက်ဖူး၍ ကားသမားကိုနေရာပြောပြီး အပို့ခိုင်းရသည်။

ကားမှာမြို့ထဲမှထွက်လာပြီး အရှိန်မြန်မြန်ကြီး မောင်းချလာသည်။ အဖေက ခါးတွင်ပတ်ထားသော သေနတ်ကိုကိုင်စမ်းပြီး သေနတ်မပေါ်အောင် အပေါ်အင်္ကျီစနှင့်ဆွဲဖုံးသည်။ ဒါကို အမေကစောင်းကြည့်ပြီး မျက်စိထဲတွင် မြင်လိုက်ရသည့်သဏ္ဌာန်ကို မနှစ်သက်ကာ မျက်မှောင်ကြီး ကုတ်သွားသည်။

"အဲဟိုဟာကြီးပဲ စိတ်ရောဂါကုဆေးရုံ ..."

ဒရိုင်ဘာကပြောလိုက်သည်။ မြင့်မားသော အုတ်တံတိုင်းကြီးကို မြင်ရသည်။ အထဲတွင်ဘာရှိမှန်းမသိ။ ရန်ကုန်ထောင်တံတိုင်းကဲ့သို့ အုတ်တံတိုင်းကြီးတွေကို တွေ့ရ၍ လန့်သွားသည်။

ကားသည် တံတိုင်းကြီး၏ အပေါက်ရှေ့တွင် ထိုးရပ်လိုက်သည်။ အပေါက်ဝတံခါးမှာ အလုံပိတ်ထားသည်။ ဘေးရှိအဆောင် အပေါက်တစ်ပေါက်မှ လမ်းဘက်သို့ပြူကြည့်နေသော ပန်ချာပီကုလားပုလိပ်ကို တွေ့ရသည်။ အဖေက ကားထဲမှဆင်းသွားကာ ကုလားပုလိပ်ကိုသွား၍ မေးမြန်းစုံစမ်းသည်။ ကုလားပုလိပ်က ဆေးရုံဖွင့်ချိန်မဟုတ်၍ မည်သူမျှဝင်နိုင်ခွင့်မရှိကြောင်းပြောပြသည်။ လူမမာထားချင်၍ ဘယ်လိုလုပ်မလဲဟု ပုလိပ်ထံတွင် အကြံဉာဏ်တောင်းရသည်။

"ဒီဆေးရုံက ဆရာဝန်ကြီးလက်မှတ်ပါရင် ဝင်ရမယ်။ အခုတော့ ဖွင့်မပေးနိုင်ဘူး"ဟု ပြောလိုက်သည်။ အဖေမှာ စိတ်ပျက်ပျက်နှင့် ကားဆီသို့ ပြန်လျှောက်လာသည်။ "ခက်တာပဲ ညနေမှဝင်ရရင် ပြန်ဖို့မမီဘူး"ဟု ပြောကာ ကားအမိုးကိုကိုင်လျက် အကြံရကျပ်နေသည်။

"ဆရာဝန်ကြီးဆီသွားတွေ့ရအောင် အဖေရယ်၊ ဆရာဝန်ကြီး ဘယ်နေသလဲလို့မေးကြည့်ပါ" ဟု ပြောလိုက်၍ အဖေကအပေါက်ဝသို့ ပြန်လှည့်သွားသည်။ နေမှာချစ်ချစ်တောက်အောင် ပူပြင်းနေလေရာ နေပူကြီးထဲတွင် အကြာကြီးရပ်ကာ အတွင်းက ကုလားနှင့်စကားပြောနေရပြန်သည်။

"ဒီဆေးရုံက လာချင်တိုင်းလာလို့မရဘူးနဲ့တူတယ်။ ကျပ်တယ်

mgyoe.com

ထင်တယ်"

ဒရိုင်ဘာက အဖေတို့ကိုလှမ်းကြည့်ရင်း ပြောလေသည်။ အမေလည်း ဒရိုင်ဘာကို စိမ်းစိမ်းစားစားကြည့်လိုက်သည်။ ခေါင်းမှာဆတ်ခနဲလှုပ်သွားပြီး မျက်မှောင်ကြီး ပြန်ကုတ်ထားသည်။ အမေသည် "ကျပ်တယ် ... ကျပ်" ဟူသောစကားလုံးမျိုးကို မနှစ်သက် "ကျပ်"ဆိုလိုက်သောစကားလုံးကို အဓိပ္ပာယ်ကောက်ယူချင်သလို ကြံဖန် ကောက်ယူကာ အတွေးနက်နေသည်။

ကုလားပုလိပ်ထံမှရခဲ့သော လိပ်စာအတိုင်း ဆရာဝန်ကြီးအိမ်သို့ မောင်းလာကြသည်လည်း အမေက ဂရုမထား။ သပ်ရပ်ခမ်းနားသော တိုက်ဆင်ဝင်ကြီးအောက်၌ကားရပ်ပြီး ဆင်းပါဆိုလို့သာ အမေ့မှာ ဆင်းလိုက်ရသည်။ ဧည့်ခန်းနှင့် ထမင်းစားခန်းနှစ်ဆောင်ကြားရှိ အဝင်ဝ အဆောင်၌ ရပ်နေလိုက်ကြလျှင်၊ အမေလည်း ရပ်နေသည်။ အတွင်းမှ ကရင်မကလေး ထွက်လာပြီး အဖေနှင့်စကားပြောကြသည်ကိုလည်း အမေ့မှာ သိသလို ကြားသလို မြင်သလို အမူအရာမရှိ။ အမေ၏မျက်စိကို မဆွဲနိုင်ကြ။ အမေ၏ အာရုံကိုမတိုးနိုင်ကြ။ ထိုအတွင်း လှေကားမှမျက်နှာဖြူ ဗိုလ်ကြီးဆင်းလာကာ အနားရောက်သည့်အထိ၊ အံ့အားသင့်စွာဖြင့် လျှောက်လာပြီး အဖေနှင့်စကားပြောကြပြီးနောက် ဧည့်ခန်းထဲသို့ခေါ်သွားသည်အထိ အမေသည် ဘယ်ဒင်းမှုကြည့်ခြင်း၊ သိခြင်း၊ ကြားခြင်း အာရုံ အရှင်းမပြဘဲ ခေါင်းထဲတွင် "ကျပ်"ဆိုသည့်စကားတစ်လုံး နှောင့်ယှက်နေခြင်းကို တိုက်ခိုက်ဖယ်ရှားနေပေတော့သည်။

ဆရာဝန်ကြီးမှာ အသက် ၅၀ ခန့်ရှိပေမည်။ အသားက နီသလို ဆံပင်များကလည်းနီနေသည်။ ပြာနေသော မျက်လုံးများနှင့် စူးရှစွာ အမေ့ကိုစိုက်ကြည့်နေသည်။ ရှပ်ဖြူလက်တို၊ ဘောင်းဘီအရှည်အဖြူ ဝတ်ထားကာ ကုလားထိုင်နောက်ကို မှီလျက် လက်ပိုက်ခြေချိတ်ပြီးထိုင်နေသည်။ အမူအရာမှာ အသက်ကြီးသော်လည်း ကျန်းမာနုပျိုဖျတ်လတ်နေသည်။ အဖေပြောပြနေသည်ကို နားထောင်ရင်း တစ်ချက်တစ်ချက် ခေါင်းကိုညိတ်သည်။

"နိုင်ငံရေးလည်း အင်မတန်ဝါသနာပါတယ်။ ဒိုင်ယာခီ၊ ဟုမ္မရူးခေတ်၊ ဂျီစီဘီအေခေတ်ကစပြီး နောက်ဆုံးတွဲရေး ခွဲရေးခေတ်အထိ သူ့

mgyoe.com

mgyoe.com


သဘောကျတဲ့ဘက်က စိတ်အားထက်သန်ဆောင်ရွက်တယ် ...ဒီလိုဖြစ်လာတာကတော့ တောမှာ တွဲရေးဘက်ကလူက ခွဲရေးဘက်ကလူကို လှံနဲ့ လိုက်ထိုးတယ်လို့ သတင်းကြားကြားချင်း ဒီသတင်းကြားတဲ့အချိန်ကစပြီး၊ မငြိမ်မသက်ဖြစ်လာတယ်။ ကြောက်တတ် လန့်တတ်ဖြစ်လာတယ်။ သွေးလန့်ပြီး စိတ်ထိခိုက်သွားပါတယ်။ လှံနဲ့ လိုက်အထိုးခံရတဲ့လူက သူ့အစ်ကိုပါပဲ"

ဆရာဝန်ကြီးအား အမေ၏အတိတ်ရာဇဝင်ကို အဖေက ဇာတ်ကြောင်း ပြန်ပြောပြနေသည်။ ဆရာဝန်ကြီးမှာ အဖေပြောနေသည်ကို နားစိုက်ထောင်နေရင်း တစ်ချက်တစ်ချက်တွင် လိုအပ်သည့်မေးခွန်းရှိလျှင် ဖြတ်မေးလိုက်ပြီး စိတ်ဝင်စားစွာ စိတ်ငြိမ်နားထောင်သည်။

"သတိလည်း မလစ်ပါဘူး၊ အကုန်သိပါတယ်၊ အမှားမှား အယွင်းယွင်း ဘာမှမရှိပါဘူး။ အိပ်ရာထဲမှာ အမြဲပဲအိပ်နေပါတယ်။ သူ့စိတ်ထဲမှာ အထင်မှား အမြင်မှားလည်းဖြစ်နေတယ်။ တွေးပြီး ကြောက်လန့် စိုးရိမ်ပူပန်နေတယ်။ ပိုက်ဆံတွေရော လက်ဝတ်လက်စားတွေရော ဘယ်ပစ္စည်းမဆို ပေးချင်တဲ့သူကို ပေးပစ်ပါတယ်။ စကားလည်း သိပ်မပြောတော့ပါဘူး။ အစာလည်း ကောင်းကောင်းမစားပါဘူး၊ အိပ်ပျော်တယ်ရယ်လည်း မရှိပါဘူး။ အခုလည်း ငွေတစ်သောင်းပေးရမယ်တောင်းလို့ ဒီဆေးရုံကိုလိုက်ရင် တစ်သောင်းပေးမယ်ဆိုပြီး ခေါ်ခဲ့ရပါတယ်။ ကျွန်တော်တို့နယ်က လာရတာပါ။ အခု သင်္ဘောဆိပ်က တစ်ခါတည်းတန်းလာတာပါ။ ဒီညနေ သင်္ဘောနဲ့ ပြန်ရပါမယ်။ ဒီဆေးရုံအကြောင်း စုံစမ်းဖို့လည်း အချိန်မရပါဘူး။ ချက်ချင်းလည်း လိုက်လာခဲ့ရတယ်။ လူမမာကိုသနားပြီးတော့ ဒီနေ့ပဲ ခင်ဗျားစစ်ဆေးပြီးလက်ခံနိုင်ရင် လက်ခံစေလိုပါတယ်"

ဆရာဝန်ကြီးမှာ စဉ်းစားကာတွေနေသည်။ အမေသည် ဆရာဝန်ကို တစ်ချက်မှမကြည့်ဘဲ စိုက်မိစိုက်ရာငေးငိုင်နေသည်။ ဆရာဝန်ကြီးက အမေ့ကို စိုက်ကြည့်နေရာမှ မတ်တတ်ထရပ်လိုက်သည်။ ခြံဝင်းထဲမှ ဒရိုင်ဘာကို ခေါ်ကာ ကားထုတ်ခိုင်းလိုက်သည်။

"ဆေးရုံသို့ သူလိုက်ခဲ့မယ် သွားကြရအောင်"ဆို၍ ဝမ်းသာအားရ ဆရာဝန်ကြီးအိမ်မှ ထွက်လာကြသည်။ ဆေးရုံဝင်းသို့ရောက်လျှင် ပုလိပ်များက ပျာပျာသလဲ တံခါးကြီးကိုဖွင့်ပေးကြသည်။ ကားများအထဲဝင်မိလျှင်

mgyoe.com

တံခါးကြီးကို ပြန်ပိတ်လိုက်သည်။

စိတ်ရောဂါကုဆေးရုံဟူ၍ ကြားဖူးခဲ့သည်။ အတွင်းသို့ ယခုမှပင် ဝင်ဖူး၍ ဘယ်ကိုကြည့်ရမှန်းပင် မသိအောင်ဖြစ်ကာ မြင်မြင်သရွေ့ အကုန်လုံးကို ကြည့်လိုက်ကြသည်။

တံတိုင်းအတွင်း၌ များလှစွာသော တိုက်တာအဆောက်အဦများ၊ နှစ်ထပ် တိုက်တန်းလျားကြီးများ၊ တစ်ထပ်တိုက်ပုပုများကို ဟိုနေရာဒီနေရာ တကွဲတပြားစီတွေ့ရသည်။ အုတ်နီရောင်အဆောက်အဦတွေမှာ ထုထည်ကြီးမားပြီး ဆေးရုံသဏ္ဌာန်ပေါ်သည်။ အဆောက်အဦတစ်ခုနှင့်တစ်ခု ကူးရန် လုပ်ထားသော မြေလမ်းကလေးများကို သွပ်မိုးထားသည်။ စကြံလမ်းနှစ်ဖက်တွင် ပုဏ္ဏာရိက်ပင်များကို တန်းစီကာ ညီညီညာညာစိုက်ထားသည်။ ကွက်လပ်မြက်ခင်းများတွင် လက်နက်မကိုင်သော ပုလိပ်များစောင့်ကြပ်လျက် မြေဆွ မြေတူးကာ သစ်ပင်ပန်းပင်စိုက်နေကြသော စိတ်မနံ့သူများမှာ၊ တူညီဝတ်စုံဝတ်ထားကြသည်။ လယ်တိုက်ဂျာစီ အဖြူပေါ်တွင် အပြာစင်း ချည်ကြမ်း နံငယ်ပိုင်း၊ ခေါင်းတုံးရိတ်လျက် သန်သန်မာမာရှိသည်။ သူတို့အနားက ပန်းပင်တွေမှာ ဝေဝေဆာဆာပွင့်လျက်၊ အဆောက်အဦများနောက်တွင် အုတ်တံတိုင်းကြီးတစ်ခုကို ထပ်တွေ့ရသည်။ လူသူကင်းရှင်းကာ စိမ်းလန်းသော သစ်ပင်များပေါ်က ကျေးငှက်များ၏အသံသာ ကြားရသည်။

ဆရာဝန်ကြီးက အဆောက်အဦတစ်ခုထဲသို့ ခေါ်သွားသည်။ တံခါးဝ၌ စောင့်နေသောပုလိပ်က ပျာပျာသလဲ တံခါးဖွင့်ပေးလိုက်သည်။

အခန်းထဲရှိ စားပွဲကြီးထိပ်တွင် ဆရာဝန်ကြီးကထိုင်ကာ စားပွဲရှေ့ ကုလားထိုင်များတွင် ထိုင်ခိုင်း၍ ထိုင်ကြရသည်။ အခန်းထဲတွင် မှန်ဗီရိုများရှိသည်။ စားပွဲခုံသေးများကို နံရံနှင့်ကပ်ထားသည်။ စားပွဲခုံသေးများမှာ ဆေးရောင်မသုတ်၊ ရေနှင့်နေ့စဉ်တိုက်ပွတ်ထား၍ ဖုန်မှုန့်မရှိဘဲ ခြောက်ခြောက်မွဲမွဲနှင့် ဖြူနေသည်။

ဆရာဝန်ကြီးက စာရွက်ပေါ်တွင်စာရေးကာ ခေါင်းလောင်းနှိပ်ပြီး အပေါက်ဝကပုလိပ်ကို ခေါ်ပေးသည်။ မကြာမီ သက္ကလတ်အင်္ကျီအညို၊ ရေနံရောင်ဘန်ကောက်လုံချည်၊ ခေါင်းပေါင်းပန်းရောင်နှင့် လူပုပုတစ်ယောက် ဝင်လာသည်။

mgyoe.com

mgyoe.com


ဆရာဝန်ကြီးသည် ကုလားထိုင်မှထလိုက်ပြီး မှန်ဗီရိုလေးထဲက တုတ်တံနှစ်ချောင်း ထုတ်ယူလာကာ အမေ့အား ကုလားထိုင်မှထစေသည်။ အမေ၏ဒူး၊ လက်တံတောင်၊ လက်ပြင်ရိုးစသည်တို့ကို မနာမကျင်ခေါက်ကြည့်သည်။ တစ်ဖန် နားကြပ်နှင့်လည်း ရင်ညွန့်ကိုထောက်ပြီး စမ်းသပ်ကြည့်သည်။ ဆရာဝန်ကြီးက အမေအား သူမေးလိုသည့် မေးခွန်းများကို အခန်းထဲသို့ဝင်လာသော ဆရာဝန်ကလေးနှင့်တစ်ဆင့် ဘာသာပြန်ခိုင်းပြီး စစ်ဆေးသည်။

"ဆရာဝန်ကြီးက ဘယ်လိုဖြစ်သလဲလို့မေးပါတယ်၊ အဒေါ် ပြောပြလိုက်ပါ" သာယာညင်းပျောင်း ချော့မော့ပြောသည့်အသံမျိုးနှင့် ဆရာဝန်ကလေးက ပြောလေသည်။ အမေသည် အဖေနှင့်သမီးကိုကြည့်ကာ ငိုင်နေ၍ ပြောပြလိုက်ပါဟု တိုက်တွန်းကြရသည်။

"ကျွန်မသိပ်တော့နေမကောင်းဘူး၊ လူသံသူသံလည်း မကြားချင်ဘူး၊ ခုတစ်မျိုး ခုတစ်မျိုး စိတ်ထဲမှာဖြစ်တယ်၊ တစ်ခါတစ်ခါ အသံတွေကို နားထောင်လို့ရတယ်၊ တစ်ခါတလေလည်း မရဘူး..."

အမေသည် စကားကိုတစ်ဆက်တည်း သွက်သွက်လက်လက် မပြောဘဲ ဖြည်းဖြည်းဆေးဆေး ဆိုင်းနားပြောသည်။ ပြောနေရင်းပင် ဆက်ပြောရမှာ ဆွံ့နေသည်။ တစ်ချက်တစ်ချက် ခေါင်းတုန်သွားကာ မျက်တောင်များ တဖျပ်ဖျပ်ခတ်လျက် ဆုတ်ဆိုင်းသွားပြီးမှ ဆက်ပြောသည်။

ဆရာဝန်ကလေးက ဆရာဝန်ကြီးကို ဘာသာပြန်ပြောသည်။ ဆရာဝန်ကြီးလည်း နောက်မေးရန်မေးခွန်းကို စဉ်းစားပြီး မေးခိုင်းသည်။

"စိတ်ထဲမှာ ဘယ်လိုဖြစ်နေသလဲလို့ မေးနေပါတယ် အဒေါ်ပြောပါဦး"

အမေသည် တစ်ကြိမ်က နှစ်ကြိမ်ထပ်ထပ်မေးနေသည်ကို ချက်ချင်းမဖြေဘဲ ပြောလိုက်ပါဟု ဝိုင်းပြောတော့မှ ဖြေသည်။

"စိတ်ထဲမှာ အမြဲရွတ်နေရတယ်"

"ဆရာဝန်ကြီးက ဘာတွေရွတ်နေရသလဲ၊ ဘာဖြစ်လို့ရွတ်သလဲလို့ မေးနေတယ် ပြောလိုက်ပါ အဒေါ်"

အမေသည် တော်တော်နှင့်အဖြေမပေးပေ၊ အတန်တန်မေးမှပင်

mgyoe.com

ဖြေလေသည်။ အမေ၏ဖြေလိုက်သောအသံမှာ ဆုတ်နစ်သောအသံ၊ ပင်ပန်းမောဟိုက်သောအသံမျိုး ဖြစ်သည်။

"ကျွန်မသားတွေ သမီးတွေအားလုံး အားလုံးကောင်းအောင်၊ ချမ်းသာအောင် အမြဲပဲရွတ်နေရတယ်၊ ကျပ်တယ်လို့ကြားလိုက်ရင် မကျပ်ဘူး၊ မကျပ်ဘူးလို့ရွတ်နေရတယ်"ဟု တုန်တုန်ရီရီပြန်ပြောလိုက်ရာ ဆရာဝန်ကြီးက ဆက်မမေးရန် လက်ပြလိုက်သည်။

အမေ့အား ဆေးရုံတွင်ထားရန် ဆရာဝန်ကြီးက လက်ခံလိုက်သည်။ အမေ၏ရောဂါမှာကုသ၍ မြန်မြန်ပျောက်နိုင်စရာရှိသည်ဟု ထင်မြင်ချက်ပေးသည်။

ဘယ်အခန်းတွင်ထားမည်လည်းမေး၍ ပထမအခန်းတွင် ထားမည်ဟု ပြောရသည်။ ဆေးရုံ၏စည်းကမ်းချက်၊ ကုသပုံများကို အနည်းအကျဉ်း ဆရာဝန်ကလေးက ပြောပြရင်းက "ရန်ကုန်ပုလိပ်မင်းကြီးလက်မှတ် ပါသလား"ဟု ဖြတ်မေးလိုက်သည်။ အဖေက သဘော်ဆိပ်က တန်းလာကြောင်းနှင့် ပုလိပ်မင်းကြီးလက်မှတ်ကို ယူလာရမည်မသိကြောင်း၊ နယ်က လက်မှတ်များပါလာကြောင်း ပြောပြလေသည်။

"ခက်တာက အမွေအမှုတွေ ဘာတွေအတွက်နဲ့ ရူးတယ်ဆိုပြီး ဒီအထဲမှာ လာပြီးပိတ်လှောင်မထည့်နိုင်အောင် ပုလိပ်မင်းကြီးရဲ့ လက်မှတ်ပါရတယ်၊ ဆရာဝန်စစ်ရုံနဲ့ ဥပဒေကမပြီးဘူး။ ပုလိပ်မင်းကြီးက သူ ယုံကြည်တယ်ဆိုတဲ့ ထောက်ခံချက်ရမှ ဆေးရုံကလက်ခံရတယ်၊ အခုဆိုတော့ လက်မခံနိုင်သေးဘူး"

အဖေ့မှာ ခရီးတော်တော်ရောက်ခါမှ နောက်ဆုံးတွင် ထစ်နေသည်ကို အကြီးအကျယ်စိတ်ပျက်သွားသည်။ အချိန်မှာလည်း ညနေလေးနာရီထိုးတော့မည်ဖြစ်၍ မကြံတတ်အောင်ဖြစ်နေသည်။

အကြောင်းကြောင်း အခြေအနေကို သက်ညှာသည့်သဘောနှင့် ဆရာဝန်ကြီးက အကြံဝင်ပေးသည်မှာ "လူနာကိုတော့ ဒီမှာပဲထားခဲ့ပါ။ သူနေရမယ့်နေရာကို ဒီဆရာဝန်က သွားပို့ထားလိမ့်မယ်။ ခင်ဗျားက အခု မြို့ထဲပြန်သွားပြီး ပုလိပ်မင်းကြီးလက်မှတ်ရအောင် သွားယူပါ။ လက်မှတ်ရအောင်ယူပြီး ပြန်လာပို့ပါ၊ ပုလိပ်မင်းကြီးဆီကို လက်မှတ်ပေးလိုက်ဖို့ စာ

mgyoe.com

mgyoe.com

တစ်စောင်ရေးပေးလိုက်မယ်" ဟု ပြောကာ စာတစ်စောင်ရေး၍ ပေးလေသည်။

ဆရာဝန်ကြီးလည်း စာကိုပေးပြီးနောက် နှုတ်ဆက် အခန်းထဲမှ ထွက်သွားသည်။ "ကျွန်တော့်သမီးကို ဒီမှာပဲထားခဲ့ပါရစေ၊ ပုလိပ်မင်းကြီးကို ဒီစာသွားပေးပြီး ဟိုက လက်မှတ်ယူခဲ့ပါမယ်"ဟု ပြောသောအခါ ဆရာဝန်ကလေးက "ထားခဲ့ပါ။ လက်မှတ်သာယူခဲ့ပါ"ဟုပြောကာ အဖေ့အား အချိန်မကုန်အောင် အမြန်သွားစေသည်။

"သမီးနဲ့အတူနေနော်"ဟု အဖေသည် အမေ့ကိုနှုတ်ဆက်ကာ အခန်းထဲက ကမန်းကတန်းထွက်သွားလေသည်။

(၆)

ဆရာဝန်ခေါ်ရာနောက်သို့ အမေ့လက်ကိုတွဲကာ လိုက်သွားရသည်။ နောက်မှ အမေ့ယူနီဖောင်းသေတ္တာကြီးကို ကုလားတစ်ယောက်က ထမ်းယူလာသည်။ အဆောက်အဦများကိုဖြတ်ကာ လူသွားလမ်းမှ ကွေ့ချိုးသွားရာ အုတ်တံတိုင်းကြီးကာထားသော နေရာရှေ့သို့ ရောက်သွားသည်။ ဆရာဝန်က တံခါးတွင်ထပ်ထားသော သံကွင်းနှင့်သစ်သားကို ခေါက်လိုက်သည်။ တံခါးရွက်တစ်ဖက်မှ တံခါးပေါက်ကလေးကို အထဲကဖွင့်ပေးသည်။ ဆရာဝန်က နောက်ဆုံးမှ ကုန်းဝင်ပြီး အမေ့သေတ္တာကို ဧည့်ခန်းမှာ ခဏထားလိုက်ဦးဟု ကုလားကို လှည့်ပြောလိုက်သည်။

တစ်တိုင်းပြည်မှ တစ်တိုင်းပြည်ကို ရောက်သကဲ့သို့ စိတ်ထဲတွင် တစ်မျိုးတစ်မည်ကြီးဖြစ်သွားသည်။ သည်အထဲတွင်လည်း အဆောက်အဦတွေ ရှိပြန်သည်။ အဆောက်အဦတွေမှာ ဆေးရုံတန်းလျားပုံစံ၊ အိမ်ပုံစံများ အပြင် သံဆန်ခါကြီးတွေနှင့် ပိတ်ကာထားသည့် တိုက်ရုံကြီးတွေလည်း ရှိသည်။ ဆရာဝန်က "ဒါက မိန်းမတွေထားတာ၊ အပြင်ဘက်က ယောကျ်ားတွေထားတာ"ဟု ပြောပြသည်။

စိမ်းလန်းသောမြက်ခင်း၊ သစ်ပင်၊ ပန်းပင်များကို အပြင်ဘက်က အတိုင်းပင် သာသာယာယာ ပြုလုပ်ထားသည်။ ပိတ်အင်္ကျီအဖြူ ချည်ကြမ်းလုံချည်ကို ဆင်တူဝတ်ကာ သွားလာနေကြသော ကြီးကြီးငယ်ငယ် မိန်းမ

mgyoe.com

များကို တွေ့ရသည်။

သူတို့ဟာ လင်တွေသတ်၊ လူတွေသတ်ပြီး သွေးပျက်စိတ်နောက်သွားလို့ ဒီမှာကုဖို့ ပို့ပြီးပျောက်တော့ ဒီမှာပဲပြန်ပြီးထောင်ချထားတဲ့ နှစ်ကြီးသမားတွေဖြစ်ကြောင်း ဆရာဝန်က ပြောပြ၍ သိရသည်။ အကျဉ်းသမားမတွေ၏ မျက်နှာများမှာ ကြမ်းတမ်းခက်တရော်ကာ မထိမဲ့မြင် အမူအရာများတွေ့ရသည်။ သူတို့ကား အပြင်လောကကြီးနှင့် အုတ်တံတိုင်းကြီးနှစ်တန်ခြားနေရသည်။ ထောင်အလုပ်ကြမ်းကိုလုပ်ကာ ဒီအထဲတွင် ပိုက်ဆံပေး၍လာရောက်ကုသနေသည့် အရူးများ၏ ဝတ်ကြီးဝတ်ငယ်ကိုလည်း ပြုနေရသည်။ ရူးသွပ်သော ဝေဒနာပျောက်ကင်းသည်ဆိုရသော်လည်း အပြင်သို့မထွက်နိုင်ဘဲ နေ့ရှိသရွေ့ အရူးတွေနှင့် ဆက်ဆံကာ နေကြလေသဖြင့်သူတို့ စိတ်နေသဘောကို မှန်းဆကြည့်ကာ သနားကြင်နာမိသည်။ သူတို့မှာ ပျောက်ကင်းသည်ဆိုရသော်လည်း သူတို့ကြည့်ပုံသွားပုံလာပုံမှာ လူကောင်းနှင့်မတူ၍ နောက်တောက်တောက်တော့ ဖြစ်နေဦးမှာပဲဟု တွေးမိသည်။

တိုက်ပုပုသေးသေးကလေး ရှေ့သို့ရောက်သောအခါ မိန်းမရွယ်ရွယ်တစ်ယောက်ပြေးလာပြီး တံခါးဖွင့်ပေးသည်။ ဆံပင်ကို နောက်တွဲထုံးကာထဘီကို တိုတိုဝတ်ထားသည်။ မျက်စိစွေစွေနှင့် အသားအရေမှာ ညိုမည်းသည်။ အသက်နှစ်ဆယ်ခန့် ငယ်ငယ်ပင်ရှိသေးသည်။ စကားပြောလျှင်ပေါ့ပျက်ပျက်ပြောကာ ဣန္ဒြေတစ်စက်မှမရှိပေ။ ဆရာဝန်ကိုကြည့်ပြီး ပြုံးစိစိပြည်တည်တည်နှင့် ရယ်ဖြဲဖြဲဖြစ်နေ၍ ဆရာဝန်က မျက်နှာကြီးတည်တည်ထားလျက် ရှေ့ကဝင်သွားသည်။

တိုက်ကလေးမှာ သိပ်မကြီးလှ။ အိပ်ခန်း၊ ဧည့်ခန်း၊ ရေချိုးခန်းဒါပဲရှိသည်။ ဧည့်ခန်းတွင် ကြိမ်ကုလားထိုင်နှင့် စားပွဲရှိသည်။ အိပ်ခန်းတွင်ခုတင်၊ ခုံတစ်ခုံနှင့်ဗီရိုတစ်လုံးရှိသည်။

ဆရာဝန်က "စိန်ခင် ဆရာမကိုသွားပြောလိုက်"ဟု အမိန့်ပေးသည်ကို စိန်ခင်က ဆရာဝန်အား မျက်စောင်းထိုးလျက် မဲ့ရွဲ့ပြကာ ပြေးထွက်သွားသည်။

"ဒီမှာနေရမယ်၊ တော်တော်ကြာတော့ ဆရာမတွေလာပြီး အိပ်ရာ

mgyoe.com

mgyoe.com


ခေါင်းအုံး အကုန်စီစဉ်ပေးလိမ့်မယ်၊ အဒေါ်အတွက် အစစအရာရာ ဘာမဆို စိန်ခင်က လုပ်ပေးလိမ့်မယ်၊ ကျွန်တော်တို့ ဒီအထဲမှာ ကြာကြာနေလို့ မရဘူး၊ သွားမယ်"ဟုပြောကာ ဆရာဝန်မှာ နေရာချထားပြီး ထွက်သွားတော့သည်။

တိုက်အိမ်ကလေးတွင် လူသစ်ရောက်၍ အကျဉ်းသမများဖြတ်လျှောက်လာရင်း အပေါက်ဝက ပြူးပြူးကြည့်ကြသည်။ အမေသည် နွမ်းနယ်ကာ ကုလားထိုင်တွင် ပန်းလျစွာထိုင်လျက် ညှိုးညှိုးမှိုင်မှိုင် ဖြစ်နေသည်။

"အမေ ကောင်းတယ်နော် ... တိတ်ဆိတ်တယ်၊ ကြိုက်ရဲ့လား အမေ ..."

အမေက ခေါင်းညိတ်ကာ "ဒီမှာ အမေတို့ကြာကြာမနေဘူးနော်... လေးငါးဆယ်ရက်ပဲနေပြီး ပြန်ကြမယ် ... နော်"

အမေ့ကို ရုတ်တရက် ပြန်မပြောနိုင်အောင် တစ်ဆို့နေသည်။

"မြန်မြန်ပြန်တာပေါ့၊ အကြာကြီး ဘယ်နေမလဲ"ဟု နှစ်သိမ့်ရသော်လည်း ရင်ထဲ၌ကား မချမ်းသာ။

မျက်နှာဖြူ ဆရာမလေးတစ်ယောက်နှင့် စိန်ခင်တို့ရောက်လာပြီး အခန်းကိုပြင်ဆင်ကြသည်။ အိပ်ရာများ ခင်းကျင်းပြီးနောက် အမေ့အား ခုတင်ပေါ်ထိုင်စေသည်။ ဆရာမလေးက အမေ့ခေါင်းကို ရှင်းဖြီးကာ ကျစ်ဆံမြီးကျစ်ပေးလေသည်။ စားချိန်အိပ်ချိန် စသည့်အကြောင်း လျှောက်မေးကြည့်သည်ကို ဆရာမလေးက ခေါင်းဖြီးရင်း ပြန်ပြောပြသည်။ အမေသည် မကြည်မသာနှင့် အိပ်ရာပေါ်တွင်လှဲချလိုက်ကာ မျက်စိမှိတ်ထားသည်။

အလုပ်ကိစ္စများပြီးလျှင် ဆရာမလေးထွက်သွား၍ စိန်ခင်သာ ကျန်ရစ်ခဲ့သည်။ အပြင်ဘက် ဧည့်ခန်းသို့ စိန်ခင်နှင့်အတူ ထွက်ခဲ့ကြသည်။

"အမေ့ကို ဂရုစိုက်ပါနော် ... ကျေးဇူး မမေ့ပါဘူး ..."

"စိတ်ချပါ ... ကြည့်ပါမယ်ရှင့်၊ အဝတ်သေတ္တာကော ..."

"အပြင်မှာထားခဲ့ရသေးတယ် ...၊ ရှင်က အကျဉ်းသမားလား"

"ဟုတ်တယ်၊ ကျွန်မလင်ကို ဓားနဲ့ထခုတ်လို့ စိတ်နောက်တာနဲ့ ဖမ်းလာပြီး ဒီအထဲထည့်ထားတာ၊ (၁၈)နှစ်နေရမယ်၊ ရှာပြန်ဖို့ အပုံကြီးလိုသေးတယ်"

mgyoe.com

စိန်ခင်သည် ကိုယ်ကိုယိမ်းထိုးကာ မျက်ခုံးမျက်စချီပြီး အသံစာစာနှင့် ပြောသည်။

"ယောက်ျားကကော"

"ခုတ်လိုက်တော့ သေတာပေါ့"

စိန်ခင်အား ဆက်မမေးချင်တော့ဘဲ "ဟိုဘက်က တိုက်က ဘာလဲ" ဟု လွှဲပြောလိုက်ရသည်။

"အဲဒါ ဒုတိယခန်း၊ အရူးတွေထားတာ၊ သွားကြည့်ပါလား ကျွန်မ ဒီမှာ စောင့်နေမယ်"

စိန်ခင်၏တိုက်တွန်း ညွှန်ပြချက်အရ တစ်ဖက်က အဆောက်အဦ ရှိရာသို့ လျှောက်လာခဲ့သည်။ အခန်းများ သူ့အခန်းနှင့်သူ ခြားထားပြီး စိတ်နောက်သူများကိုထည့်ကာ တံခါးကို သော့နှင့် အပြင်ဘက်က ခတ်ထားသည်။ အခန်းထဲတွင် သံခုတင်တစ်လုံး၊ ဇီရိုတစ်လုံး၊ ကုလားထိုင်တစ်လုံးသာရှိသည်။ အရူးတွေမှာ ခုတင်ပေါ်တွင် ထိုင်ကာ လှဲကာ ငိုလိုငို၊ ရယ်လိုရယ် အဝတ်အစားကပ်သူကပ်၊ မကပ်သူမကပ်နှင့် ဖြစ်ချင်တိုင်းဖြစ်နေကြသည်။

လူလျှောက်လာသံကြား၍ လူနာမိန်းကလေးတစ်ဦး တံခါးဝသို့ ထပြေးလာသည်။ သံတိုင်ကို လက်နှင့်ဆုပ်ကိုင်ပြီး မျက်နှာနှင့်အပ်ကာ "ပြန်ခေါ်ပါ၊ လိုက်ပါရစေ၊ ပြန်ခေါ်ပါ"နှင့် ဟစ်အောက်ကာ ရှိုက်ကြီးတငင် ငိုလေသည်။ အခန်းတစ်ခန်းတွင် မိန်းမရွယ်ရွယ်တစ်ယောက် အဝတ်မကပ်ဘဲ နတ်ဝင်သလို နတ်ဒိုးကနှင့်က နေသည်။ အဆောက်အဦတစ်ခုလုံး ငိုသံ၊ ရယ်သံ၊ ရှိုက်သံ၊ ဆဲသံ၊ ဆိုသံတို့ဖြင့် ဆူညံနေပေသည်။ တရုတ်မ၊ ဗိုလ်မ၊ ဗမာမလူမျိုးစုံရှိ၍ လူမျိုးစုံစကားအသံနှင့် မသာမယာ ကျွက်ကျွက်ညံနေသည်။

ထိုအဆောက်အဦမှ ထွက်ခဲ့ကာ လူသွားလမ်းအတိုင်း အခြားအဆောက်အဦသို့ ရောက်သွားပြန်သည်။ အခန်းထဲ၌ ကြမ်းကြမ်းတမ်းမဟုတ်သော၊ ငြိမ်သက်သော စိတ်မကောင်းသူများကို သွားတွေ့သည်။ အခန်းကြီးက ကျယ်ဝန်းသည်။ စန္ဒရားလည်း ရှိသည်။ ကုလားထိုင် စားပွဲ၊ ပန်းအိုး၊ စာအုပ် စသည့် အသုံးအဆောင်များထားကာ ကျကျနန ပြင်ဆင်

mgyoe.com

mgyoe.com


ထားသည်။ အချို့က စန္ဒရားတီးနေသည်။ အချို့က စာဖတ်နေသည်။ အချို့က ကမ္ဘာ့ဌာန်းထိုင်သလို ဖြစ်နေသည်။ စိတ်ဝင်စားစရာ ကိုယ်လုပ်ချင်တာ အေးအေးဆေးဆေး လုပ်နေကြသည်။ သူတို့မှာ ယဉ်ယဉ်ကလေး နောက်နေသူများဖြစ်၍ လွတ်လပ်စွာ နေထိုင်ခွင့်ရဟန်ရှိသည်။ ပိုက်ဆံခန်းများတွင် အကြမ်းနှင့် အနုကို ခွဲခြားထားသော်လည်း သံဆန်ခါလှောင်ထားသည့် ကုသိုလ်ဖြစ် အလကားနေရသော အဆောက်အဦများတွင်ကား အကြမ်းအနု သောကောရောကော စုထည့်ထားသည်။

ဆရာမများ၊ ဆရာဝန်များသာ အထဲဝင်နိုင်သည်။ ဤတံတိုင်းထဲသို့ အပြင်က လူများကို ဝင်ခွင့်မပေး၊ ကိုယ့်လူမမာတွေ့ချင်လျှင် တံတိုင်းအပြင်က အဆောက်အဦ ဧည့်ခန်းဆောင်တွင် ထိုင်စောင့်နေရသည်။ ဆရာမများက လူမမာကို အပြင်သို့ ထုတ်လာကြသည်။ (ဆေးရုံ ဆရာဝန်ကြီး၏ ကျေးဇူးကြောင့် ကြည့်ဖူး၊ ရောက်ဖူး၊ ပေါက်ဖူးရသည်။) လွတ်လပ်စွာ အထဲ၌ လျှောက်ကြည့်နေရင်း စိတ်ထဲ၌ မချမ်းသာလှတာနှင့် အမေ့နေရာသို့ ပြန်လာခဲ့သည်။

အမေသည် မထဘဲအိပ်နေသည်။ "အမေဆာသလား"ဟု အသံပြုလိုက်မှ ထထိုင်သည်။ အမေသည် အပြင်ခန်းသို့ ထွက်ထိုင်သည်။ စိန်ခင်က အမေ့အား စကားစမြည်ပြောကြည့်သော်လည်း စိန်ခင်ကိုမကြိုက်ဘဲ မျက်နှာချင်းပင် မဆိုင်ပေ။ အမေသည် အပေါက်ဝနှင့်တည့်နေသော ထောင်တံခါးကြီးကို မျက်နှာပြုကာ ငေးကြည့်နေသည်။

ဆရာမလေးပေါက်လာကာ အမေ့အားနို့တစ်ခွက်လာတိုက်သည်။ ထိုအချိန်၌ တဒေါင်းဒေါင်းခေါက်လိုက်သော သံချောင်းသံကို ကြားရသည်။ အချိန်မှာ ငါးနာရီထိုးလေပြီ။

"ရှင်သွားတော့ အချိန်စေ့ပြီ၊ ဒီအထဲမှာ အပြင်လူမနေရဘူး"

ဆရာမလေးက အချိန်စေ့၍ အပြင်ထွက်ရန် သတိပေးလိုက်သည်။

"အဖေလည်း မလာသေးလို့ ခဏနေပါရစေဦး"

"နေလို့မရဘူး၊ သံချောင်းခေါက်နေပြီး အပြင်ကိုထွက်ပါတော့"

အမေ့ကိုထားခဲ့ကာ အပြင်ထွက်ရတော့မည်ဖြစ်၍ မချိတင်ကဲ ဖြစ်မိသည်။ အမေ့အား ဘယ်လိုနှုတ်ဆက်ရမှန်းမသိပေ။ "သွားတော့မယ်"ဟု

mgyoe.com

နှုတ်ဆက်၍ကားမဖြစ်။ သို့ဖြင့် "အမေ သေတ္တာယူဖို့ အပြင်ခဏသွားဦးမယ်နော်"ဟု လေသံပျော့ပျော့ကလေးနှင့် ပြောလိုက်ရသည်။ ဘာမှန်းမသိအောင် အမေက ခေါင်းညိတ်ကာ ခွင့်ပြုလေသည်။ အမေ့ကို မဆိုထားနှင့် လူကောင်းပင် ဤတိုင်းပြည်၌ နေချင်စရာမကောင်း၍ အမေ့အား ထားခဲ့ရမည်ကို ငိုချင်သလိုလိုပင် ဖြစ်လာတော့သည်။

ဆရာမလေးက တစ်နှင်တည်းနှင်နေသည်။ အမေ့အား အားရပါးရ စိုက်ကြည့်ပြီးနောက် တိုက်ကလေးထဲမှ လေးကန်စွာထွက်လာခဲ့သည်။ ထောင်တံခါးသို့ရောက်သည့်အခါ "သမီးရေ ..."ဟု ဟစ်ခေါ်လိုက်သော အမေ၏အသံကိုကြား၍ နောက်ပြန်လှည့်ကြည့်လိုက်သည်။

"အမေ့ကို ဒီမှာထားခဲ့တာဆို၊ အမေပါလိုက်ပါရစေ သမီးရဲ့ ... မထားခဲ့ပါနဲ့"

အမေသည် ငယ်သံပါအောင် လှိုက်လှိုက်လှဲလှဲ ဟစ်အော်ကာ အပေါက်ဝမှပြေးထွက်လိုက်ရန် ကြိုးစားနေသည်။ စိန်ခင်နှင့် ဆရာမလေးက အမေ့အားမထွက်နိုင်အောင် ဖက်ချုပ်ထားကြသည်။

"သမီးရေ ... အမေ့ကို ထောင်ချထားခဲ့တာလား၊ လုပ်ရက်လေခြင်းနော် ..."

အမေ၏အသံမှာ အသည်းနှလုံးက ပွင့်ထွက်လာသော အသံဖြစ်သည်။ ဘယ်နည်းနှင့်မျှ ရပ်ကြည့်နေ၍ မဖြစ်နိုင်တော့ဘဲ အမေ့ထံသို့ လှည့်ပြေးမည်အလုပ် တံခါးစောင့်ကုလားမကြီးက လှမ်းဆွဲထားကာ တံခါးမှ ထွက်သွားရန် အတင်းတွန်းလိုက်ပြီးနောက် တံခါးကို ဂျိုင်းခနဲပိတ်ကာ သော့ခတ်လိုက်သည်။

အမေ၏ တစာစာဟစ်ခေါ် ငိုကြွေးနေသည့်အသံမှာ တံခါးပြင်ဘက်သို့ ပေါက်ထွက်လာသည်။ တံခါးကြီးကို ကျောနှင့်ကပ်မှီကာ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် အမေ့အသံကို နားစိုက်ထားသည်။ တံခါးမှခွာသွားဖို့ရန် အားဆို၍မရှိတော့ဘဲ တံခါးကြီးကို နောက်ပြန်မှီပြီး ရပ်နေရသည်။

အမေနှင့်သမီးအား တံတိုင်းကြီး ခြားထားလိုက်ပေပြီ။

"ထောင်ချထားခဲ့တာလား"ဟူသော အမေ၏အသံမှာ နားထဲက မထွက်ဘဲ ရှိတော့သည်။

mgyoe.com